# ဆန်းသစ်ဖွဲ့ထွင်

## ဝတ္ထု ၁၂ ပုဒ်

ဇော်ဇော်အောင်၊ ဝင်းဖေ၊ သစ္စာနီ၊ မမြင့်ခိုင်၊
ကျော်စွာထက်၊ ချမ်းအေး၊ ဖြူမွန်၊ စုထား၊ ကိုဆွေ
ရဲဘုန်းခေါင်၊ မြူမြူ ၊ မင်းခိုက်စိုးစန်၊



စိတ်ကူးချိုချိုစာအုပ်

# ဆန်းသစ်ပွဲထွင်

ဝတ္ထု ၁၂ ပုဒ်

ကြည်လင်အေး–စီစဉ်သည်။

ပထမအကြိမ်၊ ၂၀၂၁

ဆန်းသစ်ပွဲတွင် ဝတ္ထု ၁၂ ပုဒ်၊ ဇော်ဇော်အောင် နှင့်အခြား…
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၄၅ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

## ဆန်းသစ်ဖွဲ့ထွင်
## ဝတ္ထု ၁၂ ပုဒ်

မြန်မာဝတ္ထုတို့၏ နှစ်ပေါင်း ၁၀၀ ကျော်ခရီးတွင် မြန်မာစာရေးဆရာများသည် ဝတ္ထုတိုကို အသွင်သဏ္ဌာန်အမျိုးမျိုး ကြွယ်ဝစေရန် ရေးသားလာခဲ့ကြပါသည်။ ဝတ္ထုတို့၏ အလှအပ ပြည့်စုံရုံမက အတွေးနဲ့ ရသပိုင်းတွင်လည်း အထူးအဆင့် အတန်းမီခဲ့ကြသည်ကို တွေ့မြင်ရပါသည်။

ယခု မြန်မာမော်ဒန်ဝတ္ထုတို စုစည်းမှုတွင် ဝတ္ထုတို ၁၂ ပုဒ် ပါဝင်နေပြီး ပါဝင်သော ဝတ္ထုတိုများ၏ အရည်အသွေး ကောင်း ဖြစ်စေရန် စာအုပ်အဖြစ် ထွက်ခဲ့ပြီး ဝတ္ထုတိုများစွာကို ပြန်လည်သုံးသပ် စုစည်းခဲ့ပါသည်။ တချို့သော ဝတ္ထုတိုများမှာမူ စာအုပ်စုစည်းမှုတွင် မပါဝင်ဖူး၍ သီးသန့်တောင်းခံ ထည့်သွင်းခဲ့ပါသည်။

မော်ဒန်ဝတ္ထုတို၏ ရသကို ကျေနပ်ဖွယ် ခံစားကြရမည်ဟု မိတ်ဆက်စကား ဆိုလိုက်ပါသည်။ ။

(၁) ဇော်ဇော်အောင်

(၁၅) ဝင်းဖေ

(၂၄) သစ္စာနီ

(၃၁) ကျော်စွာထက်

(၄၃) ချမ်းအေး

(၄၈) ဖြူမွန်

(၅၈) မမြင့်ခိုင်

(၇၆) စုထား

(၈၉) ကိုဆွေ

(၁၀၄) မင်းခိုက်စိုးစန်

(၁၂၂) ရဲဘုန်းခေါင်

(၁၂၈) မြူမြူ

ပုလဲရစ်သမ်

မေလလယ်

လူ၏ ကွန်တိုမျဉ်းများ

အားလုံးရဲ့ ကျန်းမာရေး

ပင်လယ်ငှက်ကဲ့ မျက်လုံးမီးအိမ်

သတို့သမီး ကြည့်မှန်များ မိုးတိမ်နှင့် သတို့သား

သုည

ရေခဲမြစ်

တိပ်ခွေများ

ငှက်ဖျားမိသူများ

လရောင်အဝေး...

သူ ကျွန်မသိသော

# ပုလဲရစ်သမ်

## - ဇော်ဇော်အောင် -

အခန်း (၁)

ရှည်လျားမှုန်သီလှစွာသော အနမတဂ္ဂ ဘဝသံသရာနှင့် နှိုင်းစာပါလျှင် ဘဝတစ်ခုသည် မြူမှုန်စိတ်ငယ်မျှသာ။ အရေးပါအရာရောက်သည်ဟု ထင်မှတ်ထားသူတို့သည် တစ်စစီပြန့်ကျဲနေသော အကြောင်းကျိုးဆက်တို့ကြောင့် ယှက်တွဲနေသည်ဟုထင်ရသော ဘဝ၏ အစိတ်အပိုင်းများကို ပြီးပြည့်စုံသော၊ လှပတင့်တယ်သော အရာတစ်ခုဖြစ်လာစေရန် ကြိုးပမ်းနေကြသည်။ သူတို့သည် ခုနစ်ရောင်သက်တံကို ပန်းပုထုလုပ်ရန် ကြိုးပမ်းနေကြသူများ ဖြစ်၏။ ကျွန်ုပ်၏ စူးဆောက်ကိရိယာတန်ဆာပလာများသည် ရောင်စဉ်တန်းကို ဖမ်းမမိခင်မှာပင် ပျောက်ဆုံးခဲ့သည်ဖြစ်၍ ထိုထို ပျောက်ဆုံးခဲ့သည်၏ အဖြစ်ကြောင့် အများနှင့်စာသော် တော်ပါသေး၏ဟု ဖြေရန်ကြံစဉ်ခဏမှာပင် တစ်စုံတစ်ယောက်က ရယ်မောလေတော့၏။

ထိုအခိုက် လောက၏ သင်ပုန်းပေါ်တွင် လှပဝိုင်းစက်ဆူဖြိုး သောသုညတစ်လုံးကို မြင်လိုက်ရ၏။ ထိုအခါသည် အရာအားလုံး၏ အစဖြစ်သည်ဟု တစ်စုံတစ်ယောက်က ပြောလာသည်ကို နားမရှင်း၍

ထပ်မေးဆဲမှာပင် ထိုအရာသည် အရာအားလုံး၏ အဆုံးဖြစ်သည်ဟူသော ပုံတင်သံကို ကြားလိုက်ရသည်။ အချည်းနှီးသော၊ အနှစ်မဲ့သော၊ ဗလာဖြစ်သော သဘောများသည် မိုးသက်နှင်းများပမာ ဖြည်းညင်းစွာ ဝဲပျံကျဆင်းလာ၍ တန်ဖိုးတစ်ရပ်ကို တည်ထောင်ဖန်ဆင်းလိုက်ကြလေသည်။ တန်ဖိုးရှိသောအရာနှင့် တန်ဖိုးမဲ့သောအရာဟူ၍ သီးခြားသတ်သတ်မရှိအပ်ဘဲ ယင်းတို့နှစ်ခုနှင့် နှိုင်းယှဉ်ချက်သာ ရှိအပ်သည်ဟူသော အယူအဆကို လက်ခံရလေမည်လား၊ ငြင်းပယ်ရလေမည်လား၊ ခေါင်းခဲနာကျင်စွာ စဉ်းစားမိသည်။

လောက၏ သင်ပုန်းပေါ်မှ သုည အမှန်တကယ်ရှိကြောင်း ကျွန်ုပ်မြင်နေရသောကြောင့် တာဝန်ယူရဲပါသည်။ သုညတွင် တန်ဖိုးများရှိကြောင်း လူအချို့ မသိရှာကြ။ ရေကန်ဘေးတွင် ပိတောက်ပန်းများပွင့်နေကြပါသည်။ မိုးငွေ့ဖြင့် သိပ်သည်းသော အပြာရောင်လေထုကိုခွဲ၍ ပိတောက်ရနံ့သည် ရင်ထဲသို့ ပြေးဝင်လာ၏။ ကလေးဘဝ သင်္ကြန်အခါကိုလည်းကောင်း၊ လွဲခဲ့ရသော အချစ်ဟောင်းကိုလည်းကောင်း၊ အပျော်ဆုံးနေ့ကိုလည်းကောင်း ထိုပိတောက်ပန်းရနံ့သည် ကျွန်ုပ်ထံသို့ယူဆောင်လာမြဲဖြစ်သည်။ သင်္ကြန်ကျလုနီးပြီလား၊ ကျပြီးသွားပြီလားမသိပါ။ ကျွန်ုပ်သည် နေ့စွဲ၊ ရက်စွဲ၊ ခုနစ်သက္ကရာဇ်များနှင့် ပတ်သက်၍လွန်စွာ အမှတ်သညာ နည်းပါးသူဖြစ်သည်။ သို့သော် ထိုနေ့ကားမိုးရွာနေသည်။ ။

## အခန်း (၂)

ထိုနေ့က မိုးရွာသည်။ မိုးစက်များသည် အံ့ဩဖွယ်ရာ ပူနွေးနေ၏။ မျက်စိတူရူမှ မိုးစက်များကို မှတ်သားလိုက်ကြည့်နေရင်းမှပင် ပျောက်ကွယ်သွားသည်။ မိုးစက်များ အဆက်မပြတ် ကျနေသည်မှာ အမှန်ပင်

ဖြစ်ပါသည်။ ရုတ်တရက် ပူရာမှ အေးမြသွားသောကြောင့် နိုင်လွန် ကတ္တရာလမ်းမသည် အငွေ့ခြောင်းခြောင်းထလျက်၊ မြေပြင်ပေါ်မှ ချောင်း ငယ်ကလေးများသည် မြက်ပင်များ၊ အမှိုက်သရိုက်များကို တိုးဝှေ့စီးဆင်း နေကြသည်။

အချိန်ကာလနှင့် နေရာဒေသများ မှားယွင်းတွက်ချက်မိသော ငှက် တစ်ကောင်သည် ထိတ်လန့်ပျံသန်းနေ၏။ မိုးရာသီကို သူသိဖို့ ကောင်း ပါသည်။ ကျွန်ုပ်တို့ စကားတစ်ခွန်းမှ မပြောဖြစ်ကြ။ ရက်လ နှစ်ပေါင်း များစွာ ကြာမြင့်တင်ကျန်ရစ်သော ကြေးညှော်အထပ်ထပ် စွန်းထင်းပေကျံ နေသည့် စားပွဲပြင်ကို လက်ချောင်းဖြူဖြူသွယ်သွယ်ကလေးများက တဒေါက်ဒေါက် ခေါက်လျက်ရှိ၏။ မီးဖိုပေါ်မှ ပွက်ပွက်ဆူနေသော ရေနွေးအိုး၏အသံကို ကြားနေရသည်။ အငွေ့များသည် ပိတ်ထားသော အဖုံးကို တွန်းကန်နေကြ၏။ လောလောလတ်လတ် ထည့်ထားသော မီးသွေးခဲကို မီးစွဲလောင်သောအနံ့ မွှေးပျံ့စွာရလိုက်၏။ ခြောက်သွေ့ သော မီးသွေးခဲကို စွဲလောင်နေသောအသံလည်း ဖျတ်ခနဲ ကြားလိုက်ရ သေး၏။ ကျွန်ုပ်တို့ စကားတစ်ခွန်းမှ မပြောဖြစ်ကြ။ တိတ်ဆိတ်သော ဘာသာစကားသည် စပ်စပ်စုစုလုပ်တတ်သော ဘာသာဗေဒပညာရှင်များ အား တိတ်ဆိတ်စွာငေါက်ငမ်းနေသည်။ မပြောမီက သိပြီးဖြစ်နေလျှင် လည်း ပြောရန်မလိုအပ်ဘဲ ရှိနေတတ်ပါသည်။ ပြုံး၍ကြည့်နေသော မျက်လွှာကို ထိုအကြည့်သည် ရင်ကိုခွဲ၍ ထွင်းဖောက်သွားသည်ဟု ခံစားလိုက်ရသည်။

ကျွန်ုပ်၏ ခန္ဓာကိုယ်အတွင်းသို့ အဝါရောင်လျှပ်စစ်များ စီးဝင် သွား၏။ သတ္တုကရားအိုးထဲမှာ စိမ်းဖန့်ဖန့် လက်ဖက်ခြောက်အရောင် များသည် စားပွဲပေါ်တွင် အရိပ်ထင်နေသည်။ ရွှန်းလဲ့သောမျက်လုံးများ သည် တစ်စုံတစ်ရာကို ပြောကြားရန် ကြိုးစားနေသည်ဟု ထင်မိသည်။

အမှန်စင်စစ် ထင်မိခြင်းသည် ထင်မိခြင်းဖြစ်၏။ မလိုအပ်ပါဘဲလျက် ကျွန်ုပ်သည် ကုလားထိုင်ကို အနည်းငယ်ရွှေ့၍ နေရာပြင်ထိုင်သည်။ ရွှေချည်ထိုးပိုး လုံချည်တစ်ထည်သည် ကျွန်ုပ်ရှေ့က လက်ဖက်ရည်ခွက်ထဲသို့ ကျသွား၏။ နီရဲစေးပျစ်၍ အပေါ်ယံ အရည်ခွံတင်းနေသော လက်ဖက်ရည်အတွင်းသို့ ကျလျှင်ကျချင်း နစ်မြုပ်သွားသည်။ ကျွန်ုပ်သည် ပိုးလုံချည်ပါသော လက်ဖက်ရည်ငန်ပျပျကို မော့သောက်ချလိုက်၏။ စေးပျစ်ချွဲကျသော အချိုဓာတ်ကို လျှာက အချိန်အတော်ကြာ မနှစ်မြို့ဖွယ်ရာ ခံစားနေရသည်။ အမှတ်မထင် တွေ့ထိလိုက်သော လက်ချောင်းများက မကြေညာသော အချစ်ကို ကားစင်တင်၍ ကွပ်မျက်လိုက်၏။ နောက်ထပ် ဆယ့်နှစ်မိနစ် ကြာသောအခါ မော်တော်ကားတစ်စင်း လာ၍ သူ့ကိုခေါ်သွားသည်။

ထိုစဉ် ကမ္ဘာပေါ်ရှိ နာရီအားလုံး ရပ်တန့်သွား၏။ မော်တော်ကား တာယာစွပ်ထားသော တောင်ဆိတ်တစ်ကောင်၏ ရပ်လုံးသည် ကမ္ဘာ ကျော်သွားသည်ဆိုပါလျှင် သူထိုင်သွားသော ကုလားထိုင်တစ်လုံး၏ ကင်းမဲ့ခြင်းကို ပန်းချီဆရာ ခင်မောင်ရင်အား ပြောပြ၍ ကားတစ်ချပ် အပ်နှံချင်သည်။ အိပ်မက်အချို့သည် ထူးခြားစွဲမက်ဖွယ် ရယ်စရာဟာသများဖြစ်၏။ လက်ဖက်ရည်ပန်းကန်ထဲမှာ ဇလဲထော်ပန်းများ ပွင့်နေသည်။ မာလကာပင်ပေါ်မှ ခရမ်းရောင်ပန်းပွင့်များ တဖြုတ်ဖြုတ် ကြွေကျနေပြန်၏။ သူပြန်သွားပြီ။

စားပွဲအောက်မှ စားကြွင်းစားကျန်များကို ရှာဖွေစားသောက်နေသော ခွေးတစ်ကောင်ရှိသည်။ ကျွန်ုပ်၏ မျက်လုံးထဲမှာ မိုးရေတို့ဖြင့် စိုစွတ်ပျော့အိနေသော အနက်ရောင်ထီးတစ်လက်ရှိသည်။ ညနေခင်းမှာ ကျနေရောင်သည် အစိမ်းရောင်တောက်နေ၏။ ကျွန်ုပ်သည် မိုးစက်မှုန်တွေကြားမှာ စုတ်ချာယိုင်ရွဲ့သော လက်ဖက်ရည်ဆိုင်ကလေး

တွင် နာရီတစ်သောင်း လက်ဖက်ရည်ရပြီဖြစ်ကြောင်း သို့မဟုတ် နို့ဆီကုန်သွားပြီဖြစ်ကြောင်း ထူးဆန်းစွာ အချက်ပေးတတ်ပါသည်။ မိုးစဲသွားပြီလား။ ။

အခန်း (၃)

မက်ရှာဂါးလ်၏ ပန်းချီကားထဲက လက်ညှိုးတစ်ချောင်းသည် အတောင်ပံခတ်၍ နေရာအနှံ့ ပျံသန်းသွားနေ၏။ သိသည်ဟု ထင်ထားသူများ ဆူညံစွာ စကားပြောနေကြသည်။ သူလုပ်သမျှ ပြောသမျှ တွေးကြံသမျှ ဟုတ်သည်မှန်သည် ထင်နေသူကိုလည်း ထင်ပါစေ။ အဝါရောင် ကုလားထိုင်ကြီးပေါ်မှာထိုင်၍ ကျွန်ုပ် ဆေးတံသောက်နေပါမည်။ သိခြင်းသည် သိသည်ဟု ထင်နေခြင်း၏ အထက်တွင် ရှိသည်။ မိုးတိတ်စရောင်ခြည်သည် ရွှေရောင်နုနေ၏။ ကျောက်ဖြူသားထိုင်ခုံပေါ်မှာ တောင်ဇလပ်ပန်းများ လွင့်နေသည်။ ရနံ့မွှေးမွှေး အေးမြလှသည်။ သည်နေ့ သူ ကျွန်ုပ်ထံ လာသည်။ ကျွန်ုပ် မှန်းတီးလှသော အနီရောင်ဇာပွင့်အင်္ကျီကို ယောလုံချည်အနက်နှင့် သူတွဲဖက် ဝတ်ဆင်လာ၏။ အမိုက်မကို ကန့်ကွက်ရန် စိတ်ကူးရုံမျှနှင့် ကျွန်ုပ် ပါးစပ်ထဲမှာ ဇာပွင့်များ ပြည့်သွား၏။ သို့သော် သည်ကနေ့ သစ်ခွပန်း တစ်သောင်း တစ်ပြိုင်နက်ပွင့်၏။

သူ ကျွန်ုပ်ထံသို့ လာ၏။ ကျွန်ုပ်သည် သူနှင့်အတူ ရှိနေ၏။ အတူတကွရှိနေခြင်းသည် ဆုလာဘ်တစ်ပါးဖြစ်၏။ မင်္ဂလာဖြစ်၏။ မည်သူလဲမသိပါ။ မိန်းမငယ်တစ်ယောက်သည် အမေရိကန်သီချင်းတစ်ပုဒ်ကို အတုလုပ်၍ ဆိုနေသည်၊ ဆိုပါစေလေ။ နေ့လယ်ခင်းမှာ လမင်းသားသည် တိတ်ဆိတ်သော ကန်ရေပြင်ထက်မှာ လရောင်ခြည်များ ငိုက်မျဉ်းနေကြသည်။ လည်ဆံမွှေးတခါခါနှင့် ဖြည်းညင်းစွာ

ပြေးလွှားနေသော မြင်းဖြူကောင်ကြီးတစ်ကောင်သည် ကျွန်ုပ်၏ ဘယ်ဘက်မျက်လုံးထဲသို့ ဝင်သွား၏။ ကြေးနီရောင်တောက်ပသော မောင်းသံကို ကြားရသည်။ ရင်ထဲမှာ စိမ်းပြာရောင်၊ ရွှေရောင်တောက် ပနေသော ငှက်တစ်ကောင် အတောင်တဖျပ်ဖျပ် ခတ်နေ၏။

ဟိုအရပ်ဝေးဝေး တောင်ပင်လယ်တစ်ဖက်စွန်းမှ မိုးခြိမ်းသံ သဲ့သဲ့ ကြားရ၏။ ငါးညှီနံ့သင်းသော မိုးသက်လေပြည်သည် သမုဒ္ဒရာ ခုနစ်စင်းကို ဖြတ်လာသည်။ ဖန်ပေါင်းချောင်ထဲမှာ ကြာညိုပန်း တစ်ပွင့် အနားပွင့်ဖတ်များ လန်၍ ပွင့်နေသည်။ ထင်းရှူးပင်များသည် မားမား ကိုင်းကိုင်းရပ်လျက် ကျွန်ုပ်ကို အုပ်မိုးကြည့်နေ၏။ ခဲတံသည် ခဲသားပွန်၍ ခဲဆန်မကြာ ခဏကျိုးသည်။ သံဂဟေဆော်သော ဂေါက်တံမှ အပြာ ရောင်မီးပွင့်များ လွင့်စဉ်ဖြာထွက်နေ၏။ ဤနေရာတွင် လသာနေသော် လည်း တစ်နေရာရာတွင် မိုးရွာနေဟန် တူပါသည်။

ခဲသားရောင်ထနေသော မိုးကောင်းကင်ပြင်ကျယ်ကို ဗျိုင်းဖြူ တစ်အုပ် ဖြတ်၍ ပျံသန်းသွားသည်။ အုန်းလက်ပေါ်သို့ မိုးရေကျသော အသံသည် စည်းချက်မှန်လှ၏။ တောင်ကျချောင်းရေသည် အရှိန်ပြင်း သည်။ သော်ကရွက်နုများ နီမြန်းနေကြဆဲပင် ရှိပါသည်။ ဝက်သစ်ချ ပင်တွင် ချည်နှောင်ထားခဲ့သော ဖဲကြိုးတစ်စသည် ကျွန်ုပ်၏လည်ပင်း ကို တင်းတင်းရစ်နှောင်ပတ်လေတော့သည်။ တောင်ကမူစောင်းမှ ဒေါန ပန်းခင်းကို လေညင်းဖြတ်၍ တိုက်ခတ်သွားသည်။ ပန်းနုရောင် ရသများ စိမ်းကားအေးစက်စွာ တစ်ရပ်တစ်ကျေးသို့ ထွက်ပြေးသွားပြီးသည့် နောက်တွင်မှ တစ်ကျော့ပြန် စိတ်ပြောင်းကာ ကျွန်ုပ်ရှိရာသို့ လာကြ၏။ တယောသံနွဲ့နွဲ့ကို ခပ်သဲ့သဲ့ အေးကြည်စွာ ကြားရပြန်သည်။ အောင် မင်္ဂလာသိင်္ဂါဆောင်ဖွေ။ နံရံထက်မှာ ခင်မောင်ရင်၏ အမည်မဲ့ ပန်းချီ ကားတစ်ချပ် ရှိ၏။ အခန်းထောင့်မှ အပြာရောင် မီးအုပ်ဆောင်းနှင့်

မီးလုံးသည် မထွန်းဘဲနှင့် လင်းနေသည်။ ပုပ္ပားတောင်ပေါ်မှာ စကားဖြူပင်များရှိ၏။ ဖြူဝါသော စကားဝါပွင့်များ လေအဝှေ့တွင် သဲသဲရုတ်ရုတ် ကြွေကျလာ၏။

တောင်လောက်မြင့်သော ပန်းပွင့်အပုံကြီးအောက်တွင် ကျွန်ုပ်၏ဦးခေါင်းသည် မွန်းကျပ်စွာ ရှိနေသည်။ မီးခိုးရောင် ပုရွက်ဆိတ်များ တရွရွ လာနေသကဲ့သို့ ကြမ်းပြင်ပေါ်မှာ ဆေးလိပ်များ ပျံ့လွင့်နေ၏။ ကုန်းပြင်မြင့်ပေါ်တွင် လေထန်လွန်းသည်။ ငှက်မွေးတစ်ချောင်းပမာ လေထဲတွင် ကျွန်ုပ် လွင့်ပါသွားသည်။ မှောင်မည်းထိန်လင်းသော နေဆယ်စင်းသည် အနောက်မိုးကုပ်စက်ဝိုင်းအစွန်းသို့ ခုန်ဆင်းငုပ် လျှိုးသွားကြသည်။ ငွေဆည်းလည်းသံများ တချွင်ချွင် ကြားရ၏။ မောင့်လပြည့်ဝန်းသီချင်းကို မည်သူ ပြတ်တောင်းပြတ်တောင်း ဆိုနေပါသနည်း။ ပြတင်းပေါက်ကို ဖွင့်လိုက်စမ်းပါ။ တစ်စုံတစ်ယောက်ရယ်...၊ ပြတင်းပေါက်ကို ဖွင့်လိုက်စမ်းပါ။ ။

## အခန်း (၄)

သရက်ပင်ထိပ်ဖျား စိမ်းမြရွက်နုကြားတွင် စားပွဲတင်နာရီနှင့် လူခေါ်ခေါင်းလောင်းများ ချိတ်ဆွဲထား၏။ လွယ်အိတ်ထဲမှ ပညာများသည် လေးအိတွဲကျနေသည်။ ကျွန်ုပ်သည် မြေကြီးပေါ်သို့ လက်ညှိုးဖြင့် စာလုံးများ ရေးနေ၏။ ဝါကျတစ်ကြောင်း မပြည့်မီ ကျွန်ုပ်ရှေ့က မြေကြီးသည် နိမ့်ကျပျောက်ကွယ်သွား၏။ အမှန်စင်စစ် ဘယ်သူမှ ဘာမျှမဟုတ်ကြကြောင်း ရှင်တော်မြတ်ဘုရား ဟောခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကြာခဲ့ပြီ။ လူအများသည် ဟုတ်ယောင်ထင်မှုကို ကိုးစား၍ ချိုမြိန်စွာ ယစ်မူးနေကြသည်။ စူးရှသော အမှန်တရားကို သံသရာတံတိုင်းက ခြားထား၏။ ဆေးတစ်အိုးကျွမ်းပြီ။ ကွမ်းတစ်ယာ

မညက်မီ ရေတစ်ခွက် ရှာကြပါလေ။

စာအုပ်တစ်အုပ်ကို လှန်ကြည့်သောအခါ စာရွက်၏ လက်ယာဘက် အထက်နားတွင် စာမျက်နှာဂဏန်းများ တပ်ထား၏။ ဂဏန်းများ ကြီးလာသည်နှင့်အမျှ စာအုပ်ပြီးဆုံးတော့မည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာဂဏန်းများ ခုန်ကျော်မှားယွင်း၍ တပ်ထားခြင်းသည် စာအုပ်တစ်အုပ် ပြီးတော့မည်ဖြစ်ကြောင်းကို ဟန်ဆောင်လိုက်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်၏ ဘဝစာအုပ် မနက်ဖြန်တုန်းက ကျပျောက်ခဲ့ပြီ။ သူနှင့် မတွေ့ရသည်မှာ နှစ်ဆယ့်ရှစ်နှစ်ကြာပါပြီ။ ရှားပါးသောအပြုံးကို ပြုံးတတ်သည့် ထိုမိန်းမသည် လျှို့ဝှက်သော ဒေင်ဥယျာဉ်အတွင်းဝယ် ကနေရိုင်ကက်ကလေးကို အစာကျွေးနေသည်လား ထင်မှားဝန်တိုမိသည့် သူ့ခြေဖမိုးသည် ကိုးနှစ်တာ ကြာမြင့်ခဲ့သော အချစ်ကဲ့သို့ နူးညံ့သိမ်မွေ့လှ၏။ အပူအပင်ကင်းတဲ့ ကလေးဘဝ ပြန်ရချင်သူနှင့် ကျွန်ုပ် သဘောချင်းမတိုက်ဆိုင်ဟု ထင်ပါသည်။ ရေခဲတုံးသည် ဖန်ခွက်ထဲတွင် ပျင်းရိသန်းဝေစွာ အရည်ပျော်လျက် ရှိ၏။

လေပူပူများ ဝန်းဝေ့တိုက်ခတ်လာသောအခါ ကံ့ကော်ရွက်များ ကြွေပြုတ်၍ ပင်ခြေရင်းတွင် အထွေးလိုက် ထပ်နေ၏။ မေ့လျော့ သတိချွတ်သော သစ်ပုပ်ပင်သည် ဥသြနှင့် ကျီးကန်းငှက်ကို ခွဲခြား၍ မသိတော့။ ကျွန်ုပ် ထမ်းပိုး၍ သယ်ဆောင်လာသော အိတ်ထဲတွင် သောကများ အပြည့် လေးလံနေ၏။ သောကများကို မြေတွင်ဖြန့်ခင်း၍ ရောင်းချသော နေရာတစ်နေရာ ဘယ်မှာရှိသနည်း။ ဤရွှေရေးလှပသော ယွန်းပန်းချီခြယ်ထားသည့် အုပ်ထဲတွင် ဘာမှမရှိ။ ဈေးထဲမှာ လူရှုပ်လှသည်။ ကျွန်ုပ် အဝေးသို့ သွားပါမည်။ ပင်ပန်းနွမ်းနယ် အိပ်ချင်မှုတို့ ဖိစီးလှသောကြောင့် ကျွန်ုပ်ကိုယ်ကျွန်ုပ် ပစ်လှဲချ၍ အိပ်စက်ရန် နေရာတစ်ခုလည်း ရှိရပါဦးမည်။ ထိုနေရာကို ရှာမတွေ့မချင်း သူလိုက်လာသည် မလာသည်

အပထား၊ ကျွန်ုပ် ပင်ပန်းသည် မပင်ပန်းသည် အပထား၊ ဆက်၍ သွားနေရပါဦးမည်။ ခြေဖဝါးများသည် ခရီးရှည်ဖြင့် ထုံကျဉ်နေပါသောကြောင့် လမ်းပေါ်မှာ ကျောက်စရစ်ခဲ၏ အတွေ့အထိ၊ မသိတော့ပါ။ မပိုင်ဆိုင်သောအချစ်သည် လိုက်ပါမလာ၊ ပိုင်ဆိုင်သူ၏ အနားမှာပင် နေ၏။ အပြာရောင်မိုးပွင့်များ ကျလာပြန်ပြီ။ ။

အခန်း (၅)

ကျွန်ုပ် ဤနေရာသို့ ရောက်မလာမီပင် ဤနေရာသည် ရှိနှင့်နေ၏။ ထိုနေရာတွင် စားပွဲတစ်လုံးရှိ၏။ ထိုစားပွဲသည် ကြမ်းပြင်ပေါ်တွင် ပြောင်းပြန်ပက်လက် ရှိနေ၏။ မိုးသို့မျှော်နေကြသော စားပွဲခြေထောက်လေးချောင်းမှ ရေခိုးရေငွေ့များ တရှုံးရှုံး ပန်းထွက်နေသည်။ ဤနေရာသို့ ကျွန်ုပ် မည်သို့ ရောက်ရှိလာသနည်း။ ဤနေရာလျှင် သည်မှာသည်သို့ ဘယ်သူပို့၍ ငါတို့ရောက်နေသည် မသိချေပြီ။ တွေဝေဒွိဟသံသယကို သောကများက လွှမ်းပြန်သည်။ လက်ခုပ်ဖြင့် ခပ်ယူခဲ့သော စမ်းရေကြည်သည် ယိုကျ တစိမ့်စိမ့်ထွက်၍ ကုန်ခဲ့ပြီ။ အေးစက်သော လေပွေထဲမှ လူများ၊ ယောက်ျားများနှင့် မိန်းမများ၊ စက္ကူစုတ်များ ဝေ့ဝိုက်လွင့်ပျံ မျောပါနေကြသည်။ ပန်းပေါင်းတစ်ရာ၏ ရနံ့ဖျန်းသတ်ချင်မှ ဖျန်းသတ်ပါ။

အရေးကြီးဆုံးသော ပြတင်းပေါက်ကို ဖွင့်ဖြစ်အောင်ဖွင့်ခြင်း သာ ဖြစ်ပါသည်။ သိက္ခာရှိသော အသိပညာရနံ့များ၊ ရိုန်းမြသော ကိုယ်သင်းနံ့များ၊ ပုပ်ဟောင်သော အတင်းအဖျင်းစကားများ၊ သူသယ်ဆောင်လိုသော အရာများကို သယ်ဆောင်၍ လေညင်းအေးမြလာပါစေ။ သူလာလိုက လေညင်းအေးမြလာပါစေ။ ကျွန်ုပ်အဖို့ အကြောင်းမထူးပါ။ ပတ္တမြားစီ ရွှေပေချပ်ကို မြကလပ်တွင်တင်၍ ပူဇော် ရွတ်ဆိုနေကြသံကို

ကျွန်ုပ် မကြားရတော့ပါ။ အိပ်မက်ထဲက ပန်းအိုးထဲမှာ ခရမ်းရောင် သစ်ခွပန်းတစ်ပွင့် ရှိ၏။ ပန်းအိုးထဲမှာ ရှိသည်လား။ လောကထဲမှာ ရှိသည်လား။ ဤခရမ်းရောင်သစ်ခွပန်းသည် လမ်း ကြိတ်စက်တစ်ခု မဟုတ်။ ကျောရိုးတစ်ချောင်းမဟုတ်။ ကြွေးစာရင်း စာရွက်တစ်ရွက် မဟုတ်။ ပျက်ပြယ်သွားသော စာချုပ်တစ်စောင် မဟုတ်။ ကြက်ဥပြုတ် တစ်လုံးမဟုတ်။ သစ်ခွပန်းတစ်ပွင့်သာဖြစ်ကြောင်း ကျွန်ုပ်မက်သော အိပ်မက်က အသေအချာ ရှင်းပြ၏။

မနာလိုဝန်တိုတတ်သူတစ်ယောက် လာနေပြန်ပါပြီ။ သနားသဖြင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏အိပ်မက်ကို တစ်နေရာရာမှာ ဖွက်ပေးကြပါ။ နေခြည် ထဲက မြပုလဲတက္ကသိုလ်သည် ဝေးလံသော အရပ်တစ်ပါးမှာရှိ၏။ ရယ်မောသံများကို ကြားနေရသော်လည်း မကြားရပါ။ အနေးပြ ရုပ်ရှင် ကားတစ်ခုပမာ ကျွန်ုပ်၏အိပ်မက်သည် တစ်စစီ ကွဲပြိုသွားပါသည်။ လွမ်းလိုက်တာ မာရီယာရယ်။ ။

## အခန်း (၆)

လေးဆယ့်သုံးကြိမ် ထပ်ကာထပ်ကာမက်သော အိပ်မက်သည် ဆာရီယယ်လစ်ပန်းချီကား တစ်ချပ်ထဲမှာ နစ်မြုပ်ပျော်ဝင်သွား၏။ လောကသုံးပါး၏ လက်ဝါးပြင်ပေါ်တွင် အမြော်အမြင်ရှိသော မိန်းမ သည် ခရမ်းရောင်ဝတ်စုံကိုဝတ်၍ တစ်သန်းသော အသရေဖြင့် ရပ်နေ ၏။ ခြသေ့်တစ်ကောင်၊ မယ်ဒလင်တစ်လက်နှင့် အိပ်နေသော ဂျစ်ပစီ လူမျိုးတစ်ယောက်သည် ထောပတ်ရောင်ထွက်နေသော လမင်း အလင်း ရောင်အောက်တွင် ရှိ၏။ သမင်မျက်လုံးထဲမှာ စကြဝဠာ ဆယ်ခုစာ ကျယ်ပြန့်သော မြင်ကွင်းကို တွေ့ရမည်။ အောက်မေ့သတိရဖွယ် ခန်းမ ဆောင်အတွင်းမှာ ရေလှိုင်းပြာပြာများ လွင့်နေ၏။ ဘယ်ကိုသွားသလဲ။

ဘယ်ကိုသွားကြပြီလဲ။

အခန်း (၇)

ရေကန်နားတစ်နေရာတွင် ကံ့ကော်ပင် ဆယ့်သုံးပင်သည် ခရမ်းရောင် မှုန်မှုန်ဝေသော နားမလည်မှုများအဖြစ် ပြောင်းလဲသွားပြန်သည်။ လျှပ်စစ်ဂီတ၏ဘေးတွင် အဝါရောင်မြင်းကလေးတစ်ကောင် ရပ်နေ၏။ မိလ္လာပိုက်ကြောင့် အချစ်ငိုကြွေးသောအခါ အရောင်ပြိုးပြက်သော မိုးကုပ်စက်ဝိုင်း ပေါ်ထွန်းလာ၏။ ဘယ်တုန်းက တို့ကိုစ၍ ချစ်ခဲ့မိသလဲ။ မနှစ်ရှေ့ကလား။ ကျန်ခဲ့သော ကိုးနှစ်ကလား။ အချိန်ကာလသဘောကို ပန်းများ ကျဲဖြန့်ထားသော ဒါလီ၏ အုတ်ဂူအနီးတွင် မြှုပ်နှံရန် ဆင်စွယ်ခေါင်းနှင့်ထည့်ကာ အနက်ရောင်ရထားဖြင့် သယ်ဆောင်သွားကြပြီ။

ဟိုမှာကြည့်စမ်း အချစ်။ မင်းကို လက်ဆောင်ပေးမည်ဟု ဘယ်တုန်းကမှ ကတိမပေးခဲ့သော နှင်းဆီဥယျာဉ်တစ်ခု။ လေထုသည် ခေတ်ပြိုင်အတွေးအခေါ်များနှင့် မွှေးကြိုင်နေသည်။ အဖြူရောင် လိပ်ပြာတစ်သောင်းသည် အဲချင်းသီ၍ ဝဲပျံနေကြ၏။ အဝါနှင့် အနီစင်းများပါသော ရွှေငါးကလေးများ အင်ကြင်းပင်ပေါ်မှာ နားနေကြ၏။ ပိတောက်ပန်းများ၏ ခြေသံကို နားထောင်ရင်း၊ ရွှေရောင်နေခြည်ကို သောက်သုံးရင်း၊ ခေတ်ပေါ်မြန်မာကဗျာအကြောင်းကို ဆွေးနွေးရင်း၊ ဇာတ်လမ်းမပါသော ဝတ္ထုနှင့် အရာဝတ္ထုမပါသော ပန်းချီ အကြောင်း ငြင်းခုံရင်း အတောမသတ် ရယ်မောမွေ့လျော်ကာ ဤသစ်မြစ်ပေါ်မှာ ထိုင်ကြမည်။ ရေညှိတက်သော လှေကားမှတစ်ဆင့် သုံးထပ်အမြင့် အဆောင်ပေါ်က ဆင်းခဲ့ပါ။ ပူနွေးဖြူဆွတ်သော မိုးပေါက်များ ကျလာသောအခါ ထိုနေရာတွင် တောင်တန်းများလောက် မြင့်မားသော တို့နှစ်ယောက် လက်ချင်းတွဲ၍ ကခုန်မြူးထူးကြမည်။ ပင်အပ်တစ်ထုပ်၊

ပျို့ဟောင်းတစ်စောင်၊ ပိုးဟပ်တစ်ကောင်နှင့် ခဲနီ ပြာတံကို အံဆွဲထဲမှာ ထည့်ပိတ်သိမ်းခဲ့ပါ။ ကြည်အေးကဗျာနှင့် သစ်ချတောင်ဆရာတော်၏ စကားပြေကို မဖတ်ဖူးကြသူများအတွက် ငုံကွက်နောက်ဆံတင်းစရာ မမြင်ပါ။

ကျယ်ပြန့်သော သစ်ပင်ရိပ်အေးမြမြတွင် ခေတ်ပေါ်ဂီတသံစဉ်များ ပြန့်ကျဲနေ၏။ ကိုယ့်အကြောင်းကိုယ် အကောင်းပြောသူများ၊ သူတစ်ပါးအကြောင်း မကောင်းပြောသူများ၏ နှုတ်ထွက်အနံ့များဖြင့် ထုံမွှမ်းအပ်သော ထိုအရပ်ဒေသကို တစ်ယောက်ယောက်က တစ်နေ့နေ့တွင် နွားနို့သုံးမြူ ရေသုံးမြူဖြင့် ဆေးကြောသန့်စင်လာပါလိမ့်မည်။ သစ်ပင်ပေါ်က တောက်တဲ့သည် ဇီးကွက်လောက် မျက်လုံးမပြူးသော်လည်း သတင်းစာကို အော်ကျယ်ဟစ်ကျယ် ဖတ်တတ်၏။ အုံ့မှိုင်းသော စိုးရိမ်စိတ်များကို လက်ဖြင့်ဖယ်ရှား၍ စနေဂြိုဟ်၏ တတိယ ခါးပတ်တွင်းပိုင်း တစ်နေရာမှာ ထားလိုက်ပါ။ လူသား၏ ကြီးကျယ်မြင့်မြတ်မှုကို ပြသရန်မှတစ်ပါး အခြားတာဝန်ဟူ၍ အနုပညာမရှိဟု ကျွန်ုပ်ယူဆခြင်းနှင့်ပတ်သက်၍ မည်သူ့ကိုမျှ အားနာရန်မလိုပါ။ ကြောက်ရွံ့ရန်မလိုပါ။ တောသုံးတောင်ကုန်အောင် ကျက်စားသော ကေသရာဇာခြင်္သေ့မင်းကို ကြွက်တွင်းထဲသို့ ဆောင့်သွင်းလိုက်သောအခါ လောကသည် အသံရှည်လျားစွာ ရယ်မော၏။ မြေခွေးများသည် ရက်ဗလွန်အမျိုးအစား လက်သည်းဆိုးဆေးပုလင်းကို ဖွင့်နေကြ၏။ သူကဘာလဲ။ ဟုတ်ယောင်ထင်မှုသည် လှည့်စားတတ်၏။ လှည့်စားမှုကို မာယာဟု ခေါ်ကြသည်လား။ အကြီးကျယ်ဆုံးသော မာယာသည် တောက်ပသော ပန်းနုရောင်ဝတ်ရုံအောက်က တောပင်ဖြစ်၏။

လောကသည် ထင်ထားသလောက် မွှန်းကျပ်ခြင်းမရှိပါ။ ယုတ်လျော့သောနေရာနှင့် မို့မောက်သောနေရာကို ရွေးချယ်စေလိုခြင်းသည်

လည်း သူ၏ ကြီးမြတ်သော ဂုဏ်တစ်ပါးဖြစ်၏။ ဝတ္ထုတိုလား၊ ကဗျာလား၊ စကားပြေလား၊ ကဗျာလား မကွဲပြား၍ ရွာထဲတွင် အိမ်ပေါက်စေ့ လိုက်မေးသူတစ်ယောက်ကြောင့် ရွာအတော်နာသွားသည်။ နွားတင်းကုပ်ဘေးက ခွေးတွေဟောင်သည်။ ဟောင်ပါစေလေ၊ ဟောင်ဖော်ရလျှင် တော်လှပြီ။ သူခိုးသူဝှက်လာလျှင် မခက်ပါလား။ အသိလွန်သောလောကသည် တစ်ဖက်သို့လှည့်၍ အားနာသနားပြုံး ပြုံးနေ၏။ သည်နေရာမှာ ချိုမြိန်သောအစားအစာတွေ ရှိ၏။ မေတ္တာတရားနှင့်စာနာစိတ်များ ရှိ၏။ ခွင့်လွှတ်ခြင်းနှင့် ကူညီမှုများ ရှိ၏။ ပန်းရုံကြားမှာ တောက်ပသောကြယ်ပွင့်များ ရှိ၏။ ဇီဇဝါပန်းရနံ့များ မိုးရေထဲမှာ မျောပါလာသည်။ အပြင်ဘက်သို့ ထွက်ခဲ့ပါ။ မိုးစက်မှုန်ကြားမှာ အလှအပပေါင်းအစုကို ထုထည်နှင့်တကွ တွေ့မြင်ခံစားရလိမ့်မည်။

ပျဉ်းမပင်၏ ခရမ်းနုပွင့်များ အပြည့်အမောက်ထည့်ထားသော ဝါးခြင်းတောင်းကို ဤနေရာမှ ယူခဲ့ပါ၏။ တံခါးကိုပိတ်ပါ။ သော့နှိပ်ပါ။ ဉာဏ်ပညာနသူများ နေရစ်ခဲ့ကြ။ သိတတ်ကြ။ ကဗျာဆိုသည်မှာ မည်သူအတွက်ဖြစ်သည်ဟု မည်သူက မည်မျှပင် ပြောစေကာမူ ဉာဏ်နည်းတိမ်သူအတွက် မဟုတ်သည်မှာ သေချာ၏။ ရွှေဘုံသာလမ်းမှာ မှန်ရောင်းသော ဆိုင်တစ်ဆိုင်ရှိသည်။ သွားကြစို့။ လက်ချင်းယှက်၍ တို့လက်ကိုတွဲ ရဲရဲတွဲပါ။ တို့အချစ်ရယ် မြန်မြန်လာ။ ။

## အခန်း (၈)

သဲဖြင့်ဆောက်သော ရဲတိုက်၊ တံလျှပ်ဖြင့်ဆောက်သော ရဲတိုက်၊ ရွှေရဲတိုက်၊ ဆင်စွယ်ရဲတိုက်၊ ခနိရဲတိုက်၊ ဝါးရဲတိုက်၊ ကဗျာ ရဲတိုက်၊ စာရဲတိုက်၊ ပီတိရဲတိုက်၊ တိမ်ရဲတိုက်၊ ဇော်ဇော်အောင်၏ ခေါင်းထဲမှာ နေ၏။ တစ်ပိုင်းကြောင် ကျက်စာရရုံနဲ့ ခက်ပါလှသသော ဉာဏ်၊ ထက်

မာန အပြောသန်သည်၊ ဒေါသမာန်ထူပွား...၊ ဓာဒက တုဖက်လာလျှင် သူ့ထက်ငါ ငြင်းမယ့်လူစား၊ သဘော်ပါ မှန်ကုန်များ ကိုလ မှားခေါ်၍ ရောင်းစေ၊ မိပစ်လို့ မရှောင်သွေသည်၊ ခွကောင်တွေ ခွေးဖြစ်...။ အရှေ့ ဘက်မှ တီးလုံးပြောင်းသည်ကို မသိလိုက်သော မင်းသားပြက်သည် ဇာတ်စင်အလယ်မှာ ခြေတစ်ပေါင်ကျိုးရပ်လျက်။

ဤလောကတွင် မရှုက်တတ်သူများသည် ရှက်တတ်သူများ မဟုတ်ကြ။ မသိသူများသည် သိသူများ မဟုတ်ကြ။ ကိုယ်ပိုင်အယူ အဆ မရှိသူများသည် သူတစ်ပါးအယူအဆရှိသူများ ဖြစ်ကြ၏။ သူ့ စာဆယ်ကြောင်း ကိုယ်တစ်ကြောင်းနှင့် တစ်ကြောင်းတစ်လှည့်.... ဟုဆို၏။ သွားတော့လေ၊ နေရစ်ခဲ့။ ဤသစ်ခေါင်းထဲမှာ ကျွန်ုပ် အိပ် တော့မည်။ အနုပညာဆိုသည်မှာ နားလည်ဖို့လား၊ ခံစားဖို့လား၊ မကွဲ မပြားမချင်း သူ့ကို မနှိုးပါနှင့်။ အပြင်ဘက်မှာ နေသာနေသည်လား။ မိုးရွာနေသည်လား။ နှင်းကျနေသည်လား။ ဇော်ဇော်အောင် သိပါရ စေ။

မကြည်ပြာနှင့် ယုဇန မခင်ပျို၊ အလင်းမြစ်စာအုပ်တိုက်၊ ၂၀၀၅

❑

# မေလလယ်

- ဝင်းလေ -

မေလလယ် …။

မန္တလေးမှာ ပူသလားလို့ မမေးနှင့်။ ကတ္တရာစေးလမ်းတွေ အရည်ပျော်နေပြီ။ နေ့လယ် ၂ နာရီခန့်ဆိုတော့ အဆိုးဆုံး။

ဗောဓိကုန်း အေ–လမ်းမကြီးပေါ်မှာ အသွားအလာ မရှိသလောက်ဖြစ်နေတယ်။ ပူလွန်းတော့ အပြင်မထွက်ချင်ကြဘူးပေါ့။ မထွက်ရဲကြဘူးပေါ့။ သူသူငါငါ အိမ်ထဲမှာပဲ ယပ်တောင်ကလေးတွေနဲ့၊ ပန်ကာတတ်နိုင်သူတွေကလည်း ပန်ကာနဲ့ပေါ့။ သင့်သလို အပူသက်သာအောင်လုပ်ပြီး နေကြမှာပေါ့။ လေအေးစက် တတ်နိုင်သူတွေကတော့ ရှားပါတယ်။

အဲဒီအချိန်မှာ ပန်းအိုးတွေ တင်လာတဲ့ ပက်လက် ကုန်တင်ကားကြီးတစ်စီး အနောက်မှ အရှေ့ကို မောင်းလာတယ်။ လမ်းက သိပ်ရှင်းနေတော့ အရှိန်လည်း အတော်များတယ်။ တစ်နေရာရောက်တော့ ကားအစွန်မှာ တင်လာတဲ့ ပန်းအိုးတစ်လုံး ရုတ်တရက် ကျကျန်ရစ်တယ်။

မြေပန်းအိုးဟာ ကားလမ်းပေါ်မှာ အစိတ်စိတ်အမြွာမြွာ ကွဲသွားတယ်။ အထဲက မြေကြီးတွေကလည်း ဖွာလန်ကြဲသွားတယ်။

ရွက်လှပင်ပေါက်ကလေးလည်း အမြစ်မှာရှိတဲ့ မြေစိုင် မြေခဲတွေပါ ခါထုတ်ခံလိုက်ရသလို ဖြစ်သွားတယ်။

ပန်းအိုးကျကွဲတဲ့ အသံကြောင့် ကားဒရိုင်ဘာက ဘရိတ်ကို ရုတ်တရက် ဖမ်းအုပ်လိုက်တယ်။ ဘရိတ်အုပ်တဲ့အသံဟာ ပူပြင်းတိတ်ဆိတ်နေတဲ့ ရပ်ကွက်မှာ အာခေါင်ကို ခြစ်ပြီး အော်ဟစ်လိုက်သလို ဖြစ်သွားတယ်။

လမ်းဘေး ဝဲယာမှာရှိတဲ့ အိမ်တွေက လူတချို့ အပြေးအလွှားထွက်ကြည့်ကြတာပေါ့။

ကားစပယ်ယာ ရှေ့ခန်းက ခုန်ဆင်းပြီး ပန်းအိုးကွဲကို လှမ်းကြည့်တယ်။ ကားကို ချက်ချင်း ဘရိတ်အုပ်တယ် ဆိုပေမဲ့ အရှိန်ကများတော့ ပန်းအိုးကွဲကလေးဟာ ပေ ၅၀၊ ၆၀ လောက်မှာ ကျန်ခဲ့ပြီး ဆိုခဲ့တဲ့အတိုင်း လမ်းပေါ်မှာ တစ်စစီ။ စပယ်ယာက အတော် စိတ်ပျက်သွားတယ်။

သွားမကောက်တော့ဘဲ ဒရိုင်ဘာကို လှမ်းကြည့်တယ်။

"တစ်စစီ ဖြစ်သွားပြီ အာစရိ"

"ဘာပင်လဲကွ၊ အိုးအကြီးလား အသေးလား"

"အသေးပါ၊ ရွက်လှပင် အငယ်လေးပါ"

"ဒါဆို နေပါစေတော့ကွာ၊ ကောက်မနေပါနဲ့တော့၊ လာ တက်၊ သွားစို့"

သူတို့လည်း နေကပူလွန်းတော့ စိတ်သိပ်ရှည်ကြဟန်မတူ။ ကားကို ခပ်ကြမ်းကြမ်းပဲ မောင်းပြီးထွက်သွားကြတယ်။

လမ်းဘေးအိမ်ကလူတွေ အသာငြိမ်ပြီး ကြည့်နေကြတယ်။

လမ်းပေါ်မှာ ပွစာကြဲနေတဲ့ ပန်းအိုးကွဲနဲ့ ရွက်လှပင်ငယ်။

စက်သံပြင်းပြင်းနဲ့ မောင်းထွက်သွားတဲ့ ပက်လက် ကုန်တင်ကားကြီးလည်း လမ်းထိပ်ရောက်လို့ ဘယ်ဘက်ကိုကွေ့ပြီး ပျောက်သွားပြီ။

လမ်းဘေးအိမ်ကလူတွေ အိမ်ထဲပြန်မဝင်ကြသေး။ နေပူပူ ကျောက်လမ်းအလယ်က ရွက်လှပင် အိုးကွဲကို လှမ်းမျှော်ကြည့်နေကြတယ်။ စက္ကန့်အတော်ကြာလာလို့ မိနစ်ပိုင်းသို့ ရောက်လာတယ်။ ဘယ်သူမှလည်း ထွက်ကောက်မယ့်သူ မရှိ ဖြစ်နေတယ်။

ပန်းအိုး ကျကွဲတဲ့နေရာနဲ့ ကိုညိုမှိုင်း အိမ်နဲ့က အတော်ဝေးတယ်။ မရှိဘူးဆို အနည်းဆုံး ပေ ၈၀၊ ၁၀၀ လောက် ဝေးမယ်။

ကိုညိုမှိုင်းလည်း အများနည်းတူ ရွက်လှပင်ကလေးကို လှမ်းကြည့်တယ်။ ပူပြင်းလှတဲ့ နေရောင်အောက်မှာ ရွက်လှပင်ကလေးဟာ သနားစရာ မြင်ရတယ်။ ထွက်ကောက်မယ့်သူလည်း တစ်ယောက်မျှ မရှိပါလား။

ကိုညိုမှိုင်း ခြေလှမ်းမှန်မှန်လှမ်းပြီး နေပူထဲကို ထွက်ခဲ့တယ်။ မှန်မှန်ပါပဲ။ ပြေးကောက်တဲ့သဘော လုံးဝ မဟုတ်ပါဘူး။ လမ်းဘေးက လူတွေလည်း လှမ်းကြည့်နေကြမှာပေါ့။

ရွက်လှပင်ကလေးကို ကောက်ယူလိုက်ပြီး မိမိအိမ်ဘက်အပြန် ခြေလှမ်း လေးငါးလှမ်းလောက်ပဲ ရှိဦးမယ်။ ကိုညိုမှိုင်းအတွက် ပြဿနာ စပါတယ်။

"မောင်ညိုမှိုင်း အဲဒီရွက်လှပင်လေး အန်တီ့ ပေးပါလားကွယ်နော်"

ဒီမိန်းမကြီးကို ကိုညိုမှိုင်း ကြည့်မရတာကြာပြီ။ ဘာလို့ ပေးရမှာလဲ။

"ပေးနိုင်ပါဘူးဗျာ၊ ကျုပ်လိုချင်လို့ ကောက်ခဲ့တာကို"

အန်တီကြီး နှုတ်ခမ်းစူပြီး ကျန်ခဲ့တယ်။ ဒါပေမဲ့ နောက်ထပ် ၁၀ လှမ်းလောက်ပဲ လှမ်းရသေးတယ်။ ဘိလစ်စာရေးကြီး ကိုဝမ်းက ကိုညိုမှိုင်းကို လှမ်းခေါ်တယ်။ ညနေကျရင် အရက်သောက်ဖို့ပြောမလို့နဲ့ တူတယ်။ ကိုညိုမှိုင်း စာရေးကြီးအိမ်ထဲကို ဝင်ခဲ့တယ်။

"ညိုမှိုင်း မင်း ဒီရွက်လှပင်ကို ဘာလုပ်မလို့လဲ"

ကိုညိုမှိုင်းက စာရေးကြီးမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်တယ်။

"ပြုတ်ပြီး သုပ်စားမလို့လေ"

"ဟာ ... မင်းကလည်း၊ ငါက အကောင်းမေးနေတာပါကွ၊ မင်း မလိုချင်ရင် ငါ့ပေးပါလားလို့ ပြောမလို့ဟာကို"

"ဟုတ်တယ် ကျွန်တော် မလိုချင်ပါဘူး၊ ကျွန်တော် မလိုချင်လို့ အပင်ပန်းခံပြီး နေပူထဲ ထွက်ကောက်လာတာပေါ့ဗျာ"

"ကိုဝမ်း အဲဒီ လူ့ခွစာနဲ့ အဖက်လုပ် ပြောမနေနဲ့။ ရွက်လှပင်များ လိုချင်ရင် ကိုယ့်ဟာကိုယ် သွားဝယ်လိုက်ပေါ့၊ ပြည့်လို့"

ကိုဝမ်း မိန်းမကြီးက ထ 'ကော' ပါတယ်။ ကိုညိုမှိုင်းလည်း လှည့်ထွက်ခဲ့ပါတယ်။

ဘိလစ်စာရေးကြီး အိမ်ကထွက်ပြီး စက်ဘီးပြင်ဆိုင်ရှေ့လည်း ရောက်ရော ခေါက်ဆွဲစက် တရုတ်ကြီး ကိုလောစံ ကပျာကယာ လမ်း ဖြတ်ကူးလာပါတယ်။

"ညိုမှိုင်း အဲဒီ ရွက်လှပင်ကလေး ငါ့ပေးကွာ"

ရော ... ခက်နေပါပြီ။ စောစောကတော့ ဘယ်သူမှ ထွက် မကောက်ကြဘူး။ ဒီတိုင်း ကြည့်နေကြတယ်။ သူများထွက်ကောက် တော့မှ ပိုင်းလိုချင်နေကြပြန်ပြီ။ ဘယ်လိုလဲ၊ ဘာဖြစ်တာလဲ။ ကိုညိုမှိုင်း က ကိုလောစံကို ဘာမှပြန်မပြောဘဲ ကြည့်ရင်း နှုတ်ခမ်းကို လျှာနဲ့ သပ်တင်လိုက်တယ်။

"ငါ့မှာ ရွက်လှပင်တွေ စုထားတာ အတော်စုံပြီကွ၊ ဒီအမျိုးထဲက မရှိသေးဘူး၊ လုပ်ပါကွာ မင်းအတွက် ဘာထူးမှာလဲ၊ မင်းမှာ ဘာပင် မှလည်း စိုက်ဖူးတာ မဟုတ်ဘူးဆိုတော့"

"အဲဒါပေါ့ဗျ၊ ဘာပင်မှ မစိုက်ဖူးလို့ ခု စိုက်မလို့ ထွက်ကောက်

လာတာလေ"

"လုပ်မနေပါနဲ့ ညိုမှိုင်းရာ၊ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူး"

ကိုလောစံကြီးဟာ မြန်မာစကား အတော်တတ်တယ်၊ မလွယ်ဘူး။

"နေစမ်းပါဦး၊ ခင်ဗျား လိုချင်ရင် စောစောက ဘာလို့ ထွက်မကောက်တာလဲ"

"ကောက်မလို့ပဲကွ၊ ထွက်ကောက်ရမှာ နည်းနည်းကြောင်သလားလို့ စဉ်းစားနေတုန်း ... မင်းက"

"ဟုတ်ပါ့ဗျာ၊ ထွက်ကောက်ရတာ အတော်ကြောင်တဲ့ အလုပ်ပါ၊ ဒီလို ခပ်ကြောင်ကြောင်နဲ့ ထွက်ကောက်ပြီးမှတော့ လွယ်လွယ်နဲ့ မပေးနိုင်ဘူးဗျာ၊ အို ... မပေးဘူးဗျာ၊ ကျုပ်ဘာကျုပ်ပဲ စိုက်တော့မယ်"

ကိုလောစံကြီး စကားမရှည်နိုင်အောင် ပြောပြောထွက်ထွက်ထွက်ခဲ့သည်။

ကိုခန့်က သူ့တိုက်ရှေ့မှာရပ်ပြီး ညိုမှိုင်းကို စောင့်နေတယ်။ လာပြန်ပြီတစ်ယောက်။ ဒီတစ်ခါတော့ ကိုညိုမှိုင်းကပဲ ဦးအောင် စပြောလိုက်တယ်။

"ဘာမှန်းမသိဘူးဗျာ၊ စောစောကတော့ ဘယ်သူမှ ထွက်မကောက်ကြဘဲ ကျွန်တော် ထွက်ကောက်တော့မှ သူ့ပေးပါ၊ ငါ့ပေးပါနဲ့ ဝိုင်းတောင်းနေကြတယ်။ တကယ်ဆို ကျွန်တော်နဲ့က အဝေးဆုံး၊ အစကတည်းက သူတို့ဘာ သူတို့တော့ ထွက်မကောက်ကြဘဲနဲ့"

"ဟုတ်တယ်၊ သူများကောက်လာမှ အလကား တောင်းနေကြတာဘယ်ကောင်းမလဲ၊ ကဲ ပြော။ ငါ ဝယ်မယ်။ ငါ့ရောင်းကွာ"

"ဟင်၊ ခင်ဗျားကလည်း တစ်မျိုးပါလား၊ ဒီမယ် အလကားလည်းမပေးဘူး၊ ရောင်းလည်း မရောင်းဘူး၊ ဖွတ်လုမယ် မကြံနဲ့၊ အသက်နဲ့လဲပြီး ကာကွယ်မယ်၊ ဒီရွက်လှပင်ကို ကျုပ်ဟာကျုပ်ပဲ စိုက်မယ်။ စိုက်ကို

စိုက်မယ်၊ မပေးဘူး၊ မရောင်းဘူး၊ ဘယ့်နှယ်လဲဗျာ"

နေပူပူနဲ့ ညီမှိုင်း ဘယ်လိုဖြစ်သွားပြီလဲ။ ကိုခန့် လန့်သွားတယ်။ အရာရာကို ပိုက်ဆံနဲ့ ဝယ်ခဲ့ပေါင်း များပါပြီ။ ဒီတစ်ခါ မလွယ်ပါလား။ ကိုခန့် တိုက်ထဲကို ခပ်သွက်သွက်ပင် ဝင်ရောက်ပျောက်ကွယ်သွားတယ်။

ကိုညီမှိုင်းဟာ သူ့အိမ်ကို ဝင်တော့မယ်ဆိုတော့ လမ်းဟိုဘက်ကနေ မတင်ကြည်တို့သားအမိ လှမ်းကြည့်နေတာကို သတိပြုမိသေးတယ်။ မတင်ကြည်ဆိုတာက အတော်စိတ်ကြီးတဲ့ မိန်းမ။ သူ့သားလေးကလည်း မအေတူပဲ။ စိတ်ကြီးတာကို ပြောတာပါ။ ဘာရှိဦးမှာလဲ။ ရှိလှ ငါးနှစ်၊ ခြောက်နှစ်ပေါ့။

ကိုညီမှိုင်း သူ့အိမ်ထဲကို မြန်မြန်ဝင်ခဲ့တယ်။ အလုပ်ကို အကြွေးမထားဘူး။ အိမ်နောက်ဖေးကို တောက်လျှောက်ဝင်ခဲ့ပြီး သံပုံးဟောင်းကလေးတစ်ခုထဲမှာ မြေကြီးထည့်ပြီး ရွက်လှပင်ကလေးကို ပြန်စိုက်၊ ရေလောင်း စသည်ဖြင့်ပေါ့လေ။ စိတ်ဝင်တစား လုပ်ပစ်လိုက်တယ်။

အဲဒီလိုလုပ်နေတုန်း မတင်ကြည်တို့ အိမ်နောက်ဖေးဘက်ဆီက မတင်ကြည်ရဲ့သားလေး ဖိုးစံ ငိုသံသဲ့သဲ့ကိုတော့ နည်းနည်းကြားမိသား။

ညနေ လေးနာရီလောက်မှာ ကိုညီမှိုင်း ရေချိုးပြီး ဆိုင်ကယ်နဲ့ ရုံတော်ကြီးဘက် ထွက်ခဲ့တယ်။ အိမ်ကအထွက် မတင်ကြည်တို့ အိမ်ရှေ့မှာ ဒေါက်တာတင်မောင်ရဲ့ လင့်ရှိဗာကား ရပ်ထားတာကိုလည်း မြင်မိသား။

ညရှစ်နာရီလောက်မှာ ကိုညီမှိုင်း အိမ်ကို မူးပြီးပြန်ရောက်လာတယ်။ ကိုတင်ထွန်းတို့၊ ကိုစိန်မြင့်တို့နဲ့တွေ့ရင် ဒီလိုပဲ နည်းနည်းတော့ လွန်လွန်သွားတတ်တယ်။ အိမ်ပြန်ရောက်တော့ အိပ်ရာထဲ မြန်မြန်ရောက်ဖို့လောက်ပဲ ကြိုးစားရတော့တယ်။ အတော်မူးနေပြီလေ။ အိပ်ခါနီးမှာ မတင်ကြည်တို့အိမ်ဘက်က ဖိုးစံရဲ့ ငိုသံသဲ့သဲ့တော့ ကြားမိသား။

မနက် ၃ နာရီလောက်မှာ ရင်ပူလွန်းလို့ ကိုညိုမြိုင်း လန့်နိုးသွားတယ်။ အိပ်ရာကထပြီး ရေနှစ်ခွက်လောက် ဆင့်သောက်လိုက်ရတယ်။ ဒီတုန်းက မတင်ကြည်တို့အိမ်ဘက်မှာ မီးလင်းနေပြီး ဖိုးစံ ငိုသံသဲ့သဲ့လည်း ကြားမိသေးတယ်။ ဒါပေမဲ့ နောက်ဖေးဘက်ပြေးပြီး အိမ်သာတက်ဖို့က အရေးကြီးနေလို့ သိပ်စဉ်းစားမနေနိုင်ပါဘူး။ အိမ်သာကိစ္စပြီးပြန်တော့လည်း အိပ်ရာထဲ ပြန်ဝင်ပြီး နှပ်ရပြန်တာပဲပေါ့။

မနက် ၇ နာရီကျော်မှ နိုးလာတယ်။

ဖိုးစံ ငိုသံကို ကြားနေရပြန်တဲ့အတွက် ကိုညိုမြိုင်း နားစိုက်ထောင်မိတယ်။

"ညိုမြိုင်း ... ဟေ့ကောင် ညိုမြိုင်း"

စက်ဘီးပြင်ဆိုင်က ကိုပြား အသံပဲ။

"ဗျာ ... ကိုပြား လာပြီ လာပြီ"

အိပ်ရာက ကပျာကယာထပြီး အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်တယ်ဆိုရင်ပဲ ...

"ဟေ့ကောင် မင်း ကယ်မှ ဖြစ်တော့မှာပဲ"

"ဘာလဲဗျ၊ ဘာဖြစ်လို့လဲ"

"မင်းကလည်းကွာ၊ တစ်ညလုံး ဖိုးစံ အငိုမရပ်တာ မင်း မသိဘူးလား"

"ဟုတ်လား၊ ကြားတော့ ကြားမိသား၊ ဘာဖြစ်လို့လဲ"

"အငို မရပ်ရုံတင်မကဘူး မောင်၊ အဖျားပါ ဝင်လာပြီး ခုတော့ တော်တော့်ကို အခြေအနေ ဆိုးလာပြီ"

"နေစမ်းပါဦး၊ မနေ့ညက ဒေါက်တာ တင်မောင်မောင် လာတာလည်း မြင်ပါတယ်"

"ဟုတ်တယ်လေ၊ သူလည်း ကြိုးစားတာပဲ၊ မရပါဘူးကွာ"

"အိုး အဲဒါ ကျုပ်က ဘယ့်နှယ်လုပ်ရမှာလဲ"

"ဒီမယ် ကလေး ဖျားတာက ရိုးရိုး မဟုတ်ဘူးကွ၊ မနေ့က မင်းလမ်းမှာ ထွက်ကောက်လာခဲ့တဲ့ ရွက်လှပင်ကို လိုချင်တာတဲ့"

"ဗျာ"

"အဲဒါ မတင်ကြည်စိတ်လည်း မင်း သိသားပဲ၊ ကလေးနဲ့ မဆိုင်တာကို ပူဆာရသလားဆိုပြီး ရိုက်လို့တဲ့ကွာ၊ ကလေးက ငိုပါလေရော၊ ဖိုးစံဆိုတာကလည်း မတင်ကြည်သားလို့ မပြောရဘူး၊ သိပ် စိတ်ကြီးတဲ့ကောင်၊ မင့်ဆီက ရွက်လှပင်မှ မရရင် အသေခံ ငိုမယ်ဆိုတဲ့ ကောင်ပဲ"

"အင်း မလွယ်ပါလားကွာ"

"အဲဒါကြောင့် ပြောတာပေါ့၊ မင်း ကယ်မှပါလို့၊ ကလေးက ငိုလွန်းအားကြီးပြီး အဖျားကလည်း တက်လာတယ်၊ ဒီကိစ္စက စိတ်ကွ စိတ်။ ဒီကလေး ရေတိမ်နစ်သွားနိုင်တယ်နော"

ကိုညိုမှိုင်း ငိုင်ကျသွားတယ်။ စဉ်းစားနေချိန် သိပ်မရတော့ပါ။ ဖိုးစံရဲ့ ငိုသံက တဖြည်းဖြည်း အားနည်းဖျော့တော့လာတာကို ကြားနေရပြီ။

ရွက်လှပင်ကလေးကို ကပျာကယာ ယူပြီး မတင်ကြည်တို့ အိမ်ဘက် ကူးခဲ့ရတယ်။ အိပ်ရာပေါ်မှာ ပက်လက်ကလေး ဖြစ်ပြီး မောနေပြီဖြစ်တဲ့ ဖိုးစံရှေ့မှာ ရွက်လှပင်ကလေးကို ချပြလိုက်တယ်။

'ဖိုးစံ သား သားဖို့ ဦးဦး လက်ဆောင်လေကွာ၊ သား လိုချင်တယ်ဆို၊ မငိုနဲ့တော့ ဟုတ်လား၊ သား ... ယူနော်၊ အေး ဒီလိုမှပေါ့ သားရဲ့၊ ကဲ အမောပြေသွားအောင် ရေလေးသောက်လိုက်ဦး၊ အား ဟုတ်ပြီ၊ ကဲ ကျေနပ်ပြီမဟုတ်လား"

ဖိုးစံ အသက်ကို ကယ်နိုင်ပါတယ်။ အရေးထဲမှာ အလွန်စိတ်ကြီးတဲ့ မတင်ကြည်က ကိုညိုမှိုင်းကို အားနာစရာ ကောင်းတဲ့အကြောင်း

ဘာညာနဲ့ ပြောနေသေးတယ်။ မလိုပါဘူး။ ဖိုးစံ ရေတိမ်မနစ်ဖို့ အရေးကြီးပါတယ်။

ကိုညိုမှိုင်း မတင်ကြည်တို့အိမ်က ပြန်လာပြီး ကိုယ့်အိမ်ကိုယ်ပြန်ရောက်တော့ ပက်လက်ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါတယ်။

ဒီအတွေ့အကြုံမျိုးဟာ ကိုညိုမှိုင်းအတွက် ပထမအကြိမ် မဟုတ်ပါဘူး။

တစ်ချိန်ကလည်း ဒီလိုနဲ့ပဲ ချစ်သူတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးခဲ့ရဖူးတယ်။

အဏ္ဏဝါမဂ္ဂဇင်း၊ မေ၊ ၁၉၈၈

❑

# လူ၏ ကွန်တိုမျဉ်းများ

- သစ္စာနီ -

ခင်ဗျား ထိပ် တော်တော်ပြောင်နေပြီ။ ဖိုတိုဂရေး မျက်မှန်အောက်က ဆင်တစ်ကောင်ရဲ့ မျက်လုံးတွေနဲ့တူတဲ့ မျက်ပေါက်ကျဉ်းကျဉ်းကလေး တွေက ကြယ်သေနှစ်လုံးလို မွဲပြာပြာနဲ့။ နားရွက်တွေက ခပ်သေးသေး။ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ အရုပ်ဆိုးဆိုး အင်္ဂါအစိတ်အပိုင်းတွေ ဟာ နားရွက်တွေပဲဗျလို့ ခင်ဗျားကြုံရင် ပြောတတ်တယ်။ (ဗင်ဂိုးဟာ သူ့နားရွက် တစ်ဖက်ကို လှီးဖြတ်ပစ်ခဲ့တယ်ဆိုတာ တကယ်တော့ ရူးသွပ် လို့ မဟုတ်ဘူး။ ကာ့ဖ်ကာရဲ့ အဖျားချွန်ချွန် နားရွက်ကြီးတွေကလည်း ကြည့်ရတာ ရယ်စရာကောင်းတာပဲ။ သိပ္ပံရုပ်ရှင်ကားတွေမှာ ပါတတ်တဲ့ တခြားကမ္ဘာက လာတယ်ဆိုတဲ့ သတ္တဝါတွေရဲ့ နားရွက်နဲ့တူတယ်။ လူတွေဟာ ရှက်တတ်မယ်ဆိုရင် ကိုယ့်နားရွက်အတွက် ကိုယ် ရှက်သင့် တယ်) ခင်ဗျား လက်ချောင်းကလေးတွေကိုတော့ ခင်ဗျား သဘောကျ ပါတယ်။ သွယ်သွယ် သေးသေးလေးတွေ ဖြစ်တာရယ်၊ အဲဒီ လက် ချောင်းကလေးတွေကတစ်ဆင့် ခင်ဗျားရဲ့ ပါရမီတွေ လင်းဖြာခွင့် ရတာ ရယ်ကြောင့်ပေါ့။ လူက ခပ်ညှက်ညှက်။ ဒါပေမဲ့ အဲဒီ ခန္ဓာကိုယ်ကလေး က အမှုန့်ကြိတ်ထားတဲ့ ကမ္ဘာတစ်ခုရယ်၊ တိုးလျှိုပေါက်ဖြစ်နေတဲ့

သဘာဝ ဓမ္မတာရားရယ်၊ မကြားစေချင်တဲ့ ရယ်သံရယ်ကို လုံလုံခြုံခြုံ ထုတ်သိမ်းနိုင်ဖို့တော့ လုံလောက်တယ် ဆိုပါတော့။

ခင်ဗျား အဖေကတော့ စိတ်ပျက်လက်ပျက် ပြောမယ်။ ဒီကောင့်မှာ ငါနဲ့ တူတာရယ်လို့ ထိပ်ပြောင်တာပဲ ရှိတယ်လို့။ သူက ခင်ဗျားကို နားမလည်ဘူး။ (အမှန်တော့ ဘယ်သူကမှလည်း နားမလည်ဘူး) သားသမီးတွေထဲမှာ အကြီးဆုံး။ ငယ်ငယ်တုန်းက အပျော့ပျောင်းဆုံးလို့ (ထင်ရတဲ့) ဒီကောင့်ကို ဘာဖြစ်လို့ သူ လိုချင်သလို ပုံသွင်းမရခဲ့သလဲ ဆိုတာကလည်း သူ့အဖို့ အဖြေရှာမရတဲ့ ပုစ္ဆာတစ်ပုဒ် ဖြစ်နေတာကိုး။ ခင်ဗျားအဖေက ပေါက်ကွဲလွယ်တယ်။ စိတ်ထား နုတယ်။ ဒေါသ ကြီးတယ်။ စိတ်မထိန်းချုပ်နိုင်ဘူး။ တာဝန်ကို ကြောက်တယ်။ နှမြော တွန့်တိုစိတ်လည်း ရှိတယ်။ သူဟာ ပန်းတစ်ပွင့် အယောင်ဆောင်ထား တဲ့ ချိန်ကိုက်ဗုံးနဲ့ တူတယ်။ သူ အရွယ်ကောင်းကောင်း၊ ဗလကောင်း ကောင်းတုန်းက သေးသေးညှက်ညှက် ကျောင်းသားကလေးကို (တစ်နေ့ ကျရင် အထက်တန်းစာရေးဖြစ်အောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့) မကြာ ခဏ ကြမ်းကြမ်းတမ်းတမ်း ရိုက်ခဲ့ဖူးသူ။ သူဟာ တခြားဖခင်တွေလိုပါ ပဲ။ သားသမီးတွေကို မွေးမြူဖို့ထက် စည်သွတ်ဘူးစက်ရုံမှာ အုပ်ချုပ်သူ လုပ်ဖို့ ပိုသင့်တော်တဲ့ လူပေါ့။

အခုတော့ ခင်ဗျား အဖေမှာ အသင့်အတင့် ကောင်းမွန်တဲ့ အိမ်တစ် လုံးရှိတယ်။ အသင့်အတင့် ကောင်းမွန်တဲ့ တုတ်ကောက်တစ်ချောင်း ရှိတယ်။ အသင့်အတင့် ကောင်းမွန်တဲ့ ဇနီးတစ်ယောက်ရှိတယ်။ အသင့် အတင့် ကောင်းမွန်တဲ့ သားသမီး ငါးယောက်ရှိတယ်။ (အဲဒါကို သူက ကံကောင်းတယ် ထင်မှာပေါ့) အခုတော့ ခင်ဗျား အဖေဟာ တစ်ခါ တလေ ကလေးတွေနဲ့ ကစား၊ တစ်ခါတလေ ဥပုသ်စောင့်၊ တစ်ခါတလေ သွေးတိုး။ များသောအားဖြင့်တော့ ပက်လက်ကုလားထိုင်တစ်လုံးမှာ

(အဲဒီ ကုလားထိုင်ကလည်း သူ့လို ခပ်အိုအိုရယ်) ပုတီးတစ်လှည့်၊ ဆေးပေါ့လိပ်တစ်လှည့် လက်က ကိုင်ကာ ထိုင်ရင်း သိန်းထီကို မပျက်မကွက် ထိုးကာ မဖြစ်ခဲ့ရတာတွေနဲ့ မဖြစ်နိုင်တော့တာတွေကို စိတ်ကူးလွင့်မျောနေတတ်တဲ့ အရင်ကလိုပဲ စိတ်ကို မထိန်းချုပ်နိုင်သေးတဲ့ အသက် ၇၀ အရွယ် လူအိုကြီးပေါ့။

ခင်ဗျား အမေကတော့ စစ်ပြီးခေတ်မှာ လူလားမြောက်လာတဲ့ တခြားလူတွေလိုပဲ ရှေ့မရောက် နောက်မရောက်သူ။ စာရေးတတ်၊ ဖတ်တတ်ရုံဆိုတော့ အမြင်ကျဉ်းတယ်။ သားသမီးတွေကို ချစ်ပုံရပေမဲ့ ဆုံးမစကားပြောရာမှာ ကြမ်းတမ်းတယ်။ ပြက္ခဒိန် မျက်နှာဖုံးတွေကို ထရံမှာ တုတ်ချောင်းနဲ့ ထိုးကပ်တတ်သူ။ (ခင်ဗျား ခဏခဏ ဆုတ်ဖြဲပစ်ရတယ်) အိမ်ရှေ့မှာ ချဉ်ပေါင်ပင် စိုက်တတ်သူ။ သတင်းစာက နာရေးကြော်ငြာဖတ်သူ။ (ခင်ဗျား စိတ်ပျက်တဲ့) သူရသတီကို ကိုးကွယ်သူ။ အသုံးအစွဲ လက်ဖွာပြီး အတန်အသင့်လည်း စိတ်မာသူ။

အဲဒီ ခင်ဗျားအမေကတော့ ဆေးလိပ်မသောက်၊ အရက်မသောက်၊ မိန်းမမယူတဲ့ သိမ်သိမ်မွေ့မွေ့ အမူအရာ ရှိတယ်ထင်ရတဲ့ ခင်ဗျားရဲ့ ပါးစပ်က တစ်ခါတလေ သင်တုန်းဓားထုတ်တဲ့ စက်ရုံလို့ ထင်ရအောင် ချောက်ချားစရာ အယူအဆတွေနဲ့ စကားလုံးတွေ ထွက်လာတတ်တာ ကြားရင် နားမလည်နိုင်ဘူးပေါ့။ (အံ့ဩပုံတော့ မရဘူး) သူ မဖတ်တဲ့ ခင်ဗျား ဖတ်ဖတ်နေတဲ့ စာအုပ်စင်ထဲက စာအုပ်တွေကများ သူမွေးထားတဲ့ သားကို ဖျက်ဆီးပစ်လိုက်သလားလို့ သံသယပွားကောင်းလည်း ပွားမယ်။

ခင်ဗျားရဲ့ ညီ၊ ညီမတွေကလည်း ဒီလိုပါပဲ။ သူတို့ရဲ့ရှေ့မှာ အဖေနဲ့ အမေကို (ဘယ်လို စကားစပ်တည့်သွားတယ် မသိဘူး) ခင်ဗျားက မိဘမေတ္တာဆိုတာလည်း ပုထုဇဉ်မေတ္တာမို့ လောဘ၊ ဒေါသ၊ မောဟ

ဖုံးလွှမ်းနေလို့ မခိုင်မာကြောင်း၊ ဘုရားရှင်က သတ္တဝါတွေအပေါ်ထား
သော မေတ္တာနဲ့ တစ်တန်းတည်းထားပြီး ပြောဆိုနေကြတာဟာ မှားယွင်း
ကြောင်း အလျှော့မပေးစတမ်း ပြောနေတာ ကြားတော့ စိတ်ပျက်ကြ
တာပေါ့။ မိဘကို စိတ်မကောင်းအောင် ဒီလို မပြောသင့်ဘူးလို့ သူတို့
ထင်မှာပဲ။ သူတို့က ဒီနေရာမှာ ခင်ဗျားထက် ပိုပြီး လိမ္မာတယ်။ သူတို့
ဟာ ရိုးသားတယ်။ (ဆေးလိပ်တောင်မှ ဘယ်သူမှ မသောက်တတ်ကြ
ဘူး) မရိုင်းပျတဲ့ ပညာတတ်တွေ ဆိုပါတော့။ သဘာဝသိပ်မကျတဲ့
(ဘဝမှာ တကယ် အသုံးမဝင်တဲ့) အများသုံး ခေတ်မီ အယူအဆတွေ
လည်း ရှိကြတယ်။ အရာရာကို သူများ ကြည့်မြင်သလို ကြည့်မြင်ပြီး
သူများ ပြောဆိုသလိုလည်း ပြောဆိုတတ်ကြတယ်။ (အဲသလို နေထိုင်
တာက လောကမှာ သူတို့အဖို့ အန္တရာယ်လည်း ကင်း၊ လွယ်လည်း
လွယ်ကူတာကိုး) ခင်ဗျားကတော့ သဘောမကျဘူး။

သူတို့ကို လွတ်လပ်စွာ တွေးခေါ်စေချင်တယ်။ သဘာဝကျတဲ့
ဆင်ခြင်ဉာဏ်မျိုး ရှိစေချင်တယ်။ ဒါကြောင့်လည်း လိုအပ်ရင် သူတို့နဲ့
အတိုက်အခံ စကားပြောတာပဲ။ သူတို့ကလည်း သူတို့ အစ်ကိုကြီးအပေါ်
မျိုးမတူတဲ့ အိမ်မွေးသတ္တဝါတစ်ကောင်လို သဘောထားတဲ့အခါလည်း
ရှိမှာပေါ့။ တစ်ခါတလေတော့ ခင်ဗျားအတွက် ဂုဏ်ယူချင်လည်း ယူကြ
မယ်။ သေချာတာ တစ်ခုတော့ ရှိတယ်။ အဲဒါ ခင်ဗျားကို နားမလည်ဘူး
ဆိုတာပဲ။

ခင်ဗျားမိတ်ဆွေဆိုတဲ့ သူတွေကလည်း ဘာထူးလဲ။ တစ်ယောက်
ကဆို "ဒီလူဟာ သမ္မာကျမ်းစာအုပ်ရယ်၊ ကင်းမ လက်မည်း တစ်ကောင်
ရယ်၊ မိုးတိမ်ရယ် ရောမွှေထားတဲ့လူပဲ" လို့ ပြောခဲ့တာပဲ။ ခင်ဗျားက
တော့ ပြုံးမယ်။ ခင်ဗျားဟာ အဘိဓာန်မှာ မိတ်ဆွေဆိုတဲ့ ဝေါဟာရကို
အနက်ဖွင့်ရင် 'အကူအညီတောင်းသူ' လို့ပဲ အဓိပ္ပာယ်ရတယ် မဟုတ်

လား။ လမ်းစရိတ်တဲ့။ ဆေးဖိုးဝါးခတဲ့။ ထမင်းဖိုးတဲ့။ အဲဒီအထဲမှာ အဆိုးဆုံးက တန်ဖိုးဖြတ်ရခက်တဲ့ အချိန်နဲ့ အကျိုးအကြောင်းမဲ့ တရားတွေ ရောပါသွားတတ်တာပဲ။ ခင်ဗျားက သဘာဝကျတယ်ဆိုရင် ကိုယ့်ခေါင်းကိုတောင် ဖြတ်ပေးဖို့ ဝန်လေးတဲ့သူ မဟုတ်ပါဘူး။ အဲ...သဘာဝမကျဘူးဆိုရင်တော့ ကိုယ့်ဘွားအေကိုတောင် ယပ်ခတ်ပေးဖို့ ငြင်းမယ့်သူ။

လူတစ်ယောက်ရဲ့ဘဝမှာ တာဝန်တွေက အများသား။ ကိုယ့်ခန္ဓာကိုယ်ထဲကို ဝင်လာနိုင်တဲ့ နှာစေး၊ ချောင်းဆိုးဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးရဲ့ အန္တရာယ်ကအစ ကမ္ဘာမြေကြီးရဲ့ ပြင်ပ လေထုအလွှာဖြစ်တဲ့ အိုဇုန်းအလွှာ ပျက်စီးမှာကို ကာကွယ်နေကြရတယ် မဟုတ်လား။ ဒီအထဲမှာ ကိုယ့်ဘဝကိုတောင် တာဝန်မယူနိုင်တဲ့ လူတွေက ခပ်မြင့်မြင့် အကြောလျှော့တဲ့အလုပ် (အနုပညာကို 'တာဝန်မဲ့နိုင်ခွင့် လိုင်စင်' တစ်ခုလိုကိုင်စွဲနေတာကတော့ ခွင့်လွှတ်စရာ မရှိပါဘူး။ လူတိုင်းဟာ ခင်ဗျားအလုပ်လုပ်သလို လုပ်နိုင်ပါတယ်။ ဥပမာ၊ ခပ်ပေါပေါ ဝတ္ထုတွေကိုရေး၊ ရောင်းစားတာမျိုး။ ကြောက်လန့်မသွားပါနဲ့။ အဲဒါဟာ စာပေမဟုတ်ပါဘူး။ ဖျာရက်ရောင်းသလို၊ တံမြက်စည်း လုပ်ရောင်းသလိုပေါ့။ တစ်ခါက ခင်ဗျား ပြောသလိုပေါ့။ တစ်ရေးနိုးထ ဘယ်ဘက် ခြေမကိုမင်တို့ပြီး နောက်ပြန်ရေးရင်တောင် ဖြစ်တဲ့ စာအုပ်မျိုးတွေလေ) ဒါမှမဟုတ် ခင်ဗျားလုပ်သလို မလုပ်ဘဲလည်း နေနိုင်ပါတယ်။ ဘယ်လိုပဲနေနေ ကိုယ့်ဘဝကို တာဝန်ယူရဲတဲ့ သတ္တိတော့ ရှိဖို့လိုတာပေါ့။ မြို့မငြိမ်းရဲ့ သတ္တိမျိုးလောက်မှ မရှိရင် ကြီးကြီးကျယ်ကျယ် မပြောကြပါနဲ့။ ခင်ဗျားက အနုပညာဆိုတာ တံတွေးထွေးတိုင်းတောင် ပါသွားတတ်တဲ့အရာလို့ ထင်တဲ့သူ မဟုတ်လား။ 'အဲဒီလူတွေ စာမရေးခင် အရင်ဆုံးသူတို့ဦးနှောက်တွေကို တံတောင်ဆစ် ရောက်အောင် ခွဲစိတ်ကုသပေးဖို့

လိုတယ်’ လို့ တခြားသူ တော်တော်များများကို သနားတတ်သူ။ အနု ပညာသမားဆိုတာ ယိမ်းသမလည်း မဟုတ်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် လည်း မဟုတ်လို့ ညီညွတ်စရာ မလိုဘူး ပြောတတ်သူ။ တော်စတွိုင်းရဲ့ စစ်နဲ့ ငြိမ်းချမ်းရေးဝတ္ထုကို ခပ်ညံ့ညံ့ သတ်မှတ်သူ။ ကွန်မြူနစ်ပါတီ ဝင်ဖူးတာနဲ့ ဘောလုံးကန်ဖူးတာကြောင့် ကမူး ဝတ္ထုတွေဟာ ဖတ်စရာ မလိုဟု မှတ်ချက်ချသူ။ ဇစ်တိုးရီးယား ဒီစီကားကို အီတလီ သုခလို့ လှောင်တတ်သူ။ မြန်မာပြည်က ပန်းချီပြခန်းတွေထက် နိုင်ငံခြားဖြစ် ရုပ်အင်္ကျီရောင်းတဲ့ ဆိုင်တွေကို ပိုမို တွယ်တာတပ်ငြိသူ။ (အဲဒီဆိုင် ကလေးတွေက ဒီဇိုင်းတွေက အာရုံကို ပိုမိုလတ်ဆတ်စေတယ်) စာပေ လောကမှာ ဆရာ ခေါ်စရာ မထားတဲ့သူ။ ယုံကြည်မှုတစ်ခုအတွက် တစ်ကမ္ဘာလုံးကို ဆန့်ကျင်ဖို့ ဘယ်တုန်းကမှ ဝန်မလေးသူ။

ခင်ဖျားက ဘဝရဲ့ လေကွယ်ရာအရပ်မှာ တစ်သက်လုံး (ခင်ဖျား အဖေလို၊ ပြီးတော့ တခြားသူတွေလို) ကျောက်ချ ခိုကပ်ချင်တဲ့သူမှ မဟုတ်ဘဲ။ ပင်လယ်ပြင် ကျယ်သမျှ ရွက်လွှင့်ပြီး ကျွန်းအသစ်ကို ရှာ ချင်တဲ့သူ။ ခင်ဖျားဟာ ငယ်ငယ်ကတည်းက ကျောင်းလေ့ကျင့်ခန်း စာအုပ်တွေကို ကဗျာရေးပစ်တယ်။ ကျောင်းပြေးတယ်။ အိမ်ကလည်း ပြေးတယ်။ ပန်းချီဆွဲတယ်။ စစ်တုရင် ကစားတယ်။ လက်ဖက်ရည်ဆိုင် နဲ့ ရုပ်ရှင်ရုံမှာ အချိန်ကုန်တယ်။ အားလုံးကို သရော်တော်တော် စကား ပြောတယ်။ အယူအဆကလည်း နေရာတကာ ကန့်လန့် ဆိုရမယ်။ (လူများစုနဲ့ ဘယ်တော့မှ သဘောထားချင်း မတိုက်ဆိုင်ဘူး) ခင်ဖျား ဟာ ဒုစရိုက်မှုမှာ ပျော်မွေ့တဲ့ မိုက်ကန်း ပေါ့သွမ်းသူတော့ မဟုတ်ပါ။ ဒါပေမဲ့ ပုံစံကိုက် လိမ္မာ သိမ်မွေ့သူတော့လည်း မဟုတ်ပြန်ဘူး။ (သဘာဝတရားအတိုင်း ဖြစ်ပေါ်နေတဲ့ ချွန်ထက်တဲ့ ကျောက်စောင်းနဲ့ တူမလားဘဲ)

ဘာပဲဖြစ်ဖြစ် ခင်ဗျားကတော့ အရာရာ (အစဉ်အလာ ဖြစ်ထွန်းနေတာ) ကို သဘောမတွေ့တဲ့သူ။ အသက် ၄၀ ကျော်စမှပဲ တစ်လောကလုံးကို သမ်းဝေစရာလို့ မြင်တဲ့သူ။ ခင်ဗျား အဖေနဲ့လည်း မတူတဲ့သူ။ ခင်ဗျားအမေနဲ့လည်း မတူတဲ့သူ။ တခြား ဘယ်သူနဲ့မှလည်း မတူတဲ့သူကိုး။

မှန်ထဲမှာ နှုတ်ခမ်းလေးတွန့်ရုံ ခင်ဗျား ပြုံးနေတာ မြင်ရတယ်။ ဖြုဟ္မာကြီး တစ်ယောက်တောင် ခင်ဗျားရှေ့မှာ ရှက်ပြီး လဲသေသွားနိုင်တဲ့ အပြုံးမျိုးနဲ့ပေါ့။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၁၉၉၀

❑

## အားလုံးရဲ့ကျန်းမာရေး

- ကျော်စွာထက် -

နေကောင်းရဲ့လားမိတ်ဆွေ။

ကျွန်တော် အခုခတ်လိုက်တဲ့ သော့ခလောက်ကလေးကတော့ နေကောင်းနေတာ သေချာပါသည်။ ဝယ်ထားသည်မှာ နှစ်လခန့်ပဲ ရှိသေးသည့် အာမခံ သော့ခလောက်တစ်လုံး၏ ကျန်းမာရေးမှာ ဆိုးဆိုးဝါးဝါး မဖြစ်နိုင်သေးပါ။

ကျွန်တော်သိသမျှ ပြောရမည်ဆိုလျှင် ကျွန်တော် နေကောင်းပါသည်။ (စာနယ်ဇင်းများမှ သိရသည်မှာ...) 'စတီဗင် စပီးလ်ဘတ်ဂ်' နေကောင်းပါသည်။ ယောကျ်ားနဲ့ နည်းနည်းပါးပါး အဆင်မပြေတာက လွဲရင် 'မက်ဒေါနား' တစ်ယောက်လည်း နေကောင်းပါသည်။ 'လဇ်တေလာ' နေကောင်းပါသည်။ နောက်ပြီး ကျွန်တော့်ပတ်ဝန်းကျင်က သစ်ပင်တွေအားလုံးလည်း နေကောင်းနေလောက်ပါသည်။

"သော့ခလောက်ကလေးရေ... ကိုယ်သွားမယ်ဟေ့" ဟု ကျွန်တော်က သော့ခလောက်ကလေးကို နှုတ်ဆက်ပြီးလျှင်တော့ ညနေ ၅ နာရီ ထိုးသွားသည်။ နေလုံးနီနီသည် ကောင်းကင်ပေါ်မှ ဘောလုံးတစ်လုံးလို လိမ့်ကျလာပြီး ဟိုးအနောက်တဲဆီ၌ မှုန်ပျပျလှမ်းမြင်နေရသော တောင်

တန်းတွေပေါ် သွားတင်နေသည်။

ငှက်ကလေးတွေလည်း အိပ်တန်းပြန်ကုန်ကြပြီ။ အပြာရောင်ညနေခင်းမှာ စိတ်လှုပ်ရှားဖို့ ကောင်းနေ၏။

ကောင်းကင်ကြီးရေ... ခင်ဗျား ပြာလွင်နေပါစေ။

ငှက်ကလေးတွေ သီချင်းဆိုကြပါ။ လေတို့ သာသာညင်းညင်းတိုက်ခတ်နေစမ်းပါ။ အပြာရောင်ညနေခင်းထဲမှာ ကျွန်တော်တို့တစ်တွေအားလုံး ကျန်းမာနေကြမယ်။

တစ်ခါက ကျွန်တော့်ဆေးခန်းကလေးသို့ လမ်းကြုံရင်း ဝင်လာသော မိတ်ဆွေတစ်ယောက်က ဆေးခန်းနံရံတွင် ကပ်ထားသော ပိုစတာကိုကြည့်ပြီး ကောက်ချက်ချသော စကားကလေးတစ်ခွန်းကို သတိရနေသေးသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည့် **'လူတိုင်းကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာ'** ဆောင်ပုဒ်ပါသော ပိုစတာကိုကြည့်ရင်း ထိုမိတ်ဆွေက "တကယ်လို့ အဲဒီဆောင်ပုဒ်အတိုင်း သက္ကရာဇ် ၂၀၀၀ မှာ လူတိုင်းကျန်းမာနေကြမယ်ဆိုရင် ခင်ဗျားတို့ဆရာဝန်တွေ အလုပ်လက်မဲ့ဖြစ်ကုန်မှာပေါ့။ အဲဒီပိုစတာကြီးကို ခင်ဗျား ကပ်မထားသင့်ဘူး" ဟု ရယ်ကျဲကျဲနှင့် ပြောသည်။

စကားအဖြစ် ရယ်စရာ မောစရာပြောမှန်း ကျွန်တော်သိ၍ ပြုံးပဲနေလိုက်သည်။ စိတ်ထဲမှာတော့ ပြောစရာစကားတွေ အများကြီးရှိသွားသည်။

"သက္ကရာဇ် ၂၀၀၀ မှာ လူသားအားလုံး ကျန်းမာနေလို့ကတော့ ငါတို့တစ်တွေ အလုပ်လက်မဲ့ ဖြစ်ချင်ဖြစ်ပါစေ သူငယ်ချင်းရေ။ အရေးကြီးတာကတော့ အားလုံးကျန်းမာနေဖို့ပါပဲ။ မင်း သဘောတူမယ်ဆိုရင် ကျန်းမာရေးကောင်းပြီး ပျော်ရွှင်နေတဲ့ ကမ္ဘာကြီးကို ငါတို့ ဝိုင်းဝန်း

တည်ဆောက်ကြရအောင်။ ပြီးတော့ အဲဒီကမ္ဘာကြီးပေါ်မှာ တစုတဝေး တပျော်တပါး ဝိုင်းဖွဲ့ကခုန်ကြရအောင်" ဟု ကျွန်တော် ပြန်ပြောလိုက်ချင်သည်။

ကျွန်တော့်သဘောကတော့ လူတွေအားလုံး နေကောင်းနေသော ကမ္ဘာကြီးပေါ်မှာ ကျွန်တော် နေသွားချင်သည်။ လူသားတွေအားလုံး အနာရောဂါကင်းကာ ကျန်းမာပျော်ရွှင်နေစေချင်သည်။ ကမ္ဘာကြီးကို ငှက်ဖျားရောဂါမရှိ၊ ပလိပ်ရောဂါမရှိ၊ ကာလဝမ်းရောဂါမရှိ၊ မေးခိုင်ရောဂါမရှိ၊ ကင်ဆာရောဂါမရှိ၊ အေအိုင်ဒီအက်စ်ရောဂါ မရှိတဲ့ ကမ္ဘာကြီးဖြစ်နေဖို့ ကျွန်တော် ဆုတောင်းသည်။

"လူတွေအားလုံး နေကောင်းကြပါစေ..." ဟု ကျွန်တော် ဆုတောင်းရင်း ဆေးခန်းကလေးမှ ထွက်ခွာလာခဲ့သည်။

ကနေ့ ကျွန်တော့်မွေးနေ့ဖြစ်ရာ ဆေးခန်းကလေးကို စောစောပိတ်လိုက်သည်။ မွေးနေ့အထိမ်းအမှတ်အဖြစ် သူငယ်ချင်းတစ်ယောက်ကို အရက်တိုက်မည်၊ ထမင်းကျွေးမည်ဟု ကျွန်တော် ကတိပေးထားခဲ့လေသည်။ သူငယ်ချင်းကို ဝင်ခေါ်ပြီး စားသောက်ဆိုင်တစ်ခုခုသို့ သွားမည်။ ၂၉ နှစ်မြောက် မွေးနေ့ပွဲကို သူငယ်ချင်းနှင့်အတူ ရွှေရောင်ညနေခင်းထဲတွင် ပျော်ပျော်ရွှင်ရွှင်ကျင်းပမည်ဟု ကျွန်တော် စိတ်ကူးထားလေသည်။

မနက်ကတည်းက ကျွန်တော့်မွေးနေ့အတွက် စောစောစီးစီးထ၍ မဟာမုနိဘုရားကြီးသို့သွားပြီး ဘုရားရှိခိုး အမျှအတမ်းဝေကာ ဝေနေယျသတ္တဝါအားလုံး ကျန်းမာချမ်းသာစေဖို့ ကျွန်တော် မေတ္တာပို့ခဲ့သည်။ လူ့ဘဝ၌ ၂၉ နှစ်တာမျှ နေထိုင်လာခြင်းအထိမ်းအမှတ်အတွက် ကျွန်တော့်မွေးနေ့ပွဲကို တခမ်းတနားမဟုတ်တောင် အမှတ်တရ ဖြစ်စေချင်သည်။ သို့ဖြစ်ရာ ကနေ့ညနေတွင် မွေးနေ့ပွဲကို သူငယ်ချင်းနှင့်အတူ

လေးလေးနက်နက် ကျင်းပဖြစ်အောင် ကြိုးစားမည်ဟု ကျွန်တော် စိတ်ကူးထားလေသည်။

သူငယ်ချင်းဆီသို့ ဘတ်စ်ကားတစ်စီးကိုစီး၍ သွားမည်ဆိုလျှင် ဖြစ်သည်။ သို့ရာတွင် လူတွေပြည့်သိပ်နေသော ဘတ်စ်ကားပေါ်၌ ကျပ်တည်းကျဉ်းမြောင်းစွာ မတ်တတ်ရပ်၍ လူအများ၏ချွေးနံ့ကို ရှူရှိုက်ရင်း မသက်မသာ လိုက်ပါသွားရသည်ထက် လေကောင်းလေသန့်ကို ရှူရှိုက်၍ ပလက်ဖောင်းပေါ်၌ လွတ်လွတ်လပ်လပ် လမ်းလျှောက်သွားရသည်ကို ကျွန်တော် ပိုမိုနှစ်သက်မိသည်။

ကျွန်တော်သည် ဘတ်စ်ကားခ ပြား ၅၀ ကို နှမြောတွန့်တိုတတ်သော လူတစ်ယောက်မဟုတ်ကြောင်း ကျိန်တွယ်၍ ပြောဝံ့ပါသည်။ ဘတ်စ်ကားစီးသွားလျှင် သူငယ်ချင်းဆီ ပိုမိုမြန်ဆန်စွာ ရောက်လိမ့်မည်။ မြန်ဆန်ခြင်းသည် ယေဘုယျအားဖြင့် ကောင်းမွန်း ကျွန်တော် သိပါ၏။ သို့ရာတွင် လောက၌ အရာရာတိုင်း မြန်မြန်ဆန်ဆန် ဖြစ်ပျက်နေဖို့မလိုမှန်းလည်း ကျွန်တော် သိနေသေးသည်။

အထူးသဖြင့် ခုလိုဆောင်းဦးပေါက် ညနေခင်းကလေးတွင် သီချင်းကလေးတစ်ပုဒ်ကို လေချွန်ရင်း ကျွန်တော် လမ်းလျှောက်သွားချင်သည်။ လမ်းလျှောက်ရင်း ညနေခင်း၏ လေနုအေးကလေးကို အားရပါးရ ရှူရှိုက်ပစ်လိုက်ချင်သည်။ "လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံးသော ဆေးဝါးဖြစ်သည်" ဟူသော ကျန်းမာရေးပါရဂူများ၏ အဆိုအမိန့်ကိုလည်း ကျွန်တော်ကိုယ်တိုင် လမ်းလျှောက်ခြင်းဖြင့် ထောက်ခံလိုက်ချင်သောကြောင့်လည်း ဖြစ်လေသည်။

ကျုံးဘေးပလက်ဖောင်းအတိုင်း ကျွန်တော် လမ်းလျှောက်လာခဲ့သည်။ စိမ်းလန်းရွှန်းစိုနေသော ရေတမာပင်ပျိုများ၊ အုပ်ဆိုင်းမှိုင်းဝေနေသော ကုက္ကိုပင်ကြီးများဟာဖြင့် ခေါက်ထီးအစိမ်းကို ဖွင့်ဆောင်းထား

ကြသော မိန်းမတွေနှင့် တူနေသည်။ ကျုံးရေစပ်မှာ မြက်ပင်ရှည်ရှည်များသည် လေအလာတွင် ယိမ်းနွဲ့နေကြသည်။

သစ်ပင်တို့သည် ကျွန်တော်တို့ အဆုတ်မှ ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို သူတို့အတွက် ရှူသွင်း၍ ကျွန်တော်တို့အတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးသူများ ဖြစ်ကြသည်။ လူတစ်ယောက်အတွက် လေကောင်းလေသန့်ရရှိနိုင်ဖို့ဆိုလျှင် သစ်ပင်နှစ်တန်ခွဲခန့် လိုအပ်သည်ဟု စာအုပ်တစ်အုပ်ထဲမှာ ကျွန်တော် ဖတ်ဖူးသည်။ ကမ္ဘာမြေပေါ်၌ သစ်ပင်တွေမရှိလျှင် ကျွန်တော်တို့လူတွေလည်း ရှိနိုင်တော့မည်မဟုတ်။ ကျွန်တော်တို့ ကျန်းမာနေဖို့အတွက် သစ်ပင်တွေလည်း ကျန်းမာနေဖို့လိုမည်။ ကမ္ဘာမြေပြင်ပေါ်မှာ သစ်ပင်တွေ သန်သန်စွမ်းစွမ်း စိမ်းစိမ်းစိုစို ကျန်းကျန်းမာမာဖြစ်နေဖို့ ကျွန်တော်တို့မှာ တာဝန်ရှိသည်ဟု ကျွန်တော် ခံယူပါသည်။ သို့ဖြစ်ရာ သစ်ပင်တွေ အများအပြား ကျွန်တော်တို့ စိုက်ကြရမည်။ သစ်ပင်တွေ ရှင်သန်အောင်၊ ပိုးမကျအောင် ကျွန်တော်တို့ တတ်စွမ်းသမျှ ပြုစုပျိုးထောင်ပေးရမည်။ သစ်တောတွေ မပြုန်းအောင် ကာကွယ်စောင့်ရှောက်ရမည်။ သစ်ပင်တွေရဲ့ ကျန်းမာရေးအတွက် ကျွန်တော်တို့ ဝိုင်းဝန်းဆုတောင်းပေးရမည်။ ကမ္ဘာမြေပေါ်မှာ ကျွန်တော်တို့လူသားတွေ အောက်ဆီဂျင်ကို ဝဝလင်လင် ရှူရှိုက်နေနိုင်ဖို့ဆိုလျှင် သစ်ပင်တွေ ရှိမှကို ဖြစ်မည်။ "ကမ္ဘာတစ်လွှားက သစ်ခုတ်သမားတွေရေ၊ သစ်ပင်တွေကို အရမ်းမခုတ်ကြဖို့ ခင်ဗျားတို့ကို ကျွန်တော် တောင်းပန်ပါရစေ။ သစ်ပင်တွေအပေါ် ခင်ဗျားတို့ သနားကြင်နာစိတ် မွေးကြပါ။ ကရုဏာထားကြပါ။ သစ်ပင်တွေကို မေတ္တာပို့ကြပါ" ဟု ကမ္ဘာအရပ်ရပ်က သစ်ခုတ်သမားတွေကို ကျွန်တော် မေတ္တာရပ်ခံချင်သည်။

ကျုံးအနောက်ဘက် လမ်း ၈၀ ပေါ်မှာတော့ ကားတွေ၊ မြင်းလှည်း

တွေ၊ ဆိုက်ကားတွေ၊ စက်ဘီးတွေဟာ ဥဒဟို ပြေးလွှားသွားလာ မောင်းနှင်နေကြ၏။ ကျွန်တော်သည် ပလက်ဖောင်းပေါ်၌ ပေါ့ပါးသွက်လက်စွာ လမ်းလျှောက်၍နေသည်။ လှပသော ရွှေရောင်ညနေခင်းထဲမှာ အရာအားလုံး လှပနေလို့ပါလား။ လှည်းဆွဲတဲ့ မြင်းတွေရဲ့ ခွာသံတခွပ်ခွပ်က နားထောင်လို့ ကောင်းလှ၏။ ကတ္တရာလမ်းမနှင့် မြင်းခွာတို့ ထိရိုက်တဲ့ ဒီအသံဟာ မန္တလေးမြို့ရဲ့ လမ်းမပေါ်က ဂီတသံတွေပါပဲ။ တက္ကစီတွေ များများစားစားမရှိသေးတဲ့ မန္တလေးမှာ မြင်းလှည်းတွေကို ကနေ့အထိ အားကိုးနေရတုန်းဖြစ်သည်။ မြင်းလှည်းတွေကိုဆွဲဖို့ မြင်းတွေကျန်းမာနေရမယ်။ မန္တလေးမြို့ မိတ်ဆွေတို့ရေ... ခင်ဗျားတို့ နည်းနည်းလောက် အားလပ်နေမယ်ဆိုရင်ဖြင့် ကျွန်တော့်ဆီ လာရောက်စုဝေးကြစမ်းပါ။ မြင်းတွေရဲ့ ကျန်းမာရေးအတွက် ကျွန်တော်တို့ ဝိုင်းဝန်းဆုတောင်းလိုက်ကြရအောင်။ အို... မြင်းတွေ သင်တို့ နေထိုင်ကောင်းကြပါစေ။ မြန်မြန်ဆန်ဆန် ပြေးလွှားနိုင်ကြပါစေ။ အသင်တို့ရဲ့ကြွက်သားများ သန်မာတောင့်တင်းပါစေ။ လူတင်လှည်းတွေကို ပျော်ပျော်ရွှင်ရွှင်ဆွဲနိုင်ကြပါစေ။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင် ဖြစ်သည်ဟု ဗုဒ္ဓရှင်တော်ကိုယ်တိုင် ဟောဆိုမြွက်ကြားခဲ့ဖူးသည်။ သို့ရာတွင် လူအတော်များများမှာ ကျန်းမာနေစဉ်၌ ကျန်းမာခြင်း၏တန်ဖိုးကို မသိဘဲ ပေါ့တီးပေါ့ဆနေကြတာက များသည်ဟု ကျွန်တော် ထင်သည်။ စင်စစ် ကျန်းမာခြင်းဆိုသည်မှာ ကျွန်တော်တို့တစ်တွေအတွက် အလွန်မက်မောဖို့ကောင်းသော ဝိုင်ချိုတစ်ခွက်ဖြစ်လေသည်။ ထိုဝိုင်ချိုတစ်ခွက်နှင့်ပင် လူ့ဘဝမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားလို့ရသည်။ ကျွန်တော်တို့တစ်တွေမှာ ငွေကြေးချမ်းသာကြွယ်ဝခြင်းအတွက်၊ အောင်မြင်ကျော်ကြားခြင်းအတွက် ဂုဏ်ယူဝင့်ကြွားကြသော်လည်း မိမိကိုယ်ကို ကျန်းမာနေ

ခြင်းအတွက် ဂုဏ်ယူဝင့်ကြွားရမှန်းမသိ ဖြစ်နေခြင်းမှာ တော်တော်ဝမ်းနည်းဖို့ ကောင်းသောကိစ္စ ဖြစ်လေသည်။ အမှန်တော့ အောင်နိုင်ခြင်းအတွက် လက်ဖွေ့သမားတွေ ကြိုးဝိုင်းထဲမှာ လက်ပန်းပေါက်ခတ်ကြသလို ကျန်းမာနေခြင်းအတွက် လူ့လောကထဲမှာ ကျွန်တော်တို့တစ်တွေ လက်ပန်းပေါက် ခတ်ကြဖို့တောင် ကောင်းသည်ဟု ကျွန်တော် ထင်မိသေးသည်။

ဒီကမ္ဘာမြေပေါ်မှာ လူတွေအားလုံး ကျန်းမာနေကြမယ်ဆိုရင်ဖြင့် ဘယ်လောက် ပျော်ရွှင်စရာကောင်းလိုက်မလဲ။ မစည်ကားအပ်သော နေရာများထဲတွင် ဆေးရုံတွေကိုလည်း ထည့်သွင်းအပ်သည်ဟု ကျွန်တော် ထင်သည်။ မိတ်ဆွေတို့ရေ… ကမ္ဘာပေါ်က ဝေနေယျသတ္တဝါအားလုံး ကျန်းမာချမ်းသာရေးအတွက် မေတ္တာပို့ကြပါ။ ခင်ဗျားတို့ ပြုသမျှ ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေကြပါ။ ရုပ်ရှင်ကားတွေ ရိုက်ဖို့ ကိုကျော်ဟိန်း နေကောင်းပါစေ။ မခင်သီတာထွန်း နေကောင်းပါစေ။ မို့မို့မြင့်အောင် နေကောင်းပါစေ။ သီချင်းတွေသီဆိုဖို့ မေဆွိ နေကောင်းပါစေ။ အယ်လ်ခွန်းရီ နေကောင်းပါစေ။ ကော်နီဆိုတဲ့ ချာတိတ်မလေး နေကောင်းပါစေ။ ပန်းချီကားတွေ ရေးဆွဲဖို့ ဦးပေါ်ဦးသက် နေကောင်းပါစေ။ ကိုခင်မောင်ရင် နေကောင်းပါစေ။ ကိုဒီ နေကောင်းပါစေ။ ကိုဝင်းဖေမြင့် နေကောင်းပါစေ။ … နေကောင်းပါစေ။

ကမ္ဘာပေါ်က လူသားတွေအားလုံး ကျန်းမာချမ်းသာစေရေးအတွက် ကျွန်တော် ဆုတောင်းသည်။ သိပ္ပံပညာရှင်များရဲ့ ကျန်းမာရေး၊ အလုပ်သမားများရဲ့ ကျန်းမာရေး၊ လယ်သမားများရဲ့ ကျန်းမာရေး ကောင်းမွန်နေဖို့ ကျွန်တော် ဆန္ဒပြုသည်။ ကောင်းကင်ကြီး ကျန်းမာနေပါစေ။ သမုဒ္ဒရာတွေ ကျန်းမာနေပါစေ။ တောင်တန်းတွေ ကျန်းမာနေပါစေ။ နေနဲ့လတို့ ကျန်းမာနေပါစေ။ ကြယ်တာရာတွေ ကျန်းမာ

နေပါစေ။ သုံးဘီးကားတွေ ကျန်းမာနေပါစေ။ ရန်ကုန်ရွှေမြို့တော် ကျန်းမာနေပါစေ။ ကမ္ဘာကြီး ကျန်းမာနေပါစေ။ ဟယ်ရီဆန်ဖို့ဒ် ကျန်းမာနေပါစေ။ မာရယ်လ်စထရိ ကျန်းမာနေပါစေ။ အိုင်ရင်းကယ်ရာ ကျန်းမာနေပါစေ။ ယက်ဗ်တူရှင်ကို ကျန်းမာနေပါစေ။ ကျွန်တော်ရဲ့ ၂၉ နှစ်မြောက် မွေးနေ့မှာ ခင်ဗျားတို့တစ်တွေအားလုံး နေကောင်းနေဖို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်။

ကျွန်တော်သည် ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့ရင်း ကျုံးဘေးတစ်လျှောက် လမ်းလျှောက်လာခဲ့သည်။ မြို့ရိုးနီကြင်ကြင်တို့သည် တင့်တယ်သောဣန္ဒြေကိုဆောင်လျက် တည်ငြိမ်ရင့်ကျက်စွာ တည်ရှိနေကြသည်။ ကျုံးဘေးမြက်ခင်းပေါ်တွင် ထိုင်နေကြသော အတွဲအချို့ကို တွေ့ရ၏။ ကျုံးရေသည် ကြည်လင်ပြာစိမ်းနေသည်။ ရေအောက်ထဲက စိမ်းညို့ပြာမှောင်နေသော ရေမှော်ပင်ကလေးများကိုပင် အတိုင်းသားမြင်နေရသည်။ ရေစပ်မှာ ခဏလောက်ဖြစ်စေ ထိုင်ကြည့်နေမည်ဆိုလျှင် ရေမှော်ကလေးများအကြား၌ ကွေ့ကာဝိုက်ကာ ကူးခပ်ပျော်ပါးနေကြသော ငါးကလေးတွေကိုပင် ရှင်လန်းမြူးထူးဖို့ကောင်းစွာ မြင်ရမည်မှန်း ကျွန်တော် သိပါသည်။ သို့ရာတွင် ထိုသို့ထိုင်ကြည့်ဖို့ အချိန်မရတော့။ ချိန်းထားသော သူငယ်ချင်းက မျှော်ပေရော့မည်။

လမ်းတစ်ဖက်တွင် မျက်စိအထူးကုဆေးရုံကို မြင်ရသည်။ ညနေခင်းဖြစ်ရာ လူနာတချို့ ဆေးရုံရှေ့ထွက်၍ ထိုင်နေကြလေသည်။ မျက်စိအထူးကုဆေးရုံကို ကျော်လာလျှင်တော့ ခေတ်မီလှပသော ချောကလက်ရောင် 'အမျိုးသားစာကြည့်တိုက်နှင့် ပြတိုက်' ကို တွေ့ရသည်။ စာအုပ်တွေ စုဝေးတည်ရှိရာဖြစ်သော စာကြည့်တိုက်တွေကို ကျွန်တော် ချစ်သည်။ 'ဆာ့ထ်' ကတော့ စာကြည့်တိုက်တွေဟာ သူ့ရဲ့ ဘုရားရှိခိုး

ကျောင်းတွေပဲလို့တောင် တင်စားပြီး ပြောခဲ့တာပဲ။ ကျွန်တော်သာ ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်ခဲ့လျှင် ကျွန်တော်တို့နိုင်ငံအနှံ့အပြားမှာ ကြီးကျယ်ခမ်းနားသော စာကြည့်တိုက်ကြီးတွေ တည်ဆောက်ဖို့ လှူဒါန်းပစ်လိုက်ချင်သည်။ စာအုပ်တွေမှာ ကျွန်တော်တို့တစ်တွေကို အတွေးအခေါ် ရင့်ကျက်စေဖို့၊ စိတ်ဓာတ်ကျန်းမာသန်စွမ်းဖို့၊ လူ့ဘဝမှာ နေထိုင်တတ်ဖို့ သင်ကြားပေးနိုင်သည်။ မြန်မာပြည်အရပ်ရပ်တွင် ဖွင့်လှစ်ထားသော ခေတ်မီဆေးရုံကြီးများသည် ကျွန်တော်တို့၊ ခင်ဗျားတို့ရဲ့ ခန္ဓာကိုယ် ကျန်းမာရေးအတွက် ဖြစ်သည်ဟုဆိုလျှင် စာကြည့်တိုက်ကြီးများသည် ကျွန်တော်တို့တစ်တွေအားလုံး၏ စိတ်ကျန်းမာရေးအတွက်ဟု ဆိုသင့်လေသည်။

ကျွန်တော့်လိုပင် ပလက်ဖောင်းပေါ်၌ လမ်းလျှောက်လာသူများကို ရှောင်ရင်း ဆက်လျှောက်လာခဲ့သည်။ မီးခိုရောင် လေးထပ်အဆောက်အအုံ အော်တိုဖုန်းရုံးကို တွေ့ရသည်။ အဆောက်အအုံဝင်းခြံအတွင်း၌ စနစ်တကျတန်းစီစိုက်ထားသော ပင်လယ်ကဗ္ဗီးပင်ပျိုများမှာ စိမ်းစိုလန်းဆန်းနေလေသည်။ နေဝင်သွားပြီမို့ အပူရှိန်လျော့ပါးလာကာ နေလို့ထိုင်လို့ ကောင်းလာသည်။ ကျုံးရေပြင်ကို ဖြတ်သန်း၍ တိုက်ခတ်လာသော မှော်နံ့သင်းသည့် လေပြည်နုနုကို ရှူရှိုက်ရင်း ကြည်လင်လန်းဆန်းလာသည်။ ရွှေရောင်ညနေခင်းထဲ၌ မန္တလေးမြို့ကြီးတစ်ခုလုံး သာယာလှနေပေသည်။

၂၆ လမ်းနှင့် လမ်း ၈၀ ဆုံသော ကျုံးထောင့်မီးပွိုင့်ကို ရောက်လာသည်။ မီးအစိမ်းကိုစောင့်ရင်း ရပ်နေသော ကားတန်းကြီးများ၊ မျဉ်းကျားမှ ဖြတ်ကူးနေကြသော လူအုပ်ကြီးများနှင့် စည်ကားလှုပ်ခတ်နေသည်။ ကျွန်တော်သည် လူအုပ်ကြီးနှင့် အတူရောကာ မျဉ်းကျားမှ ကူးလာခဲ့သည်။

'မစိုးရိမ်' ရုပ်ရှင်ရုံထဲမှ လူတွေ ဖိတ်လျှံကျလာကြသည်။ ရုပ်ရှင်ပြီးချိန်မို့ လူတွေ ပိုမိုရှုပ်ထွေးလာသည်။ လမ်းပေါ်မှာလည်း ကားတွေစီတန်းသွားလာနေကြသည်မှာ ကားပွဲတော်ကြီးတစ်ခုနှင့်ပင် တူနေသေးသည်။

ခဏနေလျှင်တော့ လမ်းမီးတွေလည်း လင်းလာကြသည်။ ဤသို့ဖြင့် မန္တလေးမြို့သည် ညပြဇာတ်ကို ဆက်လက်ကပြရန်အတွက် မိတ်ကပ်လူးပြီး အဆင်သင့် ဖြစ်နေလေသည်။ လူငယ်လူရွယ်များလည်း ကော်ဖီဆိုင်မှာထိုင်ကြဖို့၊ လှပသော ညဦးပိုင်းတွင် ပလက်ဖောင်းပေါ် လမ်းလျှောက်ကြဖို့၊ သူတို့ချစ်ခင်သော ကောင်မလေးတွေအိမ်နားသွားပြီး ဂစ်တာတီးကြဖို့ အိမ်မှထွက်ကြပြီ။ ထို့ကြောင့်လည်း လမ်းပေါ်တွင် လူငယ်လူရွယ်တွေ ပိုမိုများပြားနေလေသည်။ ကောင်မလေးတွေလည်း လှလှပပ ကြော့ကြော့မော့မော့ ဝတ်စားဆင်ယင်ကာ လှုပ်ရှားသွားလာနေကြသည်။ ကျန်းမာရွှင်လန်းနေသော သူတို့တစ်တွေကိုကြည့်ပြီး ကျွန်တော် ဝမ်းသာပျော်ရွှင်နေသည်။

ကျွန်တော်သည် သူငယ်ချင်းနေထိုင်သော လမ်းကြားလေးထဲသို့ ချိုးဝင်လာခဲ့သည်။ သူငယ်ချင်းအခန်းကို ရောက်လျှင်တော့ သူငယ်ချင်းကို အဆင်သင့်ပင် တွေ့ရသည်။ သူလည်း အဝတ်အစားလဲကာ ကျွန်တော်နှင့် လိုက်လာခဲ့သည်။ ကျွန်တော်တို့သည် သန့်ပြန့်ကောင်းမွန်မည်ထင်သော စားသောက်ဆိုင်တစ်ခုသို့ ရှေးရှုထွက်လာခဲ့လေသည်။

ကျွန်တော်တို့သည် ထမင်းမစားခင် ပျော်ရွှင်ဖွယ် အရည်တစ်ခုခုသောက်သုံးဖို့ စိတ်ကူးရှိထားသဖြင့် စားပွဲထိုးအား ထမင်းနှင့် ဟင်းများမစီမံခင် ဆိုဒါနှင့် ရမ် ချပေးဖို့ ပြောရသည်။ ဆိုဒါနှင့် ရမ် ရောက်ရှိလာလျှင်တော့ ကျွန်တော်သည် သူငယ်ချင်း၏ ဖန်ခွက်ထဲသို့ ဆိုဒါနှင့်ရမ်ကို ရောစပ်ထည့်ပေးလိုက်သည်။ သူငယ်ချင်းအား အားမနာတမ်း

သောက်သုံးဖို့ အားပေးရသည်။ ထို့နောက် ကျွန်တော့်ဖန်ခွက်ထဲသို့ ဆိုဒါနှင့် ရမ်ကို ရောထည့်လိုက်သည်။

သူငယ်ချင်းက "၂၉ နှစ်မြောက် ခင်ဗျားမွေးနေ့မှာ ခင်ဗျားရဲ့ ကျန်းမာရေးအတွက်" ဆုတောင်းလိုက်ပြီး ဖန်ခွက်ထဲက ရွှေရောင်အရည်ကို မော့သောက်လိုက်သည်။ ကျွန်တော်ကလည်း သူငယ်ချင်း၏ ကျန်းမာရေးအတွက် ပြန်လည်ဆုတောင်းကာ ရွှေရောင်တစ်ဖန်ခွက်ကို သောက်သည်။

ထို့နောက် သူငယ်ချင်းက "ရှာဒေးရဲ့ ကျန်းမာရေးအတွက်" ဟု ဆုတောင်းပြီး သောက်သည်။ ကျွန်တော်က အသက် ၈၀ ကျော်ပြီဖြစ်သော ခေတ်သစ်ပန်းချီဆရာကြီး 'ဆယ်ဗာဒိုဒါလီ' ၏ ကျန်းမာရေးအတွက် ဆုတောင်းပြီးသောက်သည်။

ထို့နောက်တွင်ကား ဆရာဇော်ဂျီရဲ့ ကျန်းမာရေးအတွက်၊ ဆရာမင်းသုဝဏ်၏ ကျန်းမာရေးအတွက်၊ ဒေါ်ဒေါ်ရဲ့ ကျန်းမာရေးအတွက်၊ ဒဂုန်တာရာရဲ့ ကျန်းမာရေးအတွက်၊ ကြီးမြင့်စောရဲ့ ကျန်းမာရေးအတွက်၊ မုတ်သုန်ရဲ့ ကျန်းမာရေးအတွက်၊ မဂျူးရဲ့ ကျန်းမာရေးအတွက်၊ ပိုပိုရဲ့ ကျန်းမာရေးအတွက်၊ စိုင်းထီးဆိုင်ရဲ့ ကျန်းမာရေးအတွက်၊ မဲလ်ဂစ်ဘ်ဆင်ရဲ့ ကျန်းမာရေးအတွက်၊ မီသွန်းချာကရာဗော်တီရဲ့ ကျန်းမာရေးအတွက် ကျွန်တော်တို့ သောက်ကြသည်။

ကျွန်တော်က ကျွန်တော့်မွေးနေ့ပွဲကလေးကို ဤကဲ့သို့ (အောင်မြင်စွာ ဆိုပါတော့) ကျင်းပနိုင်သဖြင့် ပျော်ရွှင်နေသည်။ သူငယ်ချင်းကိုလည်း ကျေးဇူးတင်နေမိသည်။

ဤသို့ဖြင့် နာရီလက်တံတို့ ပင်ပန်းလာသလို ပုလင်းတွေထဲမှာ ယမကာဖျော်ရည်တို့ လျော့ပါးလာသည်။ ကျွန်တော်တို့ခန္ဓာကိုယ်တွေလည်း လေထဲမှာ ထပျံလုမတတ် ပေါ့ပါးလာသည်။ နောက်ဆုံးတွင်

ပုလင်းတွေထဲမှာ လက်ကျန်အနည်းငယ်သာ ကျန်တော့သည်။ ကျွန်တော်သည် လက်ကျန် ရွှေရောင်အရည်ကို ဖန်ခွက်နှစ်ခွက်ထဲသို့ အညီအမျှ ခွဲထည့်လိုက်သည်။

ထမင်းဟင်းတွေကို မှာလိုက်သဖြင့် စားပွဲထိုးက လာချပေးသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး ဆာလောင်နေလေပြီ။ ကျွန်တော်နှင့် သူငယ်ချင်းသည် လက်ကျန်ဖန်ခွက်နှစ်ခွက်ကို ပြိုင်တူမြှောက်လိုက်ကြသည်။ ဖန်ခွက်ချင်း အသံမြည်ရုံ အသာထိခတ်လိုက်ကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသေးသည်။

ထို့နောက် "အားလုံးရဲ့ကျန်းမာရေးအတွက်" ဟု ပြိုင်တူဆုတောင်းကာ လက်ကျန်ယစ်ရွှေရည်ကို ပြိုင်တူမော့ချလိုက်ကြသည်။ ကျွန်တော်တို့ ဝမ်းဗိုက်ထဲသို့ ရွှေရောင်အရည်တွေ စီးဆင်းသွားကြသည်။ ဒီကမ္ဘာမြေပြင်ပေါ်မှာ ကျွန်တော်တို့၊ ခင်ဗျားတို့ လူသားတွေအားလုံး ကျန်းမာနေလျှင်ဖြင့် ဘယ်လောက်ပျော်ရွှင်ဖို့ ကောင်းလိုက်မလဲဟု ကျွန်တော် တွေးနေလေသည်။

ရန်ကုန်သစ်ဝတ္ထုတိုစာစဉ်(၁)၊ ၁၉၈၉

❑

## ပင်လယ်ငှက်ကဲ့ မျက်လုံးမီးအိမ်

- ချမ်းအေး -

နှစ် ၇၀ ကျော်လျှင် တစ်ကိုယ်လုံး ရွှေဖြစ်သွားမည်။ ထို့ကြောင့် ယခု ကတည်းက ရယ်မောထားရန်မှာ သင့်တာဝန်ဖြစ်သည်။ သူ၏စာရေး ဆရာများမှာ မျက်ကန်းတစ္ဆေမကြောက်သော ဒုံးဝေးသည့် လူစားများ ဖြစ်သည်။ ကျောင်းသခ်မ်းဆိုလျှင် ကိစ္စမဟုတ်ပေ။ တရားဟောစင်မြင့် အတွက်ဆိုလျှင် ယင်းကိုဆောက်လုပ်ဖို့ သုဘရာဇာများနှင့်သာ အရင် ဆုံး တိုင်ပင်သင့်ပေသည်။

ဤနေရာတွင် သံပတ်ပေးထားသော စက်တပ်ယာဉ်များ သွားလာ သည်။ သင့်နေရာမှကြည့်မည်ဆိုလျှင် မှန်ပြတင်းတစ်ချပ် ကွဲနေသည် ကို မြင်ရမည်။ လုံလောက်သောအကွာအဝေးပင်ဖြစ်သည်။ ထို့အတွက် ညီမျှမှုပြုရန်မှာ အသက် ၅၀ ကျော်ရပေလိမ့်မည်။ ထိုသို့ဖြစ်ခဲ့လျှင် ဘာ ကိုမှပင် သင်ယူနေဖို့ မလိုတော့ပေ။ သို့သော် ချွေးပိုထွက်ပေလိမ့်မည်။

ဤနေရာသည် 'နွားနို့ထက် အမဲသားက ပိုမြင့်မြတ်သည်' ဟူသော အဘိဓမ္မာကို လူတစ်ယောက်က အဆိုတင်သွင်းဖူးသည့်နေရာ ဖြစ်သည်။ ဤနေရာသည် လူတစ်ယောက် သူကောင်းပြုခံရဖူးသည့် နေရာဖြစ် သည်။ ဤနေရာသည် လူတစ်ယောက် ချော်လဲခဲ့ဖူးသည့်နေရာ ဖြစ်

သည်။ ဤနေရာသည် လူတစ်ယောက် မျှော်လင့်ခဲ့ဖူးသည့်နေရာဖြစ်သည်။ လူငယ်တွေ သူ့ရဲကောင်းဖြစ်ကြပြီဟု ထာဝရအသံထွက်နေသော နေရာလည်းဖြစ်သည်။

နှစ် ၂၀၀ ကျော်သောအခါ ညှိခံပွဲတစ်ခုတွင် လူတစ်ယောက် ထိုးအန်ခဲ့ဖူးသည့်အဖြစ်အပျက်ကို မေ့သွားကြပေလိမ့်မည်။ အားလုံးသည် မြိန်ရေရှက်ရေကိစ္စများဖြစ်သည်။ မည်သည့်ပယောဂမှုလည်း မပါရှိတော့ပေ။ ဖရက်ဒရစ်နှစ်ရှေး၏ ဒဿနကို ထူထောင်လိုသော အပြောကြီးသည့်လူငယ်လည်း မရှိတော့ပေ။ သံသယဖြစ်ဖို့အတွက်ပင် သတိပေးနေရသည်။ အဘယ့်ကြောင့်ဆိုသော် လူတို့သည် ငါးသေတ္တာများကို လှိုင်လှိုင်စားသုံးနေရပြီဖြစ်သည်။

ဆောင်းရာသီရောက်မှသာ ရေခဲကို သောက်ဝါးလိုပေသည်။ အဖန်ရည်ပြင်းပြင်းတစ်ခွက်သည်သာ ဘဝဆန်သည်။ ပူလောင်သော နေနှင့် ဆီလျော်သော ဟန်ချက်ဖြစ်သည်။ သင်သည် အပြာနုရောင် ဝတ်စုံကို ဝတ်ထားခဲ့လျှင် စကားဝိုင်း၌ ကောင်းကင်ဟူသောဝေါဟာရကို မသုံးမိအောင် ဆင်ခြင်သင့်သည်ဟု ထင်ပါသည်။ ဤသည်မှာ ချင်ခြင်းတပ်မှုတစ်မျိုးပင်ဖြစ်ကြောင်းကို ငါ့လက်များက သက်သေခံလိုက်ပေသည်။

*

မြစ်ကိုနမ်းရန် ဆန္ဒရှိကြဖို့ လိုပေလိမ့်မည်။ ဦးခေါင်းတစ်လုံး၏ အထက်တွင် ကောင်းကင်ဆိုသည်မှာ ကျဉ်းကျဉ်းကလေးသာ ဖြစ်သည်။ သင့်လက်များကို ဆန့်ထွက်ရှည်လျားရန်အခွင့် သင့်တွင်ရှိပါသည်။ အတော်များများမှာ ငုံးဥကို အားရှိသည်ဟု အလွဲလွဲအမှားမှား မှတ်ထင်နေပေသည်။ သင်ကရယ်လျှင် သင့်ကို ရယ်မည်ဆိုတာ သတိပြုပါ။

ထိုးနှင့်ဖိနပ်ကို လိုအပ်နေသမျှ ဘာမှမဟုတ်သည်ဟု မှတ်ပါ။ သို့သော်... အမှန်တကယ်တွင် သိပ်ဟုတ်ပါသည်။ '၇' ရက်ဇေဒင်ကို မမေ့ပါနှင့်။ 'ဘက်ဂီယာ' မရှိသော သူသည်သာ ကမ္ဘာဦးကျောက်တုံးကို ရွှေ့စေလိမ့်မည်ဖြစ်သည်။ မြစ်ကို နမ်းဝံ့ရန် သတ္တိရှိဖို့ လိုပေသည်။

သင်သည် အကြောနှင့် အသားနှင့် စိမ်းစိမ်းမှောင်နေသော သီချင်းတစ်ပုဒ်ဖြစ်ချင်ဖြစ်နိုင်ခွင့်ရှိသည်။ သို့သော် ငါ ပါဝင်နေသော မျိုးဆက်က နဖာချေးကို ကလော်ထုတ်ရန် သိပ်ဆန္ဒရှိကြသည် မဟုတ်ပေ။ မြန်မြန်လှမ်းဖို့က အဓိကမဟုတ်ပါ။ ခြေလှမ်း၏ ခြေသံများထွက်နေဖို့သာ လိုအပ်ပါသည်။ သင့်ကိုယ်သင် သုံးစွဲပါ။ လိုအပ်လျှင် အရေခွံကို နွာရပေလိမ့်မည်။ အမြှုပ်ကိုဖယ်ပါ။ တန်ဖိုးအမှန်ကိုဖော်ပြပါ။ ထိုသို့မှ ကိုယ့်ကိုကိုယ် မသုံးစွဲလျှင် ရပ်ဆိုင်းတိမ်ကော သွားပေလိမ့်မည်။ ဆန့်ကျင်ဘက်အယူလည်း တစ်ရံမှာ မှန်ကောင်း မှန်နိုင်စရာ ရှိကောင်းရှိမည် . . . သင် ထင်နေပါသလား။ ယင်းသို့ တွေးမိသည်နှင့်တစ်ပြိုင်နက် သင့်ကို လေသင်တုန်း ဖြတ်ပြီဟု မှတ်ယူပါ။

သင်နှင့် ငါတို့၏အလုပ်သည် ခက်ခဲသောအက္ခရာများကို သာမာန်ဘာသာသို့ ပြန်ဆိုနေခြင်းဖြစ်ကြောင်း နားလည်စေလိုပါသည်။ ထို့အတွက် ဘုရားသခင်ထံမှ အခွင့်အရေးပြန်ရလိမ့်မည်ဟု မထင်ပါနှင့်။ အိပ်မက်ပျက်ယွင်းခြင်းသည် မုန်တိုင်းပင်ဖြစ်သည်။ တစ်စုံတစ်ရာ 'ကြေး' ကို ရလိုသမျှ ပင်လယ်သို့ရောက်မည်မဟုတ်သည်ကို သတိချပ်ပါ။ သင်နှင့် ငါတို့အရင် ဝိညာဉ်များသည် သေသည်ထိ ပေးရသည် မဟုတ်လော။ ပက်ရှင် passion ကို ရမ္မက်လို့ထင်ရင် သင်မှားမည်။ ခရစ်တော် ကားစင် အတင်ခံရစဉ်က ခံစားရသောဝေဒနာဖြစ်သည်။ သဘာဝချင်း မတူလျှင် ညှိမနေပါနှင့်။ မိမိကိုယ်မိမိ သစ္စာဖောက်ရာဖြစ်မည်။

*

ကျွန်ုပ်တို့ မြန်မာပြည်သည် စစ်ပြီးနောက်တွင် လွတ်လပ်ရေး ရသောနိုင်ငံဖြစ်သည်။ တောင်အမေရိကန်သားတို့သည် ခေါင်းမှစွပ်ချရ သော ဝတ်စုံကိုဝတ်ဆင်သည်။ စဉ်းစားဖို့ကောင်းသောဝတ်စုံဖြစ်သည်။ သို့သော် 'ယန်းကီး' တို့သည် အေးအေးဆေးဆေးပင် ဆေးလိပ်ကို သောက်နေသည်။ ကျွန်ုပ်၏ အတွေးအခေါ်တစ်လိပ်သည် သင်နေထိုင် သော အိမ်တစ်လုံးစာမျှ မိုးတိမ်တစ်ခု ဖြစ်ထွန်းနေသည်။ လူတစ်ယောက် ၏ ကောင်းကင်ပိတ်ဆို့မှုသည် ၂၇ နှစ်တွင် တစ်ကြိမ်ကျ ဖြစ်ပေါ် သည်။ ပြီးခဲ့သော ဩဂုတ် ၂၈ ရက်သည် ဂျာမန်ကဗျာဆရာ 'ဂွယ် ထယ်' ၏မွေးနေ့ဖြစ်သည်။ လူတစ်ယောက် သေမှုသည် စခြင်းဖြစ် သည်။ ဤသည်ကို သင် ရယ်နိုင်ပြီဆိုလျှင် ကျွန်ုပ်တို့နိုင်ငံ၏အကျယ် အဝန်းကို တစ်ပတ်ပြည့်မိအောင် ပတ်ခဲ့ပြီးသူဖြစ်သည်။ အနာဂတ်သည် ခြေတွင် အဆစ်မြစ်ရောင်သောရောဂါ ရနေသည်။

ပါးစပ်ကို အသုံးမပြုဘဲ စကားပြောတတ်သူ အလွန်နည်းသည်။ ဘဝကို အလကားဆန်ခြင်းသည် အန္တရာယ်ကြီးသည်။ အမျိုးတုံးနေပြီ ဖြစ်သော ရှေးဆင်ကြီးများ၏ဦးရေ တိုးပွားလာသည်။ ဝင်ကစွပ်ကောင် ကလေးများ၏ ကြီးထွားနှုန်းသည်လည်း အဆမတန် လျင်မြန်လွန်း သည်။ အသေကို အသက်သွင်းသည့်အတတ်ကို ခေတ်မီသူတိုင်း ပြုလုပ် နေသည်။ ၈၃ ခုနှစ်သည် သရုပ်ဆောင် အနုပညာနှစ်ဖြစ်မည်လော။ အဘယ်ကြောင့်ဆိုသော် နယ်ပယ်သစ် ရှာဖွေကြသူတို့ ပြန်မရောက် သေးသည့်အချိန်ဖြစ်သည်။ အားလုံးလိုလို ပင်လယ်တွင် မုန်တိုင်းမိနေ ကြသည်။

ချာလပတ်ရမ်းနေသော လမ်းညွှန်ဆိုင်းဘုတ်များ အများကြီးရှိနေ သည်။ သင်နှင့် မည်သူ့ကိုမဆို လမ်းလွဲသို့ ပို့လိမ့်မည်။ ဂရုစိုက်မနေ နှင့်။ ပင်လယ်သို့ရောက်အောင်သွားပါ။ မည်သူမဆို ယခုအချိန်သည်

ခရီးထွက်နေဖို့ အကောင်းဆုံးဖြစ်သည်ဟု မှတ်ယူပါ။ မိမိ၏အိပ်မက်ကို တိတ်တဆိတ် မွေးမြူနေပါ။ နောက်ထပ် ၁၀ နှစ်တွင် အမှန်တကယ် အနာဂတ်ဘီး လည်လိမ့်မည်။

သင့်ကိုယ်သင်သာ သုံးစွဲနေပါ။ ဖတ်၍မဆုံးသော စာအုပ်ကိုသာ လိုချင်သည်။ ငါတို့လည်း ဖတ်မည်။ နယ်ပယ်သစ်မဟုတ်လျှင်တော့ သင်သည် မြစ်ချောင်းအင်းအိုင် ဖြစ်မည်။ ငါတို့ စွန့်ပစ်မည်။ အပေါ်ယံ အသက်ခေတ်မှုဖြစ်လျှင် သင့်ကို ငြင်းဆန်မည်။ ငါတို့ ပြာကျခဲ့ပြီးဖြစ်သည်။ ဒီမှာ အမှုအရာ '၁၀' မှတ်သမား များသည်။ သင်ကလွဲလျှင် ဗလာညနှင့် ဘဝဆန်သော လက်ဖက်ရည်ကိုသာ ငါသောက်နေသည်။ ယနေ့လူတို့ မြိန်ရှက်နေသည့် အနုပညာဟင်းခွက်အားလုံးကို အော့နှလုံးနာပြီဖြစ်ကြောင်း ကြေညာသည်။

ပင်လယ်၏တစ်ဖက်တွင် ငါတို့ကိုစောင့်နေသော ဝိညာဉ် (ဝိညာဉ်များ) ရှိသည်။

22/23-October-1982

❑

# သတို့သမီး ကြည့်မှန်များ
# မိုးတိမ်နှင့် သတို့သား

- ဖြူမွန် -

ဒီကနေ့ နံနက်ခင်း နေရောင်ခြည်က ဝါဝါဖျော့ဖျော့ ပါးပါးကျဲကျဲနှင့် ကြည်ကြည်လင်လင် ဖြစ်ပါသည်။ ကောင်းကင်ပေါ်၌ တိမ်မျှင်တစ်စ ကလေးမျှပင် ရှိဟန်မတူပါ။ ကျွန်မ၏ အိမ်ကလေးအတွင်းမှာတော့ တိမ်ဖြူဖြူ သေးသေးစုစုကလေးများက အိမ်အတွင်းပိုင်းရှိ လေစီးကြောင်း အတိုင်း ဖြည်းလေးညင်သာစွာ မျောရွေ့လို့နေကြသည်။ တိမ်ဖြူသေး သေးလေးတစ်စုက ကျွန်မပခုံးပေါ်မှာ ခပ်သာသာကလေး လာရောက် ခိုငြိလျက်ရှိသည်။

ကျွန်မသည် မှန်ထဲသို့ တိတ်ဆိတ်ငြိမ်သက်စွာ ငေးမောကြည့်နေ မိသည်။ ကျွန်မ၏ အိမ်တစ်ခုလုံးအတွင်းမှာ ကြည့်မှန်များ အပြည့်တပ် ဆင်ထားလျက် ရှိသည်။ ဘဲဥပုံသဏ္ဍာန် ရှည်မျောမျော ကြည့်မှန်များ၊ လခြမ်းပုံများ၊ အဝိုင်းများ၊ လေးထောင့်များ... စသည်ဖြင့် ပုံသဏ္ဍာန် မျိုးစုံရှိသော ကြည့်မှန်များဖြစ်သည်။ ကျွန်မသည် ပြတင်းနှင့် အနီးဆုံး ကြည့်မှန်တစ်ချပ်ရှေ့မှာ ရပ်လျက်ရှိသည်။ စောစောတုန်းက မျက်နှာ ပေါ် ရေလောင်းချခဲ့သဖြင့် ကျွန်မ၏မျက်နှာပေါ်မှာ ရေစက်ရေပေါက် များ ပြည့်နှက်စိုစွတ်လို့နေသည်။ ပြတင်းပေါက်အပြင်ဘက်ရှိ ရေကန်

ငယ်ကလေးပေါ်သို့ ကျရောက်လျက်ရှိသော နေရောင်ဝါဖျော့ဖျော့များ က မျက်နှာကြက်မှတစ်ဆင့် ဣျန်မ မျက်နှာပေါ်သို့ ပြန့်ကျလာသည်။ ထိုနေရောင် အစက်အပြောက်ကလေးများက မှန်ထဲမှာ စူးလင်းတောက်ပ နေကြသဖြင့် အနည်းငယ် မူးဝေဝေဖြစ်လာသဖြင့် မျက်လုံးများကို ခဏ မှိတ်ထားလျက် ခေါင်းကို အနည်းငယ် ခါယမ်းလိုက်မိသည်။ မျက်လုံး များကို ပြန်ဖွင့်၍ မှန်ထဲသို့ ငေးမောကြည့်မိသော်လည်း မှုန်ဝေမူးရီနေ သောကြောင့် ဘာကိုမျှ သဲသဲကွဲကွဲ ပီပီသသ မမြင်ရပါ။

တိမ်အုပ်ထူထူကလေးတစ်စုက ဣျန်မနှင့် ကြည့်မှန်ကြားမှာ လာ ရောက် ရပ်လို့နေကြသည်။ ဣျန်မ အနည်းငယ် ပြုံးရယ်မိတော့မလို ဖြစ်သွားခဲ့ရသည်။ တိမ်ကလေးများသည် ဣျန်မကို စိတ်ကသိ ကအောက် အနည်းငယ်ဖြစ်အောင် ကျီစယ်တတ်သော်လည်း အနှောင့် အယှက်ဖြစ်အောင်တော့ မပြုလုပ်တတ်ကြပါ။ ဣျန်မသည် စာကြည့် စားပွဲပေါ်က မီးနီပွင့်ကလေး မပိတ်ရသေးတာကို အမှတ်ရလာမိသည်။ ဣျန်မ၏ ခန္ဓာကိုယ် လှုပ်ရှားလို့ မရသေးပါ။ ဣျန်မ ရပ်နေခဲ့သည်မှာ အနည်းငယ်ကြာသွားပြီဖြစ်သဖြင့် ခြေထောက်များက အနည်းငယ် ထုံကျဉ်သလို ဖြစ်လျက်ရှိသည်။

တစ်ခါတစ်ရံမှာတော့ ဣျန်မသည် စာဖတ်မီးကို ပိတ်လိုက်ပြီး မီးနီပွင့်ကလေး၏ ခလုတ်ကို ဆွဲဖွင့်လိုက်ရင်း ငြိမ်သက်စွာ ငေးမော ကြည့်နေမိတတ်သည်။ မီးနီပွင့်ကလေး၏ သင်္ကေတထဲမှာ အရာရာ အဆုံးသတ်နိုင်သလား။ ဣျန်မ၏ရင်ထဲမှ မေးခွန်းများကို ပြန်လည် မေးမြန်းနေခဲ့ခြင်းပဲ ဖြစ်သည်။ ထိုသင်္ကေတများထဲမှာ စုစည်းငြိမ်သက် နေသော ဣျန်မကို ဣျန်မခင်ပွန်းလောင်း မတော်တဆ တွေ့ရှိသွားချိန် မှာတော့ အကြီးအကျယ် မလိုတမာ ဖြစ်လာခဲ့တော့သည်။ သူ ဝင် ရောက်လာသည့်အခါမှာတော့ ဣျန်မ ပိတ်ထားသောတံခါးမှန်သမျှ

တစ်အိမ်လုံး လိုက်လို့ဖွင့်တတ်သည်။ ကျွန်မဖွင့်ထားသော မီးနီပွင့်ငယ်ကလေးကို ပိတ်ပစ်လိုက်သည်။ ထိုအချိန်မှာတော့ သူ့မျက်လုံးများမှာ တိတ်တိတ်ဆိတ်ဆိတ် တင်းတင်းမာမာ ဖြစ်လို့နေတတ်သည်။ ပုံမှန်အားဖြင့်တော့ သူ့မျက်လုံးများမှာ သစ်တော်သီးရောင် မျက်ဆန်များနှင့် လင်းလင်းချင်းချင်းဖြင့် ကြည်လင်လင်ရှိသော နှစ်လိုဖွယ်ကောင်းသည့် မျက်လုံးများပဲဖြစ်သည်။ တစ်ကြိမ်မှာတော့ ကျွန်မအနီးမှာ တည်တည်ငြိမ်ငြိမ် ရပ်လျက်ရှိသော သူ့ကို ပြောပြနေမိသည်။ "ကျွန်မက ဒီမျှော်လင့်ချက်တစ်ခုကိုတော့ မစွန့်လွှတ်ရဲဘူး။ ကျွန်မရဲ့ အရာရာကို ငြိမ်းသတ်ပစ်စေနိုင်မယ့် ဒီတစ်ခုကိုပေါ့" ကျွန်မသည် သူ့ကို အာခံသလို မီးနီပွင့်ကလေး၏ ခလုတ်ကို ပြန်လို့ဆွဲဖွင့်လိုက်ကာ ေးမောစိုက်ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ သူသည် ကျွန်မစကား နားထောင်လိုက်ရခြင်းကို ခရီးရှည်ပြေးလာခဲ့ရသူ တစ်ယောက်၏ မောပန်းမှုမျိုးဖြင့် မောပန်းသွားခဲ့ရသလို ဟန်မျိုးဖြင့် သက်ပြင်းရှည်ရှည်တစ်ချက်ကို အလျင်အမြန်ကသောကမျော ချလိုက်သည်။ ထို့နောက် အကြာကြီး ငြိမ်သက်လို့သွားခဲ့သည်။ ပြီးတော့ ကျွန်မ၏မျက်လုံးများကို သူ၏ ပူနွေးသောလက်ဖဝါးဖြင့် အုပ်လိုက်သည်။ မီးခလုတ်ကိုလည်း ဆွဲပိတ်ပစ်လိုက်သည်။ "မင်းဟာ ကိုယ့်စွဲလမ်းမှုထဲမှာ နစ်မွန်းခံဖို့ ကြိုးစားမိုက်မဲနေတာပါ။ ဒါကြောင့် မင်းဟာ သိပ်အတ္တကြီးတဲ့ မိန်းမ။ မင်းဟာ..." နောက်ဆုံးမှာတော့ သူ့အသံမှာလည်း တစ်ဝက်တစ်ပျက်ဖြင့် တိုးတိမ်၍ ပျောက်သွားခဲ့သည်ဟု ကျွန်မ ထင်လိုက်မိသည်။ အဲဒီအချိန်က ကျွန်မသည်လည်း သူ၏ လင်းချင်းတည်ငြိမ်သော မျက်လုံးများကို တစ်ဝက်မျှထိသာ ရင်ဆိုင်နိုင်ခဲ့တာကို အမှတ်ရလာမိပြီး စိတ်ထိခိုက်သွားမိသည်။ ကျွန်မသည် ကျွန်မ၏ မိုက်မဲစွာ ရန်းရင်းဆန်ခတ် ဖြစ်တတ်လျက်ရှိသော အတွေးများ၏ထွက်ပေါက်ကို သူ့အား ပြန်လည်၍ သေသေချာချာ ရှင်း

မပြနိုင်ခဲ့ဘဲ စကားလုံးများအားလုံးက ကျွန်မ၏ လည်ချောင်းဝမှာပင် တစ်ဆို့လျက် ကျပ်သိပ်အေးခဲသွားကြသည်။ နောက်တစ်နေ့မှာတော့ ကျွန်မခင်ပွန်းလောင်းသည် ကျွန်မအတွက် ဖြေသိမ့်ရာ ဖြစ်လိုဖြစ်ငြား ရိုးတံနီနီလေးများ များစွာပါဝင်သော ပျိုးပင်ငယ်ကလေးတစ်ပင်ကို လှပသော ကြွေအိုးတစ်လုံးတွင် ထည့်၍ ယူဆောင်လာခဲ့သည်။ ထိုအပင် ကလေး ရောက်ရှိချိန်မှာတော့ ကျွန်မသည် မီးနီပွင့်ကလေးမှ ကျွန်မ လိုအပ်လျက်ရှိသော သင်္ကေတကို မေ့လျော့လို့ သွားခဲ့ပြီး ပန်းအိုးကလေး ကို လက်နှစ်ဖက်ဖြင့် အသာအယာမကိုင်ရင်း ပျော်ရွှင်လို့နေခဲ့သည်။ အပင်ငယ်ကလေးကို ဝရန်တာဘက် နေရောင်ထုတ်ပြလိုက်၊ ရေလောင်း လိုက်၊ စာကြည့်စားပွဲပေါ် ပြန်တင်လိုက်ဖြင့် အရိပ်တကြည့်ကြည့်နှင့် အလုပ်ရှုပ်လို့နေခဲ့သည်။ သိပ်မကြာလှသော ရက်များအတွင်းမှာပင် ထိုအပင်ကလေး၏ ရိုးတံနီနီကလေးများ၊ အရွက်နီနီကလေးများကြားမှ အဝါရောင် အပွင့်သေးသေးလေးများ စတင်ပွင့်လို့လာသောအခါ ကျွန်မ အကြီးအကျယ် စိတ်ဆင်းရဲသွားတော့သည်။ တစ်နေ့နေ့မှာ အပွင့်နီနီ ကလေးများ ထပ်လို့ ပွင့်လာဦးမလား... မရေမရာဖြင့် မျှော်လင့်နေခဲ့ သည်။ မအောင့်အည်းနိုင်သည့် တစ်နေ့မှာတော့ ကျွန်မ ခင်ပွန်းလောင်း ကို မေးမိရတော့သည်။ "ဒီအပင်ကလေးက အပွင့်နီနီ ဘယ်တော့ပွင့် မလဲဟင်" သူသည် ကျွန်မမေးခွန်းကို အပင်တို့၏ မျိုးရင်းများ၊ မျိုးစိတ် များ၊ အပင်တို့အတွက် ဇီဝပြုပြင်ခြင်းများ အစရှိသည်ဖြင့် ရှင်းလင်းပြနိုင် ခဲ့သော်လည်း ဤအပင်ကလေး၏ မျှော်လင့်မထားသော မျိုးထွန်းမှု ဖြစ်ပေါ်ခြင်းကိုမူ သေသေချာချာ မဖြေနိုင်သဖြင့် သူ့အဖြေများမှာ ရှည် လျားစွာဖြင့် ကွေ့ကောက်တော့သည်။ တည်ငြိမ်ရင့်ကျက်မြဲဖြစ်သော သူ့မျက်နှာမှာ ကျွန်မမေးခွန်းကြောင့် နီမြန်းရှုပ်ထွေးလျက်ရှိသည်။ 'သိပြီ' ဟု သူ ကျေနပ်မှုရှိအောင် ကျွန်မ ပြောလိုက်ရသည်။ ကျွန်မ ဖြေမဆည်

နိုင် ဖြစ်ရတော့သည်။

ကျွန်မသည် မျက်စိကို တစ်ချက်မှိတ်ပြလိုက်ပြီး မှန်ထဲသို့ ပြန်လည် ငေးစိုက်ကြည့်နေမိသည်။ တိမ်ကလေးတစ်စက ကြည့်မှန်၏ လက်ယာဘက် အပေါ်ထောင့်စွန်းမှာ ချိတ်ငြိမိနေသဖြင့် သာသာလေး ဖြုတ်ပေးလိုက်ရသည်။ ကျွန်မသည် ရေစက်ကလေးများ ကျွန်မ မျက်နှာပေါ်မှ တိတ်တဆိတ် အငွေ့ပြန်နေကြပုံကို ငေးမောကြည့်နေမိသည်။ ကျွန်မ မျက်နှာပေါ်မှ ရေစက်တော်တော်များများ ပျောက်ကွယ်သွားချိန်မှာတော့ ကျွန်မ အနည်းငယ် တည်တည်ငြိမ်ငြိမ် ဖြစ်နေပြီဟု ထင်နေမိသည်။ ထိုသို့ ထင်လိုထင်ခြင်း ဖြစ်သည်ကို ကျွန်မကိုယ်ကျွန်မ အံ့ဩစဖွယ် တွေ့ရှိရသည်။

ကျွန်မသည် ကျွန်မ၏ အဆုံးစွန်သော လင်းချင်းမှုကို မြင်နိုင်ရန်အတွက် မှန်ထဲမှ ကျွန်မ မျက်လုံးများကို အားစိုက်၍ ကြည့်နေရသည်။ ကျွန်မ၏မျက်လုံးများက ဟိုးယခင်နှစ်များကနှင့် မတူတော့ပါ။ ကြည့်လိုက်သမျှ အရာတိုင်း ဝေဝါးမှုန်ရီလို့နေတတ်သည်။ အဲဒါဆိုရင် ကျွန်မကိုယ်ကျွန်မ ဝေးတော့မှာပဲ။ ကျွန်မ ငိုချလိုက်မိတော့မလို ဖြစ်သွားသည်။ အောက်နှုတ်ခမ်းထောင့်စွန်းကို နာကျင်လာသည်အထိ ကြိတ်၍ ကိုက်ဖိထားမိသည်။ မျက်ရည်များ စီးကျမလာစေရန် မျက်တောင်များကို တဖျတ်ဖျတ် ခတ်နေရသည်။ စောစောတုန်းက မှန်ထဲမှာ ကျွန်မ မဲ့လိုက်မိသလားဟု သံသယဖြစ်လာခဲ့သဖြင့် ကျွန်မ အသက်ရှူသံကို ကျွန်မ ပြန်လည် အာရုံစိုက်၍ နားထောင်နေမိသည်။

ဒီကနေ့မှာတော့ ကျွန်မ၏မျက်လုံးများကို ကြည်ကြည်လင်လင်ပင် ဖြစ်နေစေချင်မိသည်။ သိပ်မကြာခင်မှာ ကျွန်မ ခင်ပွန်းလောင်းသတို့သား ရောက်လာတော့မှာ ဖြစ်သည်။ ဒီကနေ့သည် ကျွန်မနှင့် ကျွန်မခင်ပွန်းလောင်းတို့ လက်ထပ်ကြမည့်နေ့ဖြစ်သည်။ ကျွန်မတို့

နှစ်ယောက် ဒီကနေ့ကို ရွေးချယ်၍ သေသေချာချာ ချိန်းဆိုထားခဲ့ကြသည်။ လက်ထပ်မင်္ဂလာ၏ အစီအစဉ်များကို ကျွန်မသတို့သားကိုယ်တိုင် စနစ်တကျ ရေးဆွဲခဲ့တာဖြစ်သည်။ သူ ရေးဆွဲခဲ့သောအစီအစဉ်များကို ကျွန်မအား အသေးစိတ် ရှင်းပြနေခဲ့သည်။ အဲဒီတုန်းက သူ့မျက်နှာတစ်ခုလုံး ပျော်ရွှင်မှုတို့ဖြင့် တောက်ပနူးညံ့နေခဲ့သည်ကို ကျွန်မ ငေးကြည့်နေမိခဲ့သည်။ သူ လာမည်ဟု ချိန်းခဲ့သည့်အချိန်က ၁၁ နာရီလား၊ ၁၁ နာရီခွဲလား၊ ၁၂ နာရီလား... ကျွန်မ မသေမချာ ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် စနစ်တကျဖြင့် တိကျတတ်သော ကျွန်မ သတို့သားသည် သူ သတ်မှတ်ချိန်းဆိုခဲ့သည့်အချိန်မှာ အတိအကျ ရောက်လာခဲ့မှာပဲ ဖြစ်သည်။

သူသည် ကျွန်မထံသို့ ရောက်လာသည့်အခါတိုင်း ကျွန်အတွက် မိုးတိမ်များပါဝင်သော ပါဆယ်ထုပ်များကို သယ်ဆောင်လာတတ်သည်။ သူ ယူဆောင်လာသမျှ မိုးတိမ်များအားလုံး အဖြူရောင် သေးသေးမွှမွှကလေးများချည်းဖြစ်သည်။ ကျွန်မအနေနှင့် အဖြူရောင် မိုးတိမ်ကလေးများကိုသာ ချစ်တတ်ကြောင်း အမှတ်တမဲ့ သူ့ကို ပြောပြခဲ့ဖူး၍ ဖြစ်သည်။ သူသည် ပင်လယ်ဘက်သို့ ခရီးအမြဲထွက်နေရသူဖြစ်သည်။ ပင်လယ်ထဲသို့ရောက်တိုင်း မိုးတိမ်များ ဖမ်းယူနိုင်သော ပစ္စည်းကိရိယာများကို တပ်ဆင်၍ ကျွန်မအတွက် ကျွန်မနှစ်သက်သော မိုးတိမ်ဖြူဖြူမွှမွှကလေးများကို ဖမ်းယူနေတတ်ခဲ့သည်ဟု ပြန်လည်ပြောပြတတ်သည်။ ရှင့်ကိုယ်ရှင်သနားတဲ့အခါ သေချာမှုကို ဖမ်းသင့်တယ်။ ကျွန်မက ပြန်ပြောရသည်။ သူသည် အံ့အားသင့်သွားဟန် ကျွန်မကို မေးတစ်ချက် ဆတ်ပြသည်။ သူ၏ မည်းနက်လှပသော မျက်ခုံးထူထူများ ကွေးတွန့်လို့သွားသည်။ ဘာလဲ၊ တစ်ဘဝစာ သေချာမှုလား။ သူ့လေသံက သူ့ကိုယ်သူယုံကြည်စိတ်ချမှုဖြင့် ပိုင်နိုင်မှုအပြည့်ရှိသော လေသံနှင့်ဖြစ်သည်။ ကျွန်မ

ဘာမျှ ပြန်မဖြေလိုတော့ပါ။ သူကတော့ ကျွန်မအတွက် မိုးတိမ်ကလေးများ စုဆောင်းပြည့်နှက်လာသည့်အခါ ကျွန်မထံ ရောက်ရှိလို့လာတတ်သည်။

မျှော်လင့်ခြင်း ကမ်းပါးထက်မှာကွယ်
ငါးကလေးတွေလည်း မျောရွေ့နေကြတယ်
သူတို့မျက်လုံးထဲက မျက်ရည်တွေကို တွေ့ခဲ့ရလို့
တိမ်ကလေးတောင်မှ တိတ်ဆိတ်သွားခဲ့တယ်
တားတာ့ဒါ... တာ့ဒါ... တာ့ဒါ...

သူ လာသည့်အခါမှာတော့ ဒီတစ်ပုဒ်တည်းသော သီချင်းကိုပင် စိတ်လိုလက်ရ ဆိုညည်းတတ်လာသည်။ သူ လျှောက်လာသည့် ဘွတ်ဖိနပ်သံပြင်းပြင်းက သူ့သီချင်းကို စည်းဝါးလိုက်သလို ဖြစ်လျက် ရှိသည်။ ကျွန်မသည် သူ့သီချင်းကို ကြားစကတည်းက အံ့ဩနှစ်သက်သွားမိလျက် သူ့သီချင်းကို ကြားရတိုင်း လက်ထဲမှ လက်ကိုင်ပဝါကို ဖြန့်လိုက်လျက် ကျွန်မမျက်နှာကို အလျင်အမြန် အုပ်ပစ်လိုက်ရသည်။ ကျွန်မမျက်လုံးထဲမှ မျက်ရည်များ သူ မမြင်တွေ့စေချင်၍ဖြစ်သည်။

"ကလေးရေ..."

သူ နှုတ်ဆက်သည့်အခါမှာတော့ ကျွန်မကိုယ်ကျွန်မ ထိန်းသိမ်းလျက် လက်ကိုင်ပဝါကို လက်ထဲမှာ လုံးခြေပစ်ရသည်။ ကျွန်မ၏ ပါးလှပ်သော ကိုယ်ခန္ဓာကို ဝရန်တာမှ တိုင်တစ်ခုခုမှာ မှီနွဲ့ရပ်လိုက်လျက် သူ၏ လင်းချင်းတည်ငြိမ်သော မျက်နှာကို သူ စိတ်ချမ်းသာလာအောင် ပြန်ပြုံးပြသည်။

သူသည် ကျွန်မအပေါ် သည်းခံတတ်သူဖြစ်သဖြင့် (မီးနီပွင့်ကလေး၏ သင်္ကေတမှလွဲလျှင်) ကျွန်မစကားများကို စိတ်ရှည်လက်ရှည် နားထောင်ပေးမည်ကို သိသော်လည်း ကျွန်မသည် သူ့ကို သူ၏ အပင်

နီနီကလေးမှ အနီရောင်ပန်းကလေးများ ပွင့်မလာသေးသည့်အကြောင်းကို ပြောမပြတော့ပါ။ ကျွန်မ၏ အိမ်ကလေးတစ်ခုလုံးမှာ ကြည့်မှန်များဘာကြောင့် အပြည့်တပ်ဆင်လိုက်သည်ကိုလည်း ပြောမပြတော့ပါ။ သူကတော့ သူ၏ဘွတ်ဖိနပ်ကို သိုသိပ်သော်လည်း ဂလောက် ဂလောက်ဖြစ်အောင် စီးလျက်က ကျွန်မ ဝယ်ယူတပ်ဆင်ထားသော တစ်အိမ်လုံးရှိ မှန်များ၏ ပုံသဏ္ဍာန်အမျိုးမျိုးကို လိုက်လို့ကြည့်နေခဲ့ပြီး ကျွန်မ၏စိတ်ရှုပ်ထွေးနေမှုများကို စာနာကာ ခေါင်းစည်းပဝါများ၊ ကလစ်များဝယ်ယူလို့ ပေးခဲ့သည်။ ကျွန်မ ဘာလိုသေးလဲ။ သူက ကျွန်မမျက်နှာကို သိမ်သိမ်မွေ့မွေ့ကြည့်ကာ မေးမြန်းစုံစမ်းနေတတ်သည်။ ကျွန်မခေါင်းခါပြလိုက်တိုင်း သက်ပြင်းချတတ်ခဲ့သော်လည်း ကျွန်မ စိတ်သက်သာရာ ရလိုရငြား မိုးတိမ်ကလေးများကို သယ်ဆောင်ယူ၍ ရောက်ရှိလာတတ်မြဲဖြစ်သည်။ သူ ယူဆောင်လာပေးသော မိုးတိမ်ကလေးများသည် နူးညံ့သိမ်မွေ့စွာ ကျွန်မ အိမ်ကလေးထဲမှာပင် ငြိမ်ငြိမ်တိတ်တိတ်ကလေး တစ်နေရာမှ တစ်နေရာသို့ မျောရွေ့နေတတ်ကြသည်။

မှန်ထဲက ကျွန်မ ပါးပြင်ပေါ်မှာ ရေစက်ကလေး နှစ်စက် သုံးစက်မျှသာ ကျန်တော့သည်ကို တွေ့နေရသည်။ တစ်၊ နှစ်၊ သုံး။ ကျွန်မ၏မဆုံးနိုင်ခဲ့သော ရေတွက်မှုများကို အမှတ်ရလို့လာမိသည်။ တစ်ခုပြီးလျှင်နောက်တစ်ခု ပြောင်းလဲရေတွက်နေခဲ့တာ ဖြစ်သည်။ ကျွန်မကိုယ်ကျွန်မစိတ်ပျက်စွာ ကြေကွဲလို့လာခဲ့သည်။ ကျွန်မသည် မျက်နှာကို မှန်ဘက်သို့ အနည်းငယ်တိုးရွှေ့၍ ကြည့်နေမိသည်။ ကျွန်မကိုယ်ကျွန်မ ရပ်ကြည့်ငေးမောရင်း နလုံးအိမ်အတွင်းမှ တဖြည်းဖြည်း နာကျင်လာလျက် ရှိသည်။ မဆုံးနိုင်သော ရေတွက်ခြင်းများကို ရပ်တန့်ပစ်နိုင်ဖို့ မှန်အတွင်းသို့ စူးစိုက်ကြည့်ရင်း စတင်ရေတွက်လို့နေမိသည်။ "မင်းဟာ အရွယ်ကြီးတဲ့မိန်းမ"၊ "မဟုတ်ဘူး" "မဟုတ်ဘူး" "လုံးဝ မဟုတ်ပါဘူးကွယ်"

ကျွန်မခြေလက်များ အေးစက်ပျော့ခွေလာသည်။ တစ်၊ နှစ်။ ပြိုကွဲနေသော အာရုံများကို ပြန်လည်စုစည်း၍ စူးစိုက်ကြည့်လိုက်သည်။ တစ်၊ နှစ်၊ သုံး၊ လေး...

ငါး...

... ...

ကျွန်မ၏ အသက်ရှူသံများက သိပ်ယောက်ယက်ခတ် မနေတော့ဘဲ တဖြည်းဖြည်း တည်ငြိမ်လို့လာသည်ကို တွေ့ရသည်။

... ... ...

... ... ...

... ... ...

ကျွန်မ ပြန်လည်သတိရလာချိန်မှာတော့ ကြည့်မှန်များ၏ မျက်နှာပြင်သည် ကျွန်မနောက်ကျောဘက် အတော်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီဖြစ်သည်ကို တွေ့ရတော့သည်။

*

ထိုနေ့က ချိန်းဆိုထားသော ၁၁ နာရီတိတိအချိန်တွင် သတို့သားသည် သူ့အစီအစဉ်အတိုင်း တိကျစွာ ရောက်လာခဲ့သော်လည်း သူ၏ သတို့သမီးကို မတွေ့ရှိရပါ။ သူ ရောက်ရှိသွားသည့် အချိန်မှာတော့ အုံ့ဩစရာကောင်းလောက်အောင် အိမ်ကလေးအတွင်းမှာ ညင်ညင်သာသာ မျောရွေ့မြဲရှိနေတတ်ကြသော တိမ်ကလေးများက ရပ်တန့်လျက်ရှိနေသည်ကို တွေ့ရသည်။ သူ၏သတို့သမီးသည် အိမ်ရှေ့ရှိ အုန်းပင်များ၏ အရိပ်များထက် ကျော်လွန်၍ အကြောင်းမဲ့ အပြင်မထွက်တတ်ပါ။ ဒီကနေ့လိုရက်မှာ သူမ အပြင်ထွက်မှာမဟုတ်တာ သေချာပါသည်။ သူသည် ပူလောင်သောကပြင်းစွာဖြင့် တစ်အိမ်လုံးအနှံ့ လိုက်လို့ရှာဖွေ

နေမိသည်။ စိုးရိမ်သောကပြင်းစွာဖြင့် လိုက်လံရှာဖွေလျက်ရှိသော သတို့သားကို အိမ်တွင်းရှိ ကြည့်မှန်များအားလုံးက စိတ်မချမ်းမြေ့စွာဖြင့် ရပ်လို့ ငေးစိုက်ကြည့်လျက် ရှိနေကြသည်။]

အဝေးရောက် သစ်တစ်ပင်နှင့် အခြားဝတ္ထုတိုများ

❑

# သုည
### - မမြင့်ခိုင် -

၁၉၆၂ ခုနှစ်တွင် မယ်ရီလင်မွန်ရိုး အိပ်ဆေးအလွန် အကျွံသောက်ကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်။ သည်တုန်းကမူ သူ့အသက် ၃၆ နှစ် လျှမ်းလျှမ်းတောက်နာမည်ကြီး ရုပ်ရှင်မင်းသမီး။ ၁၉၈၈ ခုနှစ် ခရစ်စတီနာ အိုနာစစ် သေဆုံးသွားသည်။ သေဆုံးရခြင်းအကြောင်း အရင်းအမြစ် ရောဂါအမည်တစ်ခုကို တပ်ပေးခဲ့ကြသော်လည်း သေဆုံးချိန်တွင် သူနံဘေးမှာ အိပ်ဆေးပုလင်း မြောက်မြားစွာ တွေ့ရခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခြင်းဟုပင် ယူဆခဲ့ကြသည်။ သည်တုန်းက သူ့အသက် ၃၇ နှစ် ကမ္ဘာ့အချမ်းသာဆုံးတွင် တစ်ဦးအပါအဝင် သူကြွယ်မိန်းမ။ မွန်ရိုးသေစဉ်က ကမ္ဘာ့သတင်းစာများ၏ အယ်ဒီတာ့ အာဘော်တွင် ဖော်ပြချင်း ရှိ မရှိ မသိရသော်လည်း ခရစ်စတီနာသေဆုံးသောအခါတွင်မူ ဖော်ပြခဲ့သည်။ ဂရိနိုင်ငံ၏ ဘဏ္ဍာရေးနှင့် သူ၏ အလှူပယ်ကြွယ်ဝမှုတို့ကို ခွဲခြားမရ။

"ကမ္ဘာ့အနှံ့အပြားတွင် ခရစ်စတီနာ ပိုင်ဆိုင်သော ပစ္စည်းများစွာ လက်ညှိုးထိုးမလွဲ ရှိသည်။ သို့သော် ယင်းကမ္ဘာ့အနှံ့အပြားတွင် သူပိုင် အိမ်တစ်လုံးမျှမရှိ။" သည် စာလေးနှစ်ကြောင်း သုံးကြောင်းသည် အလွန်

အောင်မြင်ကျော်ကြားကာ ချီးမြှင့်မြှောက်စားသူတွေ ပတ်လည်ဝိုင်းနေသည့်ကြားမှ အထီးကျန် လူသားတစ်ယောက် အကြောင်း အပီပြင်ဆုံး ဖွဲ့နွဲ့ပြလိုက်သည့် ဘဝသရုပ်ဖော် ဝတ္ထုလေးတစ်ပုဒ်ပါပဲ။

အဖေနှင့်အမေကွဲ၊ အစ်ကို လေယာဉ်ပျက်ကျသေ၊ နောက်ဆုံး အဖေသေတော့ သူမက ပြောသည်။

"ခုတော့ ကမ္ဘာပေါ်မှာ ကျွန်မတစ်ယောက်တည်း။ ဒါပေမဲ့ ကျွန်မ အရင်က ခရစ်စတီနာ မဟုတ်တော့ဘူး။ ကျွန်မမှာ ငိုဖို့မျက်ရည် မရှိတော့ဘူး"တဲ့။

သူ ကွယ်လွန်ပြီဆိုတော့ မယုံနိုင်အောင် အံ့ဩကြသည်။ သည်အချိန်တုန်းက နောက်ထပ် ယောကျ်ားတစ်ယောက်နှင့် မကြာခင် လက်ထပ်ကြဖို့ အစီအစဉ်တွေဆွဲကာ သူ ပျော်ရွှင်တက်ကြွနေသတဲ့။ အင်မတန်ပျော်နေသော လူသားတစ်ယောက်သည် ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သလဲ။

သူသေဆုံးခြင်းအတွက် အမည်တပ်သောရောဂါမှာ စိတ်လှုပ်ရှားမှု ဒဏ်ကို မခံနိုင်သော နှလုံးရောဂါတော့ မဟုတ်ပါ။

မွန်ရိုးကို 'ဟောလီဝုဒ်က သတ်သည်။ သတင်းထောက်တွေက သတ်သည်။ သမ္မတအသိုင်းအဝိုင်းက သတ်သည်' စသည်ဖြင့် ကျွက်ကျွက်ညံအောင် ပြောခဲ့ ကြသည်။ ခရစ်စတီနာကိုကော ဘာတွေက သတ်သလဲ။ သူတို့ ဘာတွေနောက်လိုက်ခဲ့ကြသလဲ။ တကယ်တမ်း သူတို့ရင်ထဲက လိုချင်တောင့်တနေသည်မှာ ဘာလဲ။ ဘာတွေကို ဆုံးရှုံးလိုက်ကြရ၍ လူအများ မက်မောအားကျကြသော သူတို့ဘဝကို စွန့်လွှတ်သွားခဲ့ကြသလဲ။

*

'စိမ်းမြတ်သူ' ကို ဘာလုပ်လုပ် အောင်မြင်တဲ့မိန်းမဟု နောက်ကွယ်မှာ ပြောကြသည်။ မျက်နှာတည့်တည့်ကြည့်ပြီးလည်း ပြောကြသည်။ သူတို့ပြောကြသည်မှာ ဟုတ်သလား၊ မှန်သလား။ သည်လို စိမ်းမြတ်သူကို ဆုံးဖြတ်ခဲ့သူများတွင် အလွန်ခမ်းနားသော တိုက်အိမ်ကို ပိုင်ဆိုင်နေသူများလည်းပါသည်။ ငွေကို ချင့်ချိန်သုံးစရာ မလိုအောင် ပေါများကြွယ်ဝနေသူများလည်း ပါသည်။ ကားကို အသစ်ပေါ်တိုင်း လဲစီးနိုင်သူများလည်း ပါသည်။ သူတို့ပိုင်ဆိုင်သောအရာများကို စိမ်းမြတ်သူ တစ်ခုမျှ မပိုင်ဆိုင်ပါ။ သည်လိုဆိုရင် သူတို့က အောင်မြင်သည်ဟု သတ်မှတ်သည်မှာ မည်သည့်အရာလဲ။ စိမ်းမြတ်သူထံတွင် သူတို့ ဘာကိုအားကျကြသလဲ။ ဟိုတလောက အလုပ်တစ်ခုလုပ်ခဲ့သည်။ လူတကာက လုပ်ချင်ကြသည့်အလုပ် ဖြစ်မြောက်သွားသည်။ သို့သော် မလုပ်မီကလည်း အနီးကပ်ဆက်ဆံနေရသော ဆွေမျိုးသားချင်းမိတ်ဆွေရင်းချာ တစ်ဦးတလေမှလွဲ၍ မည်သူ့ကိုမျှ တကူးတက မပြော။ ကိုယ့်ကိစ္စကိုယ် ဆောင်ရွက်သည်မှာ အပြင်လူ မည်သူမျှ သိရန်မလို။ ကြွားစရာလည်းမလို။ သို့သော် များစွာ အံ့သြခဲ့ရသည်။ သည်ကိစ္စကို လူအတော်များများ သိသွားခဲ့ကြသည်။ 'ကွန်ဂရက် ကျူးလေးရှင်း'မှစကာ တစ်ဖွဲ့တစ်နွဲ့ ချီးမြှောက်ကြပြီး မည်သို့မည်ပုံ ဆောင်ရွက်ရသည်။ ငွေမည်မျှ ကုန်ရသည်တို့ကို မေးခဲ့ကြသည်။ အကယ်စင်စင် သည်အခွင့်အရေးရရန် အတွက် ငွေကြေးကို ပုံအောသုံးနိုင်ရန် စိမ်းမြတ်သူထံတွင် သည်မျှများပြားသော အရင်းအနှီးမရှိ။ မမြင်ရသေးသော ကံတရားက 'ဆောင်ရွက်နိုင်မှု' နှင့် 'မိတ်ဆွေကောင်းတစ်ယောက်' ဟူသော အရာနှစ်ခုကို အကောင်းဆုံးလက်ဆောင်အဖြစ် ပေးအပ်ခဲ့၍ပါပဲ။ သည်ဘဝပေး အခွင့်အရေးသည်သာ စိမ်းမြတ်သူအတွက် တစ်ခုတည်းသော အခွင့်အရေးဖြစ်လေသည်။

"ဘယ်သူ့မှ မပြောဘဲနဲ့ ဘာဖြစ်လို့ လူ ဒီလောက် သိနေရပါလိမ့်" ဟု ညည်းညူမိသောအခါ ဆရာတစ်ယောက်က...

"နာမည်တစ်လုံးနဲ့နေတာပဲဟာ"ဟု ဆိုပါချေ၏။

ဟုတ်ပါသလား။ စိမ်းမြတ်သူဆိုတာ နာမည် တစ်လုံးနဲ့တဲ့လား။ မိမိကို ကောင်းစွာ 'သိ' ခဲ့သူတစ်ဦးက ပြောသောစကား။

"စိမ်းမြတ်သူ"

မိမိကိုယ်ကို စိတ်ပျက်ရသော အချက်များထဲတွင် သည်အမည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ တစ်လုံးချင်း ဘာမျှမထူးခြားသော အမည်သည် အစီအစဉ်တစ်ခုနှင့် တွဲစပ်လိုက်သောအခါ ရှားပါးပစ္စည်း တစ်ခု ဖြစ်လာခဲ့သည်လား မဆိုနိုင်။ မည်သည့်ကိစ္စကို ဆောင်ရွက် ဆောင်ရွက် ထင်းခနဲ ပြက်ခနဲ ဖြစ်ခဲ့ရသည်တော့ အမှန်ပင်။ နှစ်ယောက် မရှိနိုင်သော အမည်တစ်ခုကို မိဘများက ဘာကြောင့်ပေးခဲ့ရပါလိမ့်။ အများကြားတွင် ပေါ်လွင်ထင်ရှားနေလိုသူသာ ဆိုလျှင်တော့ သည် အမည်ကို ပိုင်ဆိုင်ရသည်မှာ ဘဝင်ခိုက်စရာပေပဲ။

ဖြတ်သန်းခဲ့ရသောဘဝကို ပြန်ကြည့်လိုက်သောအခါ ရှားပါးသောအမည်တစ်ခုကို မိဘများက ပေးခဲ့သလို ကံတရားကလည်း လူ အများစုရရန် မလွယ်သော အရာများကို နှင်းအပ်ခဲ့ကြောင်း ထင်းထင်းကြီး မြင်ရလေသည်။

ထက်မြက်သောဉာဏ်၊ ကြံ့ကြံ့ခံသော အခွင့် အရေးထူးများ။

စာကို တကူးတက ပင်ပင်ပန်းပန်း ဖတ်ရမှတ်ရ သည်မရှိပါဘဲနှင့် လူတကာထိပ်မှနေခဲ့ရသော၊ သချ်ာကို အမှတ်တစ်ရာပြည့်နှင့် ဂုဏ်ထူး များ ရခဲ့ဖူးသော စိမ်းမြတ်သူ။

ကံကောင်းခြင်း သို့မဟုတ် ကံတရားက မျက်နှာသာပေးခြင်းကို တော့မူ ဆယ်တန်းရောက်သောအခါမှ စ၍ ခံစားခဲ့ရသည်။

ဓာတုဗေဒနှင့်ရူပဗေဒဟူသည်ကို ဆယ်တန်းရောက်မှစ၍ ထိတွေ့ဖူးသည်။ ရှစ်တန်းမှစ၍ သင်လာသူတွေနှင့် ထိပ်တိုက်တိုးရသည်။ သူတို့က ဒေါက်ဒေါက်ဒေါက်ဒေါက်နှင့် ပြောနေချိန်တွင် ကိုယ်က ရေးရေးမျှသာ ရှိသေးသည့်အခြေအနေနှင့် စာမေးပွဲ ဖြေခဲ့ရသည်။ သို့သော် မေးခွန်းစာရွက်ကြည့်လိုက်တော့ အခက်ကြီးမဟုတ်သော ပုစ္ဆာများ၊ သည်တော့ ဂုဏ်ထူးနားကပ်သော အမှတ်များကို ရခဲ့ခြင်း၊ တစ်ကျောင်းလုံးမှာ ဒုတိယရခဲ့ခြင်းမှာ ကိုယ်'တော်'၍မဟုတ်။ ကံကောင်း၍သာဟုသဘောပေါက်ခဲ့ရသည်။ လက်လည်း ခံခဲ့သည်။ လူရည်ချွန် မဖြစ်ရသည်ကိုလည်း လုံးဝဝမ်းမနည်း။ ရဖို့လည်း မမျှော်လင့်။ အတန်းထဲမှာ ကိုယ့်ထက်တော်သူတွေ အများကြီးဟု အစကတည်းက သဘောပိုက်ထားခဲ့သည်ပဲ။

အဆောင်အယောင် ဂုဏ်ဒြပ်အရာတွင် နံပါတ် 'တစ်'ဖြစ်ရန်သည် စိမ်းမြတ်သူ တပ်မက်မောသော အရာမဟုတ်။ ပြောလျှင် ယုံကြည်ဖို့ ခဲယဉ်းမည်ထင် သည်။ အတန်းထဲတွင် တစ်၊ နှစ်၊ သုံး နေရာများကို အမြဲရခဲ့၍လည်း ငါတော်လှချည့်ဟု မည်သည့်အခါမျှ မခံစားဖူးသည်မှာ အမှန်။ သို့သော် တော်တော့ တော်ချင်သည်မှာ အမှန်ပင်။

သည်တုန်းက အစ်မ၏ သူငယ်ချင်းတစ်ယောက်ကို အားကျသည်။ သူက ဆရာဝန်ဖြစ်ချင်သည်။ သို့သော် ဆရာဝန်ဖြစ်ချင်လျှင် သိပ္ပံဘာသာတွဲကို ရှစ်တန်းမှစ၍ ယူခဲ့မှသာ ဆယ်တန်းတွင် အမှတ်ကောင်းကောင်းရမည်။ သည်တော့ ရိုးရိုးဘာသာတွဲနှင့် ကိုးတန်း ရောက်နှင့်နေပြီးသောသူက ရှစ်တန်းပြန်ဆင်းကာ ဓာတုဗေဒ၊ ရူပဗေဒတို့ကို ယူသည်။ စကောလားရှစ်ရသည်။ သူဖြစ်ချင်သည့်အတိုင်း ဆေးတက္ကသိုလ် ရောက်ကာ ဆရာဝန်ဖြစ်သွားသည်။

စိမ်းမြတ်သူ အားကျသည်ဆိုသည်မှာ ဆရာဝန် ဖြစ်သွားခြင်းကို

မဟုတ်။ ဖြစ်ချင်သည်ကို ဖြစ်အောင် လုပ်သွားနိုင်ခြင်းနှင့် စကောလားရှစ် ရခြင်းကိုသာ။ သူ့လို ကိုယ်လည်း သည်ဆုတော့ လိုချင်သည်။ သို့သော် မြန်မာပြည်အနှံ့မပြောနှင့် ကိုယ့်အတန်းကလေးထဲမှာပင် ကိုယ့်ထက် တော်သူတွေ တစ်ပုံတစ်ပင်၊ သည်တော့ ပင်ပန်းတကြီး မကြိုးစားတော့။

ဒုတိယအကြိမ်မြောက် မယုံနိုင်စရာကောင်းလောက်အောင် ကံကောင်းခဲ့ခြင်းပင်။ စကောလားရှစ်ရသော ကိုးဆယ့်ရှစ်ယောက်စာရင်းတွင် စိမ်းမြတ်သူ အမည် ပါခဲ့သည်။ ကိုယ့်နာမည်ကိုကြည့်၍ ကြည်နူးဝမ်းသာနေမိရင်းမှ တစ်ပြိုင်တည်းမှာပင် ရှက်ခြင်းဝေဒနာတစ်ခုကိုလည်း ထူးဆန်းစွာ ခံစားလိုက်ရသည်။ ကြိုးမှ မကြိုးစားခဲ့တာ မထိုက်တန်ဘူး။ တခြား တော်တဲ့သူ၊ ကြိုးစားတဲ့သူပဲ ရဖို့ကောင်းတာ။ စကောလားရှစ် ရခွင့်မရှိတဲ့ ကိုယ်ပိုင်ကျောင်းတွေမှာ ငါ့ထက် ထိုက်တန်တဲ့သူ ဘယ်နှယောက်ရှိနေမလဲ။

မြင့်မားသည်ဟု သူယူဆသတ်မှတ်ခဲ့သော ဘွဲ့ကို ရရှိခဲ့သည်မှာလည်း စင်စစ်တော့ ချီးပတကြီး ပြောဆိုနေရမည့် ကိုယ့်ကိုယ်ကိုယ် အထင်တကြီး ဖြစ်နေရမည့် ကိစ္စမဟုတ်၊ အညံ့ဖျင်းကြီး မဟုတ်သမျှ စာမှန်မှန်ကြည့်လျှင် ရနိုင်သည့်ဘွဲ့ပင်။ ကိုယ့်ထက်သာပါလျက် အခြေအနေအရပ်ရပ်ကြောင့် သာမန် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့လောက်သာ ရသွားကြသူတွေ အများကြီး။ နောက်ထပ် ပိုင်ဆိုင်လာခဲ့ရသော ကံကောင်းခြင်းတွေကတော့ ဘွဲ့ပြီးလေးလ အတောအတွင်း လွယ်လွယ်ကူကူပင် အရာရှိဖြစ်ခဲ့ခြင်း၊ ခါးသီးစွာ ခံစားနေကြရပါလျက်သားနှင့် အများစုက ကုတ်ကတ်ဖက်တွယ်ထားရသော ဘဝကို ကိုယ်က အထင်မကြီး မမက်မောတော့သောအခါ လွယ်လွယ်လေးပင် ကျောခိုင်းစွန့်ခွာပစ်နိုင်ခဲ့ခြင်း၊ အခြားသိထားသော အတတ်ပညာများနှင့် မိမိ၏ဘဝကို အခြားသူ တစ်ဦးဦး၏ အကူအညီမပါဘဲ သန့်ရှင်းစင်ကြယ် တင့်တယ်စွာ ဆက်လက် ထူ

ထောင်နိုင်ခဲ့ခြင်းတို့ပါပဲ။

*

ဆရာဒဂုန်တာရာ ရေးခဲ့သည်ဟု ထင်ရသော စာတစ်ကြောင်းကို သတိရသည်။ လုပ်ချင်သည်ကို မလုပ်ရ၍ ဝမ်းနည်းနေစရာမလို၊ မလုပ်ချင်သည်ကို မလုပ်ဘဲ နေ၍ ရသည့်အခွင့်အရေးအတွက်သာ ဝမ်းသာရမည်တဲ့။ သည်တော့ မလုပ်ချင်သည်ကို မလုပ်ဘဲ နေ၍ရသော၊ လုပ်ချင်သည်ကိုလည်း လုပ်ရသော ကိုယ့်လောက် ကံကောင်းသူ ဘယ်မှာရှိမည်လဲ။

သည့်ထက်...

လုပ်ခဲ့ရသော နယ်မြေအသီးသီး၌လည်း 'လုပ်နိုင်မှုအတွက်' 'စိမ်းမြတ်သူ'ဟူသော အမည်တစ်ခု နောက်လူတွေကြားမှာ ကျန်ရစ်သည်ဟု ပြန်ကြားရသောအခါ လက်မောင်း မခတ်မိသော်လည်း သာမန်လူသားတစ်ယောက်ပီပီ ကြည်နူးပီတိ ဖြစ်ခဲ့ရသည်မှာတော့ အမှန်ပင်တည်း။

ဘဝတွင် ကံအကောင်းဆုံးဟု ယူဆသောအရာကတော့ 'အနုပညာသမား'တစ်ယောက် ဖြစ်ခဲ့ရခြင်းပင်။ စိမ်းမြတ်သူ စာရေးသမားတစ်ယောက် ဖြစ်ခဲ့သည်။ စာရေးဆရာဟုတော့ မည်သည့်အခါကမျှ ကိုယ့်ကိုယ်ကိုယ် အမည်မတပ်ခဲ့။ တပ်မည်လည်းမဟုတ်။ သည်လို အမည်တပ်ရလောက်အောင် ဂုဏ်မြောက်လှသောစာ ဘယ်နှအုပ်၊ ဘယ်နှပုဒ်များ ရေးခဲ့ပြီးပြီမို့လို့လဲ၊ ရေးခဲ့ဖူးသည့် အနည်းငယ်မျှလောက်သော အရေအတွက်သည်ပင် အခြားသူမဆိုထားနှင့် မိမိဘာသာ ပြန်ဖတ်လျှင်သော်မှ အမှတ်များများ ပေးလောက်လှသည့်မဟုတ်သေး။ သို့သော် သည်လောက် အရေအတွက်မျှလောက်ကိုပင် ပကတိ သန့်ရှင်း

ရိုးသားစွာ ရေးနိုင်ခဲ့ခြင်းတည်း ဟူသော ဂုဏ်သိက္ခာလေးတစ်ခုအတွက် အတိုင်းအတာတစ်ခုအထိ လက်ခံခဲ့ကြခြင်းတစ်ခုအတွက်တော့ ကျေနပ် ဝမ်းသာသည်။ သည်နယ်ပယ်၌ အောင်မြင်သလားမေးလျှင် 'ဟုတ်ကဲ့' ဟုတော့ ဖြေမည်မဟုတ်။ ဤသည်မှာ အမှန်တရားပင်။ စိမ်းမြတ်သူ သည် 'စာအုပ်' ဖတ်သူတိုင်းသိသော အမည်မဟုတ်။ သိဖို့လည်း အရေး မကြီး။ လိုလည်းမလိုအပ်။ 'စာဖတ်သူ' သိလျှင်ပင် ကျေနပ်ဖွယ်ကောင်း ပြီ။ အနုပညာသမားသည် စစ်မှန်သောအနုပညာကိုသာ ဖန်တီးရန် အရေးကြီးသည်။ လိုအပ်သည်။ ယခုအထိ ရေးခဲ့သောစာများတွင် ဦးနှောက်အသိသက်သက် တာဝန်ဝတ္တရားသက်သက်ဖြင့် ရေးခဲ့ခြင်း၊ တစ်စုံတစ်ခုကို မျှော်လင့်၍ ရေးခဲ့ခြင်း လုံးဝ မပါဝင်ကြောင်း မိမိဘာသာ လိပ်ပြာလုံသည်။

ပြန်တွေးကြည့်တော့ စာရေးဆရာ ဖြစ်ရကောင်းစေဟူ၍ စာရေးခဲ့ ခြင်းမဟုတ်။ အနုပညာသမားဟူသည် လုပ်ယူ၍ မရ။ ဖြစ်ချင်တိုင်း ဖြစ်၍မရ။ ဖြစ်ရန်ရှိမှသာ ဖြစ်ရသည်ပဲ။ ရေးချင်သည်ကို သပ်သပ်ရပ်ရပ် အားထုတ်ရေးရင်းမှ ဖတ်သူလက်ခံ၍ စာရေးသမားဖြစ် လာခဲ့ခြင်းပင်။ ပထမဆုံးရေးထားသောစာ အပယ်မခံရသည်မှာလည်း ကံကောင်းခြင်း တစ်ခုပင်။ စာရေးဆရာ ဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် စာရေးခဲ့ သည်မဟုတ်သော စိမ်းမြတ်သူသည် ရေးရင်းမှပင် စာရေးသူ အနုပညာ သမားစစ်တစ်ယောက်တော့ ဖြစ်ချင်လာခဲ့သည်။ အရာရှိအဖြစ်ကို မမက် မောသော်လည်း သည်အဖြစ်ကိုမှ တန်ဖိုးထားစွာပင် မက်မောသည်။

ဘဝတွင် ဦးဆုံးအကြိမ်အဖြစ် အရာတစ်ခုကို နက်ရှိုင်းစွာ လိုချင် တပ်မက်မောမိခဲ့ခြင်းပင်။ လူ့လောကတွင် တော်သည်၊ တတ်သည်ဟု သတ်မှတ်ခံရသူတိုင်းလည်း ဖန်တီးလုပ်ဆောင်ပိုင်ဆိုင်နိုင်သည် မဟုတ် သည့်အရာ။ အရှားပါးဆုံး ရတနာ။

ဖြတ်သန်းခဲ့သည့် အနုပညာလမ်းကို ပြန်ငဲ့ကြည့်မိသည်။ ရင်နှင့်ရင်းရသော စာကလေးတစ်လုံးကို အခြား မည်သည့်အရာနှင့်မျှ မလဲခဲ့။ အထူးသဖြင့် ငွေကြေး။ ငွေရရန်သက်သက်နှင့်တော့ နှလုံးသားကို ရောင်းရန် မလို။ ရောင်းစရာ အခြားအရာ အများအပြားရှိသည်ပဲ။

သည်လိုဆို မိမိလိုချင်သော 'ရတနာ' ကို ပိုင်ဆိုင်နိုင်ခဲ့ပြီလား။ လုံးလုံးပိုင်ဆိုင်ခဲ့ပြီဟုတော့ ဆိုဝံ့ဖွယ်မရှိ။ ကိုယ့်အတိုင်းအတာနှင့်ကိုယ် အနည်းအကျဉ်းတော့ ပိုင်ဆိုင်ခဲ့ပြီဟု ထင်သည်။ များစွာ ကျေနပ်ခဲ့ရပါ၏ ။

သည်အချက်တွေလောက်သာ ဆိုလျှင်တော့ စိမ်းမြတ်သူဘဝတွင် ကံကောင်းခြင်းများကိုသာ ပိုင်ဆိုင်ခဲ့ရသည်ဟု ပြောစရာပါပဲ။ များစွာ ရရှိနိုင်သော ဘဝပဲပေါ့။ အမှန်လည်း များစွာရရှိသော လူသားတစ်ယောက် ဖြစ်ခဲ့ရသည်ပဲ။ လူတွေကပြောကြသော 'အောင်မြင်ခြင်း' ဟူသည်မှာ ဒါတွေဆိုလျှင်တော့ အကြီးမားဆုံးသော အောင်မြင်မှုမှာ ကျင်လည်ခဲ့ရာ နယ်ပယ်တိုင်း၌ မိမိ၏သိက္ခာသည် မည်သည့်အကြောင်းကြောင့်မျှ စဉ်းငယ်မျှပင် စွန်းထင်းညစ်ထေးမှု မရှိခဲ့ခြင်း ဖြစ်ချေမည်။ အမြင့်မားဆုံးသော သည်ရရှိပိုင်ဆိုင်မှုအတွက် ကံကြမ္မာကိုသာ ကျေးဇူးအထပ်ထပ် တင်ရပေလိမ့်မည်။

*

တစ်စုံတစ်ရာကို ရရှိတိုင်း 'ပျော်'သည်ဟု ဆိုကြစမြဲ။ များစွာရရှိသောဘဝသည် အလွန်ပျော်စရာကောင်းလှမည်။

ကမ္ဘာနှင့်ချီ၍ပင် ကိုယ့်နည်းကိုယ့်ဟန်နှင့် အောင် မြင်ခဲ့သည်ဟု ဆိုကြသော မွန်ရိုးနှင့် ခရစ်စတီနာတို့ မပျော်ကြပါ။ တကယ်တော့ မည်သည့်ဘဝမျှ ပျော်စရာ မကောင်းလှပါ။ မည်သူမျှ အများကြီးကို

မပိုင်ဆိုင်၊ မရရှိထားကြပါ။ မအောင်မြင်ကြပါ။ ရုပ်ပိုင်းဆိုင်ရာ အောင်မြင်မှုကို ပိုင်ဆိုင်ကြသူများသည် နာမ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုများကိုလည်း ရင်ထဲ လျှို့ဝှက်သိပ်သည်းလှစွာ တိတ်တဆိတ်ပိုင်ဆိုင်ထားရကြောင်း မိမိတစ်ဦးတည်းသာလျှင် သိမည်။

ဆရာများ၊ မိဘများ၊ တပည့်များ၏ အချစ်များစွာကို ရရှိခဲ့သော စိမ်းမြတ်သူသည် လုပ်ဖော်ကိုင်ဖက် ယောကျ်ားအချို့၏ 'မလိုမှု'ကို စူးရှစွာ ခံစားခဲ့ရဖူးသည်။ ဘဝ၏ အထင်ကရ မှတ်တိုင်များပင်။

လူသားတစ်ယောက်သည် အခြားလူများနှင့် မိမိအကြား ဆက်သွယ်မှုအပေါ် မည်သည့်အသက်အရွယ်တွင် စ၍ အလေးအနက် ခံစားနားလည်မိတတ်ကြသလဲ။ စိမ်းမြတ်သူအဖို့တော့ တက္ကသိုလ်စရောက်သောအရွယ်တွင် ဖြစ်မည်ထင်သည်။ ဒေသစိမ်းတစ်ခု၌ လူစိမ်းများစွာနှင့် အနီးကပ်စ၍ ထိတွေ့ရချိန်။

မိမိ၏နေအိမ်ကျဉ်းကျဉ်းလေးထဲတွင် ညီအစ်မ နှစ်ယောက် သုံးယောက်နှင့် ခြားနားနေစဉ်ကတော့ များစွာမသိသာလှ။ အပြန့်ကျယ်လှသော နေရာတစ်ခု၌ ဘဝတူ မိန်းကလေးအများစုနှင့် ခြားနားလာသောအခါတွင်တော့ ဆုံးရှုံးမှုကို ခံစားရသလို ဖြစ်လာသည်။ ကျောင်းသူဘဝထက် အဆပေါင်းများစွာ လေးနက်လာသော ဝန်ထမ်းဘဝ ရောက်သောအခါတွင်တော့ ယင်းဆုံးရှုံးမှုသည် ပို၍ နက်ရှိုင်းလာလေသည်။

မျက်နှာ ခြယ်သပြင်ဆင်ခြင်း၊ ခြေသည်း လက်သည်းကို တယုတယ မွေးမြူဆေးဆိုးရခြင်း၊ "လူတစ်ယောက်၏ အလှအပသည် ဆံပင်ပုံစံတွင် တည်သည်" ဟူသော သီအိုရီအရ ဆံပင်ကို တကူးတက သနေရခြင်း၊ မှန်ထဲမှ ကိုယ့်အရိပ်ကိုယ် တစိမ့်စိမ့် ပြန်ကြည့်နေရခြင်း တို့ကို စိတ်မဝင်စားသော စိမ့်မြတ်သူ။ သန့်ရှင်းသပ်ရပ်ရန်သာ အဓိက ဟူသော ခံယူချက်ဖြင့် တန်ဖိုးရှိသော အချိန်ကို ယင်းကိစ္စများဖြင့် မဖြုန်း

တီးတတ်သော စိမ်းမြတ်သူ။

လူတိုင်းကို နှုတ်ဖျား အပြုံးတွေ၊ အရယ်တွေ ဖြန့်တွေပေးနေတတ်သည်မဟုတ်သည့် စိမ်းမြတ်သူ။ လူတိုင်းနှင့် ထွေးရောယှက်တင် စကားပေါ့တွေ ဖောင်ဖွဲ့ပြောနေနိုင်မည် မဟုတ်သည့် စိမ်းမြတ်သူ။ တစ်ပါးသူ၏ ကိစ္စတိုင်းကိုလိုက်ပြီး စိတ်ဝင်တစား ရှိမနေတတ်သည့် စိမ်းမြတ်သူ။

ထမင်းချက်၊ ဟင်းချက်ခြင်း ကိစ္စများကို နေ့စဉ် နေ့တိုင်း ဝိုင်းဖွဲ့ပြောဆိုဆွေးနွေးရန် ဝါသနာထက်သန်သော ယောကျ်ားတစ်ယောက်ကို လူသားတစ်ယောက်အဖြစ် ဆန့်ကျင်ဘက်လိင်တစ်ယောက် သက်သက်အနေဖြင့်သာ စိတ်ဝင်စားပြီး မကြားဝံ့မနာသာတွေပြောကာ ဝိုင်းဖွဲ့ရယ်မောလိုကြသော၊ တစ်ဖက်သူ နားထောင်ချင်မှန်းမသိ နားမထောင်ချင်မှန်းမသိ၊ ကိုယ့်ရည်းစားအကြောင်းသာ တစ်ချိန်လုံး ပြောပြနေတတ်သော၊ ကိုယ် ဘယ်လောက်လှကြောင်း ယောကျ်ားတွေ ဘယ်လောက်ကြိုက်ကြောင်း တစ်ချိန်လုံးကြွားကာ မိမိကိုယ်ကို ဖော်ပြရခြင်းအလုပ်တွင် ကြည်နူးမွေ့လျော်နေတတ်သော မိန်းမ ဖြစ်မနေသည့် စိမ်းမြတ်သူ။

အတောက်ပဆုံး၊ အသုံးအဆောင်၊ အခမ်းအနားဆုံး တိုက်အိမ်တစ်လုံးနှင့် နောက်ဆုံးပေါ် ကားတစ်စီးနောက်သို့ မမောနိုင်မပန်းနိုင် လိုက်မနေသော၊ စိန် ရွှေ ရတနာတွေကို လုံးဝ မမက်မောသော၊ ကျိုကျို တက်ချမ်းသာရန် အာသာတငမ်းငမ်း ဖြစ်မနေသော စိမ်းမြတ်သူ။

"ဘဝကို ကျေနပ်ရောင့်ရဲစွာ ဖြတ်သန်းနိုင်ရန်အတွက် အားသာချက်အမြောက်အမြားကို ပိုင်ဆိုင်ထားသည်"ဟု မှတ်ယူယုံကြည်ခဲ့သော စိမ်းမြတ်သူသည် ယခုတော့ မိမိရရှိထားသမျှသည် အားနည်းချက်များသာဟု ယူဆလိုက်ရတော့မည်လား။ မိမိကိုယ်ကို မှန်သည်ဟု ယူဆထားခဲ့သူသည် ဆန့်ကျင်ဘက်လူများစု၏အလယ်တွင် တစ်ယောက်

တည်းသော မှားနေသူ မိန်းမတစ်ယောက် ဖြစ်နေသလား။

ရုပ်ပစ္စည်းအဆောင်အယောင်ဖြင့် လင်းလက်နေလျက်မှ ကိုယ်ကျင့်သိက္ခာ ဆင်းရဲနေကြသည့် လူသားများကို ငြီးငွေ့ခါးသီးနေသည်မှာ စိမ်းမြတ်သူ မှားနေပြီလား။ မိန်းမတစ်ယောက်အဖြစ် ခါးသီးစွာ လူ့လောကထဲ ရောက်ရှိလာခဲ့သလား။ ယောကျ်ားတစ်ယောက်အဖြစ် မွေးဖွားလာခဲ့လျှင် ပတ်ဝန်းကျင်နှင့် ပို၍များ သဟဇာတဖြစ်မည်လား။ သည်အတွေးကကော မည်မျှမှန်နိုင်သလဲ။

မကျေနပ်ဆုံးအချက်ကတော့ အပါးတွင် 'စာအုပ်' မျှသာ ဖတ်တတ်သူ အနည်းငယ်ကို တွေ့ရပြီး စာဖတ်သူ တစ်ဦးတလေမျှပင် မရှိခြင်း ဖြစ်လေသည်။ စကားတွေ ပြောနေရသော လူများစွာကြားတွင် အဖော်တစ်ယောက်မျှ မရှိသော လူသား။

သူ့စကား ကိုယ်နားမလည် ကိုယ့်စကား သူ နားမလည်။ သူ့နှလုံးသားကိုယ် အထင်မကြီး။ ကိုယ့်နှလုံးသား သူအထင်မကြီး။

အရာရာတွင် အများနှင့်ခြားနားစွာ ဝေးကွာနေသော ဒဏ်ချက်သည် ကြာလေသိသာလေ။ သူ့လမ်း သူလျှောက်၊ ကိုယ့်လမ်း ကိုယ်လျှောက်ဟု အပြောလွယ်သော်လည်း လူမှုဆက်ဆံရေးနယ်ပယ်တွင် သည်စည်းကို ရှင်းရှင်းပြတ်ပြတ် တားထားဖို့ရန်မလွယ်။ တစ်နည်းသို့မဟုတ် တစ်နည်းဖြင့် ပတ်သက်ဆက်နွှယ်နေရသောအခါ အလေးအနက်သမားနှင့် ပေါ့တန်သူများကြားတွင် အဖုအထုံးများက သဘာဝကျစွာပင် ပေါ်ပေါက်လာခဲ့ကြသည်။ အဆိုးဆုံးကတော့ ရှေ့တွင် 'ချစ်သူငယ်ချင်း' ဟု ပျားရည်သံဖြင့် ချိုမြကြင်နာပြီးမှ ကွယ်ရာ၌မူ သူတို့နှင့် အံမဝင်ခွင်မကျစွာ တသီးတသန့် ငေါ်စင်းစင်းကြီး ဖြစ်နေသော မိန်းမအား နောက်ကျော ဓားနှင့် စိုက်စိုက်သွားကြခြင်းပင်။

စိတ်ပျက်နာကျင်ရခြင်းသည် ပထမတော့ အမှုန်အမွှား။ နောက်

တော့ အစိုင်အခဲအဖြစ် အဖြိုအဖျက် ခက်ခဲအောင် ရင်ထဲခိုင်မာစွာ ဖွဲ့တည်နေရာယူခဲ့ပြီ။ တက္ကသိုလ်ရောက်စမှသည် ယခုအချိန်အထိ နှစ်ပေါင်းအစိတ်မျှ နှလုံးသားကို ပွန်းရှနာကျင်စေခဲ့ပြီ။ တတိတိ ပုံကြွေ စေခဲ့ပြီ။

မေမေ့ကို တမ်းတမိလာသည်။ မပိုင်ဆိုင်နိုင်တော့သော အခြေကျမှ တန်ဖိုးအမှန်ကို နက်ရှိုင်းစွာ မြင်လာ သိလာခဲ့ပြီ။

မည်သည့်အခါမျှ ပြန်မရနိုင်တော့သည့် အစားထိုးမရသည့် ဆုံးရှုံးမှု။ မေမေသည် လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်က စိမ်းမြတ်သူတို့အား စွန့်ခွာထားရစ်ခဲ့သည်။

စိမ်းမြတ်သူ၏ အချေးထွေးဆုံး အကောင်းဆုံးအဖော် မေမေ။ မှတ်မိသမျှတော့ အစ်မနှင့်ညီမသည် သူတို့ချင်း သို့မဟုတ် သူတို့၏ မိတ်ဆွေ သူငယ်ချင်းများနှင့်သာ တွဲတတ်ကြသည်။ ရွယ်တူနှင့်သာ အဖော်ပြုလိုခြင်းသဘော။ သို့သော် စိမ်းမြတ်သူအတွက်တော့ စိတ်သန္တာန်ချင်း တိုက်ဆိုင်သော၊ နေရာတကာတွင် ရွေးချယ်မှုခြင်း တူညီနေ တတ်သော မေမေသည်သာ အကောင်းဆုံး တွဲဖော်တွဲဖက်။ စကားများများမပြောတာချင်းတူသော၊ 'စာ'ကို စိတ်ဝင်စားတာချင်းတူသော၊ ကိုယ့်အား နားလည်စာနာနိုင်သော မေမေ။

ဆုံးရှုံးလိုက်ရတာ အသက် ၂၀ ကျော်ရုံကလေးဆိုတော့ တန်ဖိုးကို လည်း သိပ်မသိလှသေးဘူးဆိုတော့ အာရုံက တက္ကသိုလ်ပတ်ဝန်းကျင်မှာ ဖြန့်ကြက်နေချိန်ဆိုတာ နင့်နင့်နဲနဲ ထိထိခိုက်ခိုက်ကြီးလည်း မခံစားရ။ မရှိတော့ဘူးဟူသောအသိနှင့် ဝမ်းနည်းရုံသာ။ သို့သော် ဘဝကို တစ်ယောက်တည်း လျှောက်လာရသောခရီးတွင် မေမေ့လို ကိုယ်နှင့် ဝါသနာတူသူ၊ ကိုယ့်ကို မေမေ့လို နားလည်သူတစ်ယောက်မျှ မကြုံကြိုက်လိုက်ရတော့မှ ပျောက်ဆုံးသွားသူကို တမ်းတမ်းတတကြီး ပြန်

တွေ့ချင်လာသည်။ မိမိအတွက် အနွေးထွေးဆုံးအဖော်၊ အမှီအတွယ် အဖြစ် ရပ်တည်ပေးခဲ့ခြင်းကျေးဇူးကိုမျှ မသိခဲ့။ တုံ့ပြန်မပေးဆပ်နိုင်ခြင်း အတွက် မဖြေနိုင်အောင် ခံစားရသည်။ သို့သော် နောက်ကျခဲ့ပြီ။ သည်တော့ လုပ်နိုင်တာတစ်ခုကိုသာ လုပ်ကောင်းမှန်း၊ မလုပ်ကောင်းမှန်း မသိ။ ရူးရူးနှမ်းနှမ်း လုပ်ခဲ့မိသည်။

လက်ထပ်ပြီးသောအခါ ကိုယ့်ဝမ်းတွင် မေမေ ပြန်လည်ဝင်စားပါစေ။ မေမေ့ကို သမီးအဖြစ် ချစ်ပါရစေ။ သည်နည်းဖြင့် မေမေ့အပေါ် တင်ရှိသောမေတ္တာကြွေးကို ဆပ်ပါရစေ။ သမီးကို မေမေ့မွေးနေ့တွင် မွေးကာ မေမေ့နာမည်ကို အမြတ်တနိုး မှည့်ခေါ်ပါရစေ။

ဆုတောင်းဟူသည် ဘာမျှမရေရာသော မျှော်လင့်ခြင်း။ ဘဝတစ်ခု ပြန်လည်ဖြစ်တည်ရန်ဟူသည့် မျှော်လင့်ချက်ကသာ၍ပင် မရေရာ။ ဖြစ်နိုင်မည်ထင်ထားခဲ့သော လက်ထပ်ခြင်းသည်ပင် တိမ်တစ်စနှယ် ပျောက်ပျက်လွင့်ပြယ်သွားတော့မှတော့ ဘာမှမရေရာသော မျှော်လင့်ချက် သည်လည်း မည်သို့မျှ အရာမထင်နိုင်။ မေမေ့အား အပြီးတကာ့ အပြီး တိုင် ဆုံးရှုံးရခြင်း။ မည်သို့မျှ ဖြည့်၍မရတော့သော ဘဝကွက်လပ် တစ်ခု။

သည့်နောက်တော့ ကြည်ပြာရောင်များအား ဆုံးရှုံးခဲ့ရမှု။

မိမိ အလွန်နှစ်သက်သည့် ကြည်ပြာရောင်။ သည်အရောင်ကို ပိုင်ဆိုင်သော အလွန်လှသည့် ဆွယ်တာကလေးတစ်ထည်ကို စွဲလမ်းခြင်း ကြီးစွာ လိုချင်ခဲ့ဖူးသည်။ သို့သော် သူ့မှာက ပိုင်သူဦးနှင့်။ ယင်းပိုင်သူ ဝတ်ဆင်နေသည်ကိုသာ ဝေးဝေးက ငေးမောကာ နမြော ကြေကွဲရသော အဖြစ်။ ငယ်ဘဝမို့ ခံစားရခြင်းသည် နှလုံးသား၏ အတွင်းဆုံးထိတိုင်။ ဝေဒနာသည် ကာလရှည်ကြာစွာ ရင်ထဲမှာ။

နောက်တစ်ကြိမ် ကြည်ပြာရောင် လက်ကိုင်ပဝါလေးတစ်ထည်။

သည်တစ်ခါတော့ ပိုင်သူရှိနှင့်ပြီး မကြုံရသော်လည်း ရရန်ခက်ခဲလှသော အဖြစ်။ ခြံစည်းရိုး၏ ဟိုးအဝေးမှာ လွင့်ကျနေသောပစ္စည်း။ နယ်မြေနှစ်ခုကို အထင်အရှား အခိုင်အမာ ပိုင်းခြားထားသော သည်စည်းရိုးကို စိမ်းမြတ်သူ မကျော်သာ။ မိမိကမ္ဘာ၏ အခြားတစ်ဖက်မှ လက်လှမ်းမမီသော လက်ကိုင်ပဝါလေးကို ရင်ထဲ ကြေမြည့်စွာ ရပ်ငေးကြည့်နေခဲ့ရုံပါပဲ။

နောက်တစ်ကြိမ် အင်မတန်လှသည့် ကြည်ပြာရောင် ဘလောက်စ်အင်္ကျီလေးတစ်ထည်။ သည်အဆင်သည် အသွေးနှင့် ရှားပါးစွာ တွေ့လိုက်ရတော့ ဟန်ကလေးပင် မလုပ်နိုင်ဘဲ ဆိုင်အတွင်း ပြေးဝင်သည်။ ချိတ်ထားသောဈေးနှုန်းကိုပင် မြင့်သလား မစဉ်းစားအား။ ဝယ်မည် အပိုင်ဆုံးဖြတ်ပြီး အငမ်းမရ ဝတ်ကြည့်မိကာမှ အင်္ကျီ၏ မျက်နှာစာတွင် အပေါက်အပြဲတစ်ခု။ မည်သို့မျှ ကြည့်၍မကောင်းသောနေရာတွင် ဆိုတော့ ပြုပြင်ဖာထေးလျှင်တောင်မှ အပိုပါပဲ။

ဩော်... နေရစ်ပါတော့ အင်္ကျီကလေး။

သူနေရာတွင် ပြန်ချိန်ကာ ထားရစ်စဉ်မှာတော့ ဖြေတင်းယူရသော ရင်ထဲမှ တသက်သက်နာကျင်စွာ။ မည်သည့်အခါမျှ မပိုင်ဆိုင်ရနိုင်တော့သော ဆုံးရှုံးမှုများ။

အသည်းနှလုံးနှင့် ရင်းရသောအရာများ။

ပိုင်ဆိုင်ရခြင်းအတွက် ကံကြမ္မာကို ကျေးဇူးတင်သည်ဆိုလျှင် ဆုံးရှုံးရခြင်းများအတွက်ကော ကံကြမ္မာကို အပြစ်ဖို့ စကားဆိုရတော့မည်လား။ ရယူနိုင်စဉ်က ပြုံးပြုံးကလေးလက်ခံခဲ့ပြီး ပေးဆပ်ရမည့်အလှည့်ကျမှ ငြီးငြင် ဆဲရေးနေမည်ဆိုလျှင်တော့ မတရားဘူးထင်သည်။

ကိုယ့်ဘဝတွင် ရရှိခြင်းနှင့် ဆုံးရှုံးခြင်း မည်သည့်အရာက ပိုမိုနက်ရှိုင်းသလဲ။ မလွယ်လှသောပုစ္ဆာ။ မငြင်းနိုင်သည်ကတော့ လူသား

တစ်ယောက်ဘဝတွင် အများစုရနိုင်ခဲ့သည်ဟု ယူဆကြသော အရာအတော်များများကို ပိုင်ဆိုင်ခဲ့ရပြီးပြီ။ ကျေနပ်စရာပဲပေါ့။ ကြည်ပြာရောင်ကလေးတွေနှင့် မိခင်ကို ဆုံးရှုံးရခြင်းကတော့ ကိုယ်တစ်ယောက်တည်းသာ ကြုံရခြင်းမဟုတ်။ လူအတော်များများ ရင်ဆိုင်ရသည့်အဖြစ်ပဲ။ အင်မတန်ကြီးမားသည့် ဆုံးရှုံးမှု မဟုတ်သေးပါဘူး။ ဒါဆိုလျှင်သည့်အတွက် အလွန်အမင်း ကြေကွဲဆွေးမြည့်နေသင့်သလား။ "လူဆိုတာ ယူဖို့တတ်လျှင် ပေးရန်လည်း ရဲရင့်ရမည်ပဲ"

စိမ်းမြတ်သူဘဝတွင် လိုအပ်သည်များကိုလည်း ရခဲ့ပြီ။ လိုချင်သည်များကိုလည်း ရခဲ့ပြီ။ သည့်ထက် ဘာမှထပ်ရစရာမရှိတော့။ လိုလည်း မလိုချင်တော့။ လိုချင်ခြင်းသည် မျှော်လင့်ခြင်း။ စိမ်းမြတ်သူဘာကိုမျှ ပိုမမျှော်လင့်တော့။ မိမိနှင့် ခြားနားလှသော လူသားများအကြားရပ်တည်ကာ နေထိုင်ပေးရမည့်အရာများကို တာဝန်ကျေစွာ ပေးအပ်နေရန်သာ ကျန်ရှိတော့သည်။

*

စမ်းသပ်ချက်အဖြေကိုကြည့်ကာ အထူးကုဆရာဝန်ကြီးက ပြုံးသည်။

"ကိုလက်စထရော မများပါဘူး။ အေးလေ.... ဒီလောက်ကိုယ်ခန္ဓာနဲ့ ဘယ်လိုလုပ် ကိုလက်စထရော များနိုင်ပါ့မလဲ။ ပိုသေချာအောင်လို့ပါ။ အခြား ရီးဇာ့လ်ထ်တွေလည်း အိုကေပဲ"

ကျေနပ်စွာပြောနေရင်းမှ စာရွက်ရှည်ကြီးပေါ်မှ ဂရဖ်မျဉ်းကိုကြည့်ကာ ဆရာကြီး မျက်မှောင်ကြုတ်သွားသည်။ မျဉ်းတွန့်များကို အသေအချာကြည့်၊ စိမ်းမြတ်သူကိုလည်း အသေအချာကြည့်ကာ မေးခွန်းတွေမေးသည်။ ဘာအလုပ် လုပ်သလဲ၊ ဘယ်လိုလူတွေနဲ့ ဆက်ဆံရသလဲ။

အဖြေကိုကြားတော့ ဆရာကြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီး စာရွက်အဖြူပိုင်းကလေးပေါ်တွင် သွက်သွက်ရေးချသည်။

"ဆေးတော့ သောက်ရမယ်နော်။ ပျောက်သွားမှာပါ။ စိတ်မပူပါနဲ့"

အခန်းထဲမှ ထွက်လာတော့ သူငယ်ချင်း ဆရာဝန်မကို ဆရာဝန်ကြီးညွှန်းသော ဆေးအမည် ဖတ်ခိုင်းရသည်။

"ဟယ်... ဘက်ဆာကတော့ ပေးနေကျဆေးပဲ၊ နိုက်ထရောလ်တောင် ပေးတယ်ဆိုတော့ နင် ပေါ့မနေနဲ့'

ကာယကံရှင်က လှုပ်ရှားမှုမရှိဘဲ သူက စိုးရိမ်သောက ရောက်နေသဖြင့် ပြုံးမိသည်။

ခုတလောက ရင်ဘတ်ထဲမှအောင့်ပြီး နှလုံးခုန်သံကို ဒုတ်ဒုတ်ဒုတ်ဒုတ် မြည်သည်အထိ ကြားလာရသည်ဟု ပြောပြမိသောကြောင့် သူငယ်ချင်းက ဆရာဝန်ကြီးဆီ ပို့ပေးခဲ့ခြင်း ဖြစ်လေသည်။

"ဆေးကို အခုသွားဝယ်လိုက် စိမ်းမြတ်သူ၊ အချိန်ဆွဲမနေနဲ့ ဒီနေ့က စသောက်၊ ကို့စ်ကုန်အောင်လည်း သောက်နော်။ သက်သာတယ် မသက်သာဘူးလည်း ငါ့ကိုပြောဦး"

ခေါင်းသာ အတွင်ညိတ်ပြီး ထွက်လာခဲ့သည်။ စိတ်မပူပါနဲ့တဲ့။ ပေါ့မနေနဲ့တဲ့။

"လောကမှာ ဘာအတွက် စိတ်ပူနေကြသလဲ။ မျှော်လင့်သည်ကို မရမည်စိုး၍ မလိုချင်သည်ကို ရလာမည်စိုး၍ ဒါပါပဲ" စိမ်းမြတ်သူထံတွင် ဘာမျှော်လင့်ချက်မှမရှိ။ မလိုချင်သည်ကို ရသည်မှာလည်း မဆန်းတော့။ သည်တော့ ဘာမှပူပန်စရာမလို။ ဘာအတွက်မှ ပေါ့စရာ၊ လေးစရာလည်း မလို။ ဘာခံစားချက်မျှလည်းမရှိ။

ဆရာဝန်ဆီ တကူးတကသွားပြီးမှတော့ ဆရာဝန့်စကား နား

ထောင်ရမည်ဆိုလျှင် ဆေးကိုသွားဝယ်ရမည်။ ဒါမှမဟုတ် ကိုယ့်ဆန္ဒ အလျောက် ဆေးကိုမသောက်ဘဲလည်း နေနိုင်သည်။

မင်္ဂလာဈေးသွားမည်ဆိုလျှင် ကားမှတ်တိုင်ရောက်အောင် အတော် လေး လျှောက်ရဦးမည်။ ဆုံးဖြတ်ရန် အချိန်ရသေးသည်။ ခုတော့ အေးဆေးစွာပင် လမ်းပေါ် လျှောက်သွားနေလိုက်ဦးမည်။

မိုးဂျာနယ်၊ မေ၊ ၂၀၀၀

❑

## ရေခဲမြစ်

- စုထား -

"တံခါးတွေ ဖွင့်ပေးထားစမ်းပါ ကိုကိုရာ... အသက်ရှုကျပ်လွန်းလို့"

"မိုးပက်မှာပေါ့ မေရဲ့... အပြင်မှာ မိုးတွေရွာနေတယ်"

"ရွာစမ်းပါစေ... မိုးမှုန်တွေ ဝင်လာတာလည်း ချစ်ဖို့ကောင်းတာပါပဲ... တံခါးတွေပိတ်ထားရင် ကျွန်မ အသက်ရှုကျပ်လာတယ်"

အိပ်နေရာမှ ထိုင်နေသော အနေအထားသို့ ရုတ်ခြည်းပင် ရောက်ရှိသွားသည်။ သူ့နဖူးနှင့် သူ့လက်မောင်းတွင် ချွေးစေးများဖြင့် စိုအေးနေလေသည်။

အပြင်မှာတော့ အမှန်ပင် မိုးရွာနေလေသည်။ အလင်းစီးကြောင်းများက မှန်ပြတင်းနှင့် အစိမ်းရောင်ခန်းဆီးကိုဖြတ်ကာ အခန်းထဲတွင် လင်းလက်နေသည်။

မေ... မေ ဘယ်ရောက်သွားပါလိမ့်။

မေသည် သူနှင့် ပီသရှည်ကြာစွာ စကားပြောခဲ့သည်။ သူ့မျက်လုံးများကို ပြန်ပိတ်ထားလိုက်သည်။ သွပ်မိုးပေါ်သို့ မိုးပေါက်များကျသံသည် သူ့ရင်သို့ လာရောက်ထိမှန်နေသည်ဟု ထင်ရသည်။

အတန်ကြာမှ မျက်လုံးကို ဖြည်းညင်းစွာ ပြန်ဖွင့်လိုက်သည်။ ခုတင်ခြေရင်းရှိ မှန်ထဲတွင် ဖွာလန်နေသောဆံပင်၊ အဆီပြန်နေသော မျက်နှာ၊ အဝတ်အစားဖရိုဖရဲနှင့် သူ့ရုပ်ပုံကို သူမြင်နေရသည်။ သူတစ်ယောက်တည်းသာ ဖြစ်သည်။ သူ့နံဘေးတွင် ခေါင်းအုံးနှစ်လုံးက တစ်ခုနှင့်တစ်ခု ကန့်လန့်ဖြတ်ကျစွာ ရှိနေသည်။ ခေါင်းအုံးတစ်လုံးပေါ်တွင် အညိုရောင် အပေါ်ဝတ်အင်္ကျီက ပုံလျက်ရှိနေသည်။ ခေါင်းအုံးဘေး၌ ဖန်ခွက်တစ်ခုက စောင်းလျက်ကျနေသည်။ သူ ခေတ္တအိပ်ပျော်သွားခြင်းဖြစ်သည်။

သူ အိပ်မက်မက်နေခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် မေ စကားပြောနေခြင်းဖြစ်သည်။

"ကျွန်မ အသက်ရှူကျပ်လာတယ်တဲ့"

နေရာမှ လျင်မြန်စွာဒူးထောက်ထပြီး ပြတင်းပေါက်မှန်များကို ဆွဲတင်လိုက်သည်။ အစိမ်းရောင် ခန်းဆီးစက မျက်နှာကို လာရောက်ရစ်ပတ်လေသည်။ မှိုနံ့နှင့် ဖုန်နံ့ကြောင့် အသက်ရှူရ ခက်သွားသည်။ အခန်းဆီးနောက်မှ မိုးရေစက်များပါ ပြေးဝင်လာကြသည်။ မိုးရေများ ခိုတွယ်ပါလာသော လေက စိမ့်အေးနေလေသည်။

"ကျွန်မ အသက်ရှူကျပ်လာတယ်" ဘုရားရေ... မေ နောက်ဆုံးပြောခဲ့သော စကားပါလား။ အသက်ရှင်လျက် ရှိနေဆဲဖြစ်သော၊ သွေးလည်ပတ်လျက်ရှိနေသော မေ၏နှုတ်ခမ်းမှ နောက်ဆုံးထွက်လာခဲ့သော စကားဖြစ်သည်။ မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖုံးကာဝုက်ရင်း အသံမထွက်ဘဲ ကျိတ်ရှိုက်လိုက်သည်။ မေ၏ လက်ကောက်ဝတ်မှ လှုပ်ရှားနေသော သွေးကြောလေးသည် သူ၏ အလယ်လက်သုံးချောင်း အောက်တွင်ပင် တဖြည်းဖြည်း မှိန်ဖျော့ပျောက်ကွယ်သွားခြင်းဖြစ်သည်။

မေ မရှိသောအခန်းသည် လင်းထိန်နေသော မီးရောင်အောက်

တွင်ပင် သွေ့ခြောက်မှိန်ဖျော့နေသည်။ အပြင်ဘက်တွင် မိုးရော လေပါ ပြင်းထန်နေဆဲဖြစ်သည်။ သူ့နံဘေး၌ မေ၏ သွယ်လျသော ကိုယ်ခန္ဓာ လဲလျောင်းလျက်ရှိသည်ဟု ထင်ရသည်။ သူ၏နှလုံးသားသည် ပေါက်ကွဲ လွင့်စဉ်ထွက်လာတော့မလို ခုန်နေသည်။ "မေ...ရေ..." ဟု သူ၏ အသံကို စကြဝဠာအပြင်ထိ ဟိန်းမြည်တိုးဝင်သွားအောင် အော်ခေါ်လိုက်ချင်သည်။ မျက်နှာကို လက်ဖဝါးဖြင့်အုပ်ထားရင်း တစ်ကိုယ်လုံး တုန်ရီလှုပ်ရှားလာသည်။ အခန်းဆီးကို လေတိုးဖွေ့သံ၊ လေကြောင့် ပြက္ခဒိန်စာရွက်များ လွင့်လှန်သံ၊ နာရီစက်သံများတွင် မေ၏ လှိုက်ငင်သော အသက်ရှူသံပြင်းပြင်း တွဲခိုနေသည်ဟု ထင်နေသည်။ အခန်းတံခါးတွေ ပိတ်ထားလျှင် မေက အသက်ရှူကျပ်သည်ဟု ပြောတတ်သည်။ ထို့ကြောင့် အေးချမ်းသော ဆောင်းရာသီတွင်ဖြစ်စေ၊ မိုးရွာနေလျှင် ဖြစ်စေ အခန်းတံခါးများကို ဖွင့်ထားမြဲဖြစ်သည်။ နောက်ပြီး မေသည် လသာသောညများထက် မိုးရွာနေသော ညများကို ပိုနှစ်သက်လေသည်။

မျက်နှာတွင်အုပ်ထားသော လက်ကို ဖယ်လိုက်သည်။ ခေတ္တ အိပ်ပျော်သွားပြီးနောက် ပြန်လည်အိပ်ပျော်အောင် ကြိုးစားကျင့်ရဦးမည်။ ပြတင်းပေါက်နှင့်နီးသော အိပ်ရာခင်းအပိုင်းသည် မိုးရေဖြင့် စိုနစ်နေလေသည်။ အဝါရောင် အရွက်သေးလေးနှစ်ရွက်နှင့် သစ်ကိုင်းကွေးလေး တစ်ခုသည် အိပ်ရာခင်းအဖြူပေါ်တွင် မိုးရေဖြင့် တွယ်ကပ်နေလေသည်။ တုန်ရီနေသောလက်ဖြင့် ခေါင်းရင်းစင်ပေါ်မှ စီးကရက်ဘူးကို လှမ်းယူလိုက်သည်။ လေလာရာဘက်သို့ လက်ဖြင့်ကွယ်၍ မီးညှိသည့်တိုင် မီးကို နှစ်ခါညှိယူရသည်။

"ကိုကို့... ကိုချစ်လားမေ"

စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း အသံထွက်၍ သူပြောလိုက်သည်။ မေ၏ အေးစက်သောနှုတ်ခမ်းကို သူ့အနီး၌ လှုပ်ရှားနေဟန်

မြင်ရသည်။ မေ ဆိုးနေကျ နှုတ်ခမ်းဆိုးဆေးအနံ့ကိုပါ ရလာသည်။ မေ့ကို ထိုစကားစပြောခဲ့ဖူးသည့် ညသည် သူ၏ ဆရာရင်းတစ်ယောက်ဖြစ်သည့် အထူးကုဆရာဝန်ကြီး၏ဇနီး ကွယ်လွန်သောနေ့ ဖြစ်ပါသည်။ အိမ်ထဲတွင် သတင်းမေးသောလူများနှင့် လှုပ်ရှားနေသော်လည်း ပန်းခြံထဲမှ သစ်ပင်ရိပ်တွင် သူနှင့် သူက အစ်ကိုကြီးဟု ချစ်ခင်ရင်းနှီးစွာခေါ်သော ဆရာတို့ နှစ်ယောက်တည်းသာ ရှိပါသည်။ နှစ်ယောက်လုံးမူးနေကြပြီဖြစ်သော်လည်း နှစ်ယောက်လုံး ထပ်ပြီးသောက်နေမိဆဲဖြစ်သည်။ ထိုညက လမရှိသောညပင် ဖြစ်မည်ထင်သည်။

"ကိုယ့်မိဘတွေက သိပ်ဆင်းရဲတယ်ညီ။ ဒါနဲ့ သူ့မိဘတွေက ကိုယ့်ကို ကျောင်းထားပေးခဲ့ပြီး သူနဲ့ ပေးစားခဲ့တယ်။ သူက ကိုယ့်ကို မချစ်ပါဘူး။ သူ့မှာ ချစ်သူရှိတယ်လေ။ ဒါပေမဲ့ သူ့အိမ်ကိုလည်း သူ မလွန်ဆန်နိုင်ဘူး။ ကိုယ်ကတော့ သူ့ကို ငယ်ငယ်ကတည်းက ချစ်ခဲ့တာပါ။ သူ... ကိုယ်နဲ့လက်ထပ်ပြီး သားနဲ့ သမီး ရတဲ့ထိ ကိုယ့်ကို ချစ်တယ်လို့ မပြောခဲ့ဘူး။ ကိုယ်နယ်မှာနေတုန်း အပင်ဒီဆိုက်တစ်ဖြစ်ပြီး အော်ပရေးရှင်းလုပ်ရတယ်။ ခရီးကဝေးတော့ သူ လိုက်မလာနိုင်ဘူး။ စာလေးတစ်စောင် သူ ရေးလိုက်တယ်။ အဲဒီစာရဲ့ အောက်ဆုံးမှာလေ... လက်ရေးသေးသေးလေးနဲ့ သူ ကိုယ့်ကိုချစ်တယ်တဲ့... ကိုယ့်ဆီမှာ အဲဒီစာလေး ခုထိသိမ်းထားတယ်"

သူ့ပခုံးကိုဖက်ရင်း အစ်ကိုကြီးက ဆွေးမြည့်စွာ၊ ဖြည်းလေးစွာ ပြောနေခဲ့သည်။ မျက်ခမ်းထောင့်စွန်းနှင့် ပါးပြင်တွင် အသားအရေများတွန့်နေပြီဖြစ်သော အစ်ကိုကြီး၏မျက်နှာကို ငေးကြည့်ရင်း မေ... သူ့ကို ချစ်ခဲ့လားဟု ပထမဆုံးအကြိမ် စဉ်းစားမိလေသည်။ မေသည်လည်း သူနှင့် ချစ်သူဖြစ်ခဲ့သည့်အချိန်မှစ၍ လက်ထပ်ပြီးသည်ထိ သူ့ကို ချစ်သည်ဟု တစ်ခါမျှ မပြောခဲ့ဖူးမှန်း သူ သတိရလာသည်။ ထိုခဏတွင်

မှာပင် မေ့နှုတ်ခမ်းမှ "ကိုကို့ကို မေချစ်တယ်" ဆိုသည့် စကားတစ်ခွန်းကို ပြင်းပြစွာ တောင့်တနေမိသည်။ အိမ်ထဲတွင် ဝေရီစွာ မြင်နေရသော အစ်ကိုကြီးဇနီး၏ ရုပ်ကလာပ်ကို လှမ်းကြည့်ရင်း ထရပ်လိုက်သည်။ အိမ်၌ မေ အသက်ရှင်လျက် ရှိနေပါ့မလား သူ ပူပင်နေမိသည်။

"အစ်ကိုကြီး... ကျွန်တော့်ကိုလည်းလေ မေက... တစ်ခါမှ ချစ်တယ်လို့ မပြောခဲ့ဘူး" အစ်ကိုကြီးနှုတ်ဖျားမှ ညည်းညူသံလို အသံတစ်မျိုး ထွက်ပေါ်လာသည်။

"ကျွန်တော် ပြန်တော့မယ် အစ်ကိုကြီး"

အစ်ကိုကြီးက သူ့ကို အံ့သြစွာ ငေးကြည့်ကျန်ရစ်ခဲ့သည်။ ထိုအချိန်၌ အစ်ကိုကြီး၏ ပရိဒေဝ၊ သူ၏ လူမှုဝတ္တရားအားလုံးကို မေ့ခဲ့ပြီး မေ့ကိုသာ သူတွေ့ချင်နေသည်။ သူ နောက်ကျမှာ စိုးနေသည်။ မေနှင့် ချစ်သူဖြစ်ခါစအချိန်များကတော့ မေ၏နှုတ်ဖျားမှ ချစ်တယ်ဆိုသောစကားထက် မေ၏ခန္ဓာကိုယ်နှင့် မေ၏ လှပသောမျက်နှာကိုသာ သူ တပ်မက်ခဲ့သည်။ မေ့ကိုသာ မဟုတ်ပါ။ သူသည် အချစ်ဆိုသည်ကို လေးနက်စွာ မခံစားတတ်ခဲ့ဘဲ မိန်းမများကို အိပ်ရာဝင်အဖော်အဖြစ်သာ သူ သဘောထားခဲ့သည်။ ထို့ကြောင့်လည်း တွဲပြီး ကွဲသွားကြသောအခါတွင် အမှတ်တရဖြစ်မနေဘဲ နောက်ထပ်အဖော်တစ်ယောက်ကို ထပ်မံရှာဖွေဖြစ်ခဲ့သည်။ ခုတော့ သူ့ဘဝတွင် ပထမဆုံးအကြိမ် မိန်းမတစ်ယောက်၏ အချစ်ကို သူ ရယူချင်လာမိသည်။

ထိုနေ့က အိမ်ပြန်ရောက်သောအခါ ထုံးစံအတိုင်းပင် မေ တံခါးလာဖွင့်သည်။ အပြင်မှပြန်လာသော ခင်ပွန်းသည်တစ်ယောက်အား ဆီးကြိုသော ဇနီးသည်တစ်ယောက်၏အပြုံးကို သူမ ပြုံးပြသည်။ သူ ညဦးနက်မှ ပြန်လာခြင်းကိုလည်းကောင်း၊ သူ အလွန်အကျွံ အရက်သောက်လာခြင်းကိုလည်းကောင်း မေက သတိပြု၍ မမေးပေ။ မေ့လက်

ထဲတွင် လက်ညှိုးဖြင့် နေရာမှတ်ကိုင်ထားသော စာအုပ်တစ်အုပ် ရှိနေသည်။ တံခါးကို ပြန်ပိတ်ပြီး အိပ်ခန်းထဲသို့ သူဝင်လိုက်သွားသောအခါ အိပ်ရာပေါ်တွင် ထိုင်တစ်ဝက်ဖြင့် မေ စာအုပ်ဖတ်နေသည်။

"မေ..."

စာအုပ်ကို နံဘေးချပြီး မေ သူ့ကို မော်ကြည့်သည်။

"ကိုကို့ကို မေ... ချစ်လားဟင်"

မေက မျက်ခုံးနှစ်ခုကိုတွန့်ပြီး သူ့ကို အံ့သြစွာကြည့်သည်။

"ထူးဆန်းလိုက်တာ။ ဘာလို့မေးတာလဲ ကိုကို"

"ကိုကို သိချင်လို့ပါ ပြောစမ်းပါ။ ကိုကို့ကို ချစ်လားလို့..."

မေ၏အဖြေကို စောင့်နေစဉ် ပထမဆုံးချစ်မိသူအား ချစ်ခွင့်ပန်သော လူငယ်လေးတစ်ယောက်လို သူ ရင်ခုန်နေမိသည်။ မေက သူ့ကို စူးနစ်စွာကြည့်ပြီး နှုတ်ခမ်းထောင့်စွန်း ချိုင့်ဝင်သွားရုံ ထပ်ပြီးပြုံးလိုက်သည်။

"ဟင့်အင်း..."

သူ့မျက်နှာကို ကျာပွတ်ဖြင့် ဖြတ်ရိုက်လိုက်သလို ပူပြင်းနာကျင်သွားလေသည်။ မေ၏ ပခုံးနှစ်ဖက်ကို ကြမ်းတမ်းစွာ လှုပ်ယမ်းပစ်လိုက်သည်။ ထိုအချိန်ကျမှ သူ မေ့ကိုချစ်နေမှန်း သူ့ကိုယ်သူ သိလာသည်။ မေသည် စကားတစ်ခွန်းကို လွယ်ကူစွာ မပြောတတ်မှန်းသိလျက်နှင့် ထိုစကားကို မေ ပြင်ပြောစေချင်သည်။

"ပြန်ပြောစမ်းပါ... ပြန်ပြောစမ်းပါ"

မေ၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းရင်း ထိုစကားတစ်ခွန်းကို ပင် ထပ်ကာထပ်ကာ အော်နေမိသည်။ အရက်မူးနေ၍လည်း ဖြစ်သည်။ အချစ်မူးနေခြင်းလည်း ဖြစ်သည်။ မေက ယခင်ကထက်ပင် အေးစက်သောအပြုံးကို ထပ်၍ပြုံးသည်။

"ကိုကို့ကို... ကျွန်မ... မချစ်ဘူး"

"မေ့ပခုံးကို သူ ဆောင့်တွန်းပစ်လိုက်သည်။ အိပ်ရာပေါ်သို့ မေ့ကိုယ်လုံးလေး ခွေကျသွားလေသည်။ ဆံပင်များက မျက်နှာပေါ်တွင် ဖရိုဖရဲ ပြန့်ကျဲနေသည်။ သူက မေ့မျက်နှာပေါ် စီးမိုး၍ ငုံ့ကြည့်ရင်း...

"ဒါဆိုရင် မင်း ငါ့ကို ဘာဖြစ်လို့ လက်ထပ်ခဲ့လဲ"

မေက မျက်နှာပေါ်မှ ဆံပင်များကို သပ်ချလိုက်သည်။ မေ၏ မျက်လုံးများက ပျော့ပျောင်းနူးညံ့စွာ...

"ကိုကို့ကို ကျွန်မ ပြောခဲ့ဖူးတယ်လေ။ ကိုကို့အရင် ကျွန်မမှာ ချစ်သူရှိခဲ့တယ်။ သူနဲ့ ကျွန်မ နောက်ဆုံးတွေ့ရတဲ့နေ့က စာသင်ခန်းလေးတစ်ခန်းထဲမှာ။ သူနဲ့ နောက်ဆုံးတွေ့ရတာလို့ ကျွန်မ သိမနေပေမဲ့ သူကတော့ သူ့ဆုံးဖြတ်ချက်နဲ့ နောက်ဆုံးလာတွေ့တာပါ။ အခန်းထဲမှာ ကျွန်မတို့နှစ်ယောက်တည်း။ သူ ကျွန်မနဖူးကို နောက်ဆုံးအနေနဲ့ နမ်းခဲ့တယ်။ ကျွန်မ ထင်ခဲ့တယ်လေ... အချစ်ဆိုတာ သိပ်ခမ်းနားမြင့်မြတ်ပြီး စင်ကြယ်တဲ့ ဝိညာဉ်တစ်ခုလို့..."

မေ၏အတွေးများကို သူလိုက်တွေးယူ၍ ရနေသည်။ မေနှင့် သူ ချစ်သူဖြစ်စဉ်က သူ့သူငယ်ချင်းရှိနေသည်ဟု မေသိသော၊ သူ့သူငယ်ချင်း ရှိမနေသော သူ့သူငယ်ချင်း၏အိမ်သို့ မေ့ကို အလည်ခေါ်သွားခဲ့သည်။ နောက်ပြီး အချစ်ဟု သူ ယူဆထားခဲ့သည့် မေ၏အချစ်ကို မေငြင်းဆန်နေသည့်ကြားမှပင် သူ ရအောင်ယူခဲ့သည်။

"ကျွန်မ သိခဲ့တယ်၊ ကိုကို့မှာ အချစ်လည်းမရှိဘူး၊ မေတ္တာလည်းမရှိဘူး၊ ကိုကို့မှာ ရမ္မက်တွေပဲရှိတယ်၊ အလိုဆန္ဒတွေပဲရှိတယ်။ ကိုကိုဟာ မိန်းမတစ်ယောက်ရဲ့ စိတ်ကူးတွေ၊ အိပ်မက်တွေကို ဝေမျှမခံစားတတ်တဲ့ ယောကျ်ားပဲ။ ကိုကို့ကို ချစ်နေတဲ့ ကျွန်မအချစ်တွေကို တစ်စစီ ဆွဲနုတ်လွှင့်ပစ်ခဲ့တယ်။ ကြာခဲ့ပြီပဲ ကိုကိုရယ်။ နှစ်နှစ်တောင် ကျော်ခဲ့ပြီပဲ။

ကိုကို့ကို ချစ်နေမယ့်အချစ်တွေ ကျွန်မမှာ ဘယ်ရှိတော့မှာလဲ"

မေ၏စကားများသည် ဆောင်းလေလိုပင် အေးစက်သည်။ သို့သော် မြက်ရိုင်းများကို အစိတ်စိတ်ကွဲအက်စေသော လေလိုပင် သူ့အား စူးနစ်စွာ ခံစားစေခဲ့သည်။ မေ့ရင်ထဲတွင် အခုလိုခံစားနေရမည်ဟု သူ တစ်ကြိမ်တစ်ခါမျှ မတွေးဖြစ်ခဲ့ပေ။ လေကြောင့် မေ့ကိုယ်ပေါ်မှ ပါးလွှာ ဖြူဖွေးသော အင်္ကျီလေးက လှိုင်းထလွန့်လူးနေလေသည်။ သို့သော် မေ ပြောခဲ့သလို သူ့၌ ရမ္မက်တွေ မရှိတော့ပါ။

"ဒါဖြင့်ရင်လည်း မင်း ငါ့ကို မယူခဲ့နဲ့ပေါ့"

မိန်းမတစ်ယောက်၏ ငြင်းပယ်သောစကားကို သူ့အဖို့ ပထမဆုံး ကြားရခြင်းဖြစ်၍ သူရှက်နေသည်။ မေက အိပ်ရာပေါ်မှ လက်ထောက် ထထိုင်လိုက်သည်။ မေ၏မျက်လုံးများသည် ခက်ထန်လင်းလက်နေလေ သည်။

"ဒီမယ်ကိုကို... ချစ်သူချင်းပေမဲ့ အလိုမတူရင် အပြစ်ရှိပါတယ်။ ကျွန်မစိတ်ကို အနာတရဖြစ်အောင် ကိုကိုလုပ်ခဲ့မှတော့ ကိုကို့ကိုပဲ ကျွန်မ ယူရမှာပေါ့။ ကိုကို့ကို နာကျင်ထိခိုက်အောင် ကျွန်မ ပြန်လုပ်နိုင်မှာ လေ..."

မေက သူ့အနီးမှ လှည့်ထွက်သွားလေသည်။ ရပ်နေသော နေရာ တွင်ပင် ငြိမ်သက်စွာ သူ ရပ်ကျန်ရစ်ခဲ့သည်။ အဖြူရောင်အင်္ကျီနောက် တွင် တံခါးသည် ကျယ်လောင်စွာမြည်၍ ပိတ်သွားလေသည်။

နောက်နေ့များတွင်မူ ထိုညက ဘာမျှမဖြစ်ခဲ့သလိုပင် သူနှင့် မေ တို့၏ အခြေအနေမှာ ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။ မေ ကြည်သာရယ်မော ရှိစဉ် "ကိုကို့ကို မချစ်ဖူးလား မေ" ဟု အမှတ်မဲ့မေးခဲ့သည်။ ထိုအခါတွင် ပြုံးရယ်နေသော မေ၏မျက်နှာသည် အေးစက်သွားပြီး "မချစ်ဘူး" ဆိုသောအဖြေကိုသာ မပြောင်းမလဲ ပြန်ပေးခဲ့သည်။ မေ၏ ကိုယ်ခန္ဓာ

ကို ယုယစွာ ဖက်ထားမိစဉ် “ကိုကို့ကို ဘယ်တော့ချစ်လာမှာလဲ” ဟု မေးသောအခါ သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး “ဘယ်တော့မှ ချစ်တော့မယ် မထင်ဘူး” ဟု ခိုင်မာစွာ ပြန်ပြောတတ်ခဲ့သည်။

အိပ်ရာပေါ်မှ သူ ဆင်းလိုက်သည်။ ဖုန်များ ထူထပ်နေသော ကြမ်းပြင်ပေါ်တွင် သူ့ခြေရာအတိုင်း ဖုန်မှုန့်များ လွင့်စဉ်ကွက်ထင်သွား သည်။ တခြားသူ၏အိမ်တွင် ရောက်နေသော လူစိမ်းတစ်ယောက်လို ခြေကိုထိန်း၍ သူလှမ်းသည်။ တူနှစ်ချောင်း ကန့်လန့်ဖြတ်တင်ထား သော ခေါက်ဆွဲအကြွင်းအကျန် ပန်းကန်ပေါ်မှာ ကြွက်ကလေးတစ် ကောင်သည် လန့်ဖျပ်ထွက်ပြေးသွားသည်။ ယခုလို အိပ်၍မရနိုင်သည့် တစ်ရေးနိုးညတွေ များခဲ့ပြီဖြစ်သည်။

အိမ်ရှေ့ခန်းများဆီသို့ သူ ဆက်လျှောက်လာခဲ့သည်။ မလှည်း မကျင်းသော ကြမ်းပြင်သည် သူ၏ ဖိနပ်မဲ့ ခြေထောက်အောက်တွင် ကြမ်းရှနေလေသည်။ စားပွဲပေါ်ရှိ ပုလင်းထဲ၌ အရက်များရှိနေသော် လည်း သူ မသောက်ချင်တော့။ မေ့အကြောင်းကို ယစ်မူးစွာဖြင့် တမင် ဖန်တီးမမေ့ချင်တော့။ မေ့ကို ဦးနှောက်အကြိုအကြားများ၌ ခိုဝင်ကျန် မနေသည့်အထိ ကုန်စင်သွားအောင် သူ တွေးပစ်လိုက်ချင်သည်။ မေမှ လွတ်ကင်းသော စိတ်ဝိညာဉ်သန့်သန့်ကို သူရယူချင်သည်။ သို့သော် အတွေးများ ညောင်းသွားသည်အထိ သူ တွေးပစ်သော်လည်း မကြာမီ ပင် မေသည် အတွေးသစ်ဖြင့် ပြန်လည်ဝင်လာလိမ့်မည်။ ခုနေတော့ မေ့ကို မေ့သွားသည်အထိ သူ တွေးပစ်မည်။ ထို့ကြောင့် အိမ်ရှေ့ ဆေးခန်းထဲရှိ လူနာခုတင်ရှိရာဆီသို့ သူ ဆက်လျှောက်နေမိသည်။

ထိုခုတင်၏ နောက်ဆုံးလူနာသည် မေ ဖြစ်သည်။ သူက ခုတင် ပေါ်တွင် ခင်းထားသော ပလတ်စတစ်အခင်းကို လက်ညှိုးဖြင့် ပွတ်ဆွဲ ပြီး လက်ညှိုးကို ပြန်ကြည့်လိုက်သည်။ လက်ညှိုးထိပ်တွင် မီးခိုးရောင်

ဖုန်မှုန့်များ ကပ်ကျန်နေလေသည်။ မေ့ကို ဆေးထိုးပေးအပြီး မေ၏ တင်ပါးကို သူ ပွတ်ချေပေးစဉ် မေက သူ့လက်ကို တွန်းဖယ်ရင်း... "ဆေးထိုးတာကမှ တော်သေးတယ်။ ကိုကိုချေပေးမှ နာလိုက်တာ" ဟု ပြုံးရယ်ညည်းခဲ့သည်။ "ဆေးသောက်ရမှာပျင်းလို့သာ ဆေးထိုးရတယ်။ နာတာပဲ" ဟု ပြောအပြီး "မူးတယ်ကိုကို" ဟုဆိုကာ ခုတင်ပေါ်သို့ ပုံကျသွားလေသည်။ ထိုခဏတွင်ပင် သူမေ့ထားသော တစ်စုံတစ်ရာသည် သူ့အနီးသို့ ရောက်ရှိလာပြီဟု သူ သိလိုက်သည်။ မေ၏လက်ကောက်ဝတ်ကို သူ ဖမ်းဆုပ်စဉ် သူ၏လက်များက တဆတ်ဆတ်တုန်ခါနေလေသည်။ မေ၏လက်သည် ချွေးများဖြင့် စိုအေးနေလေသည်။ မေက သူ့ကို မျက်လုံးတစ်ချက်ဖွင့်ကြည့်ရင်း "စိတ်မပူနဲ့ကိုကို... ကျွန်မ နေလို့ကောင်းပါတယ်" ဟု ပြောနိုင်သေးသည်။ သို့သော် မေ၏အသံက တုန်ရီဖျော့တော့နေလေသည်။ ဆေးမတည့်သော လူနာတစ်ယောက်ကို ကြုံတွေ့ရခြင်းသည် သူ့အတွက် ပထမဆုံးအကြိမ် မဟုတ်သော်လည်း ပထမဆုံးလိုပင် သူ ကြောင်ငေးရပ်နေမိသည်။ ဖြူဖျော့သွားသော မေ၏နှုတ်ခမ်းဖျားတွင် မေ၏ အသက်ဝိညာဉ် စောင့်စားရောက်ရှိနေပြီလား။ ချွေးများဖြင့် စိုနစ်၍ ဖြူဖျော့လာနေသော မေ၏မျက်နှာကို အတန်ကြာ ရပ်ကြည့်နေပြီးမှ အနီးရှိ အိမ်အကူ မိန်းကလေးအား သူ့တစ်အိမ်ခြားတွင်ရှိသော သူငယ်ချင်း ဆရာဝန်ကို ခေါ်ခိုင်းလိုက်မိသည်။ မေ၏ညာဘက်တွင် အရေးပေါ်ကုသမှုများအား သူငယ်ချင်းပြုလုပ်နေစဉ် မေ၏ဘယ်ဘက်လက်ကို ဆုပ်ကိုင်ရပ်နေဆဲဖြစ်သည်။ သူငယ်ချင်း၏ ဆေးထိုးအပ်ဖျားတွင် ကမ္ဘာတစ်ခုလုံး ရပ်တည်နေသည်ဟု ထင်သည်။ မေ၏အသက်ရှူသံက ပိုမိုပြင်းထန်ပြီး မောသံပါ ရောယှက်ပါလာသည်။ သူတိုင်းနေသော သွေးပေါင်ချိန်တိုင်းကိရိယာမှ ပြဒါးတိုင်သည် အောက်ဆုံးအမှတ်နားမှ မြင့်တက်မလာတော့ပေ။

"ကျွန်မ အသက်ရှူကျပ်လိုက်တာ..."

မေ့အသံသည် ကျဉ်းမြောင်းသောနေရာကို တိုးဝှေ့ဖြတ်သန်းလာသော လေလိုပင် တိုးလျှအက်ကွဲနေသည်။ ထို့နောက် ပြင်းထန်သော မေ၏ အသက်ရှူသံသည် တဖြည်းဖြည်း လျော့နည်းလာပြီး ယိမ်းယိုင်လာသည်။ သူ မေ့လက်ကောက်ဝတ်ကို အမိအရဆုပ်ကိုင်ပြီး သွေးခုန်နေသည်ကို စမ်းကြည့်နေမိသည်။ မေ၏ဝိညာဉ်ကို အမိအရဖမ်းဆုပ်ထားသည်ဟု သူထင်နေသည်။ သို့သော် ခုန်နေသော သွေးကြောလေးသည် တဖြည်းဖြည်းမှိန်ဖျော့ ရပ်တန့်သွားလေသည်။ သူငယ်ချင်းက သူ့ပခုံးကို လာရောက်သိုင်းဖက်လိုက်သည်အထိ မေ့လက်ကို ဖိထားဆဲဖြစ်သည်။ သူ့လက်ချောင်းများအောက်တွင် မေ၏သွေးကြောများ ပြန်လည်ခုန်လာသည်ဟု ထင်နေသည်။ အားပေးသံလား၊ တရားသံလား၊ နှစ်သိမ့်သံလား နားမလည်လိုက်သော သူငယ်ချင်း၏အသံကို ကြားမှ မေ့မျက်နှာကို သူ ကြည့်မိသည်။ မေ၏မျက်ခွံနှစ်ခုသည် တိကျစွာ ပိတ်ကျလျက်ရှိသည်။ မီးရောင်ကြောင့် မေ၏ဖြူဖွေးသောပါးပြင်တွင် မျက်တောင်အရိပ်ကလေးများပင် ထင်နေလေသည်။

မိုးသည် ပြင်းထန်စွာ ရွာသွန်းလျက်ပင် ရှိသည်။ မိုးရွာသံတွင် အသံပေါင်းများစွာ ခိုဝင်ပါလာသည်ဟု ထင်ရသည်။ အော်ဟစ်ဆူညံသံလည်း မဟုတ်။ ညည်းညူသံလည်းမဟုတ်။ ငိုသံလိုလို... ရယ်သံလိုလိုလည်း မကွဲပြား။ ထိုအသံများအားလုံး စုပေါင်းထွက်လာသည့် ချောက်ချားငြီးငွေ့ဖွယ် အသံမျိုးဖြစ်သည်။ "သည်နည်းက အပြစ်လွတ်တယ်လေ" ဟု သူ၏ရာဇဝင်ကို လေ့လာ၍ ပြောလာကြမည့် ပတ်ဝန်းကျင်၏ ဝေဖန်စကားကို အပြစ်ကင်းစွာ ဥပေက္ခာထားနိုင်သော်လည်း "ဖြစ်ချင်ရင် ဆေးစမ်းရုံနဲ့လည်း ဖြစ်တာပါပဲ။ အချို့ နေ့ဆက်ထိုးနေတုန်းဖြစ်တာ..." ဆိုသော သူငယ်ချင်းများ၏ စကားကို လက်ခံနိုင်ခဲ့

သော်လည်း ညနေက အစ်ကိုကြီးနှင့် အရက်သောက်စဉ် "မေက သူ့ကို ကျွန်တော်သတ်ပစ်တယ်လို့များ... ထင်သွားမလားနော်" ဟု ခဏခဏ မေးဖြစ်ခဲ့သော မေးခွန်းကို ထပ်မေးခဲ့သည်။ အစ်ကိုကြီးကလည်း ဖြေနေကျအဖြေကိုပင် ဖျောင်းဖျစွာ ပေးခဲ့သည်။ သို့သော် မေ့ကို ဆေးစမ်းထိုးမည်ပြုစဉ် "မေ ထိုးနေကျပဲ၊ မစမ်းပါနဲ့" ဆိုသော ဆရာဝန်မဟုတ်သည့် မေ့စကားကို သူ လက်ခံကာ သူနှင့်လက်ထပ်ပြီးသည့်နောက် မေ ဆေးမထိုးဖြစ်မှန်းသိလျက်နှင့် မေ့လျော့ခဲ့သည်။ မေ ဝေဒနာ ခံစားနေရစဉ် လိုအပ်သော ကုသမှုများကို ချက်ချင်းမလုပ်မိဘဲ ငေးကြောင်ရပ်နေခြင်းကြောင့် ကုသမှုနောက်ကျပြီး မေ သေရသည်လား။

သူ နံရံကို မောလျစွာ မှီရပ်လိုက်သည်။ မေ့ကို အများပြောသလို မတော်တဆ သေစေခဲ့ပြီလား။ သူက လက်ဖဝါးနှစ်ခုကို ပူးယှက်မြှောက်ပြီး ကြည့်လိုက်သည်။ သူ့လက်ဖဝါးကို မေ၏ ချွေးများဖြင့် စေးထိုင်းနေသည်ဟု ထင်လာသည်။ လက်ဖဝါးနှစ်ခုကို စိုက်ကြည့်ရင်း သူ၏ နဖူးနှင့် ပါးပြင်တွင် ချွေးများ စီးကျလာလေသည်။ သူ့ဘဝတွင် သူ့ကို အလွန်ချစ်ခဲ့သော မိန်းမများရှိလျက်နှင့် သူ့ကိုမချစ်သော မိန်းမကိုမှ ချစ်မိသောသူသည် မေ့ကိုလည်း ကွာရှင်းမပေးနိုင်ပေ။ သူမ၏ကိုယ်ခန္ဓာကို အရယူ၍သာ လက်ထပ်ခဲ့သည်ဟုပြောသော မိန်းမနှင့် သွေ့ခြောက်စွာ အတူနေရသည်ထက် မေသေသွားပြီး မေ့ကို သူတစ်ယောက်တည်း လွမ်းဆွတ်စွာ ချစ်နေချင်သည်ဟုလည်း သူ တွေးခဲ့ဖူးပါသည်။ ဒါပေမဲ့ "မေ့ကို ကိုကိုမသတ်ဘူး" ခေါင်းကိုခါယမ်း၍ အသံထွက်အောင် သူ ပြောလိုက်သည်။ သူ့ကိုယ်သူ ယုံကြည်မှုရှိနေသော်လည်း မေ သူ့ကို မည်ကဲ့သို့ သတ်မှတ်သွားခဲ့သည်ကို သူ သိချင်သည်။ သူသိလိုသော အဖြေသည် မေ၏နောက်ဆုံးအကြည့်၌ တည်ရှိပေလိမ့်မည်။ ထိုအကြည့်သည် မေ၏မျက်လုံးများ ဆွေးမြည့်ပျောက်ကွယ်သွားသည်အထိ မေ၏

အမြင်လွှာတွင် စွဲမြဲစွာ ကျန်ရစ်ခဲ့မည်ဖြစ်သည်။ သို့သော် ၎င်းအကြည့်ကို သူ မတွေ့လိုက်ရပေ။

ယိမ်းယိုင်စွာ လျှောက်ပြီး အိပ်ခန်းဆီသို့ ပြန်လာသည်။ သူ့ကို မေ နားလည်ခဲ့ပါသလား။ သူ၏လက်သည် မေ၏ ဘယ်လက်နားနီးကပ်စွာရှိနေခဲ့ပါလျက် မေသည် သူ၏နောက်ဆုံးထွက်သက်ကို အိပ်ရာခင်းအား အားပြုဆုပ်ကိုင်၍ တွန်းထုတ်သွားခဲ့သည်။ ခုတင်ပေါ်သို့ ကန့်လန့်ဖြတ်လှဲချအိပ်လိုက်သည်။ မေ တစ်ခါကပြောခဲ့သလို သူ့အား နာကျင်ခံစားအောင် မေ ပြုလုပ်သွားခဲ့တာလား။ မေနှင့်သက်ဆိုင်သော အကြောင်းများကို သူ အမှတ်ရသမျှ စေ့စပ်စွာ ပြန်တွေးသည်။ အတွေးမူးများဖြင့် သူ ငိုက်မျဉ်းပျော်စပြုစဉ် သည်းထန်သော မိုးလည်း တဖြည်းဖြည်းစဲသွားလေသည်။ ခေါင်မိုးပေါ်သို့ မိုးတစ်စက်ချင်း ကျသံနောက်တွင် သေးငယ်စူးရှသော ညပိုးကောင်လေးများ၏ အော်မြည်သံက ကျယ်လာလေသည်။ အိပ်စအိပ်မက်တွင် သူသည် မေ့မျက်လုံးများကို လိုက်လံရှာဖွေနေသည်။ သို့သော် မေ့မျက်လုံးနေရာသည် အဖြူရောင်ကွက်လပ်ကြီးဖြစ်နေသည်။ မေ၏ တင်းကျပ်စွာ ဆုပ်ထားသော ဘယ်လက်အောက်တွင် သူ့လည်ပင်း ရောက်နေသည်။

သူ အသက်ရှူကျပ်လာသည်...။

ရန့်သစ်ဝတ္ထုတိုစာစဉ်(၁)၊ ၁၉၈၉

❑

## တိပ်ခွေများ

- ကိုဆွေ -

နေဝင်ဖျိုးဖျ မှောင်ရီရီထဲမှာ အပြင်ဘက်က ဆောင်းရာသီဟာ အစိမ်းရောင်အလင်းနဲ့ နူးညံ့သိမ်မွေ့စွာ ရှိနေတယ်။ ကဗျာရေ... ကဗျာရေလို့ ကျွန်တော်က တိုးတိုးလေး ခေါ်ကြည့်လိုက်တော့ တုန်ခါနေတဲ့ စန္ဒရားကြိုးမျှင်များလိုပဲ ကမ္ဘာကြီးက တအံ့တသြဖြစ်လို့ ကဗျာရယ်။

တံတားခုံးများအောက်က မီးအလင်းရောင်များ၊ တနင်္ဂနွေ ညနေ ဟောင်းများ၊ နွေဦးပေါက် မြက်ခင်းများ၊ ကျွန်တော် နှစ်သက် မက်မော ခဲ့တာတွေ (သူ့ကိုလည်း ဒါတွေ ချစ်တတ်စေချင်တယ်) ဒါပေမဲ့ တွေး ကြည့်လိုက်တော့ ကျွန်တော် တစ်ယောက်တည်းပါလား။ ဘယ်မှာလဲ ကဗျာရေ၊ ဘယ်မှာလဲ... လို့ ကိုယ့်ဘာသာ ဟစ်အော်မေးလိုက်ချင်၏။

လင်းနို့တွေ ပျံနေတယ်။ အမှောင်ရိပ်တွေလည်း ပိုပြီးတော့ သိပ် သည်းလာပြီ။ မင်း ကိုင်နေကျ လက်ကိုင်ပဝါမှာ ကပ်ကျန်နေမယ့် ပင့် သက်ချသံလေးကို လိုချင်လိုက်တာ ကဗျာရယ်။

နေထွက်ရာ အရပ်ကို မျက်နှာမူ၍ ထွက်ခွာမသွားရဲပါ။ နောက် တစ်ဖန် ပြန်မတွေ့ရမှာ ကြောက်ပါတယ်။ တပ်မက်ဖွယ် လက်ဆောင် လေးတွေ ကဗျာအတွက် ခြေရာအဖြစ် ထားခဲ့တယ်။

ကဗျာရေ၊ ကမ္ဘာကြီးဟာ လိမ္မော်သီးကဲ့သို့တဲ့၊ တချို့က ပြောတယ်။ ဟုတ်မှာပါနော်၊ ဟုတ်ပါစေ။ ဒါဖြင့် တို့တွေ မျှော်လင့်ကြရအောင် မျှော်လင့်ချက်ဟာ ရွှေထက် တန်ဖိုးရှိတယ် ဆိုပဲ။ အချစ် ဆိုတာကလည်း ဘဝမှာ ရသရေအလျှင်တစ်ခု မဟုတ်လား ကဗျာရယ်။ ကျွန်တော်တို့ နှစ်ယောက်ရဲ့ အချစ်သစ်ပင် ထာဝစဉ် စိမ်းလန်းနေပါစေသတည်းလို့ ဆုတောင်းပါတယ်။

"ကိစ္စမရှိပါဘူး မေမေ၊ သွေးပဲ နည်းနည်းထွက်တာပါ"
ဆိုတဲ့ ဘော့ဗ် ဒိုင်လင် ရေးတဲ့ သီချင်းမျိုး။

မိုးတွေရွာတဲ့ တစ်နေ့
လမ်းထိပ်က လက်ဖက်ရည်ဆိုင်လေးကို
ငါ သတိရနေတယ်။
အဲဒီမှာ
ငါ့ထီးတစ်ချောင်း ကျန်ခဲ့လို့။

ဆိုတဲ့ ဆယ်ရာစု အင်္ဂလိပ်ကဗျာမျိုး ရေးတတ်သူ ဖြစ်ချင်တယ်။ ကမ္ဘာ့အနောက်ခြမ်းမှာ နောက်ဆုံးပေါ် စမ်းသပ်မှု ပန်းချီနဲ့ ရုပ်ရှင်ကို ရှာန်ဝင်ပြီး လူတချို့ဟာ သူတော်စင် ဖြစ်နေကြပြီ။ ကျွန်တော် တစ်ယောက်ပဲ လုပ်ချင်တာ မလုပ်ရတဲ့ ဘဝမှာ လောဘတဏှာ၊ ရာဂ တဏှာတွေ တပ်မက် အချိန်ဖြုန်းရင်း မိုင်ပေါင်းများစွာ နောက်ကျ ကျန်နေခဲ့ပြီ။ ဒါကို လူဖြစ်ရှုံးတယ်လို့ ကျွန်တော်က သတ်မှတ်တယ်။ (ကဗျာဟာ သာမန်မိန်းမဆိုရင် ကျွန်တော့် မှတ်ချက်ကို နားလည်မှာ မဟုတ်ဘူး) ဒီလို အပေးအယူ မမျှဘူးဆိုရင်တော့ ဒတ်ချ်ပန်းချီကျော် ဗင်ဂိုးကြီး ညည်းသလိုသာ ညည်းလိုက်ချင်တော့တယ်။ "ဒီလောက် စိတ်ညစ်ဖို့

ကောင်းမှန်းသိရင် ဒီကမ္ဘာထဲကို ငါ မလာပါဘူးကွာလို့" ဟုတ်လား ကဗျာရယ်။

တစ်နေ့ကျရင် ကျွန်တော်တို့ နှစ်ယောက် ပန်းခြံကလေးထဲမှာ ပြန်ပြီး ဆုံကြမယ်နော်။ ကျွန်တော့်ဘဝရဲ့ နှလုံးသား ကန်ရေပြင်ပေါ်မှာ ခဲလုံးတွေ အများကြီး အကျခံခဲ့ရသူပါ။ ကျွန်တော့် နှလုံးသားကို ထိမှန်လို့ ပြန်လည်လွင့်စဉ် ထွက်လာတဲ့ ပဲ့တင်သံကို နားထောင်ရအောင်။ တီးတိုးပုံပြင်ပြောသလို ကဗျာနဲ့ အတူတူ နေရတဲ့အခါ ကျွန်တော် ပြောပြမယ်။

တည်းခိုခန်းရဲ့ မှန်တံခါးကို ဖွင့်လိုက်ပြီး ကျွန်တော်တို့ နှစ်ယောက် လမ်းလျှောက်သွားရင်း ကျွန်တော့် အတိတ်ရဲ့ ရုပ်ပုံကားချပ်တွေကို ကဗျာ မြင်သာအောင် ဆက်စပ်ပြမယ်။

အာကာသအောက်၊ မြေပြင်တွေပေါ်၊ အသံတွေကြား နှစ်ဦးသား အသက်ထင်ရှား ရှိခဲ့ကြောင်း (ကျွန်တော်တို့ ဗမာ အယူအဆနဲ့ဆိုရင်) ကိုယ်စောင့်နတ်တွေ သိတာပဲ ကဗျာရယ်။

ကျွန်တော် ခင်ဗျားကို ရိုးရိုးလေးမို့ ကြိုက်တာ။ ရိုးတော့ အမြဲတမ်း လန်းဆန်းတာပေါ့ ကဗျာရယ်။ ဆန်းတာက ခဏလေးနဲ့ ရိုးတတ်တယ်။ ဒါပေမဲ့ ကျွန်တော် နိုင်ငံခြားရုပ်ရှင် ကြည့်တာ၊ ဘာသာပြန်စာအုပ် ဖတ်တာ။ ခေတ်ပေါ်နေထိုင်နည်းနဲ့ နေတာကိုလည်း သဘောကျတယ်။ ကဗျာလို ရိုးရိုးအေးအေးနေတတ်တဲ့ မိန်းမသားတစ်ယောက်နဲ့ ကျွန်တော် လို ခေတ်မီမီနေတတ်သူ နှစ်ယောက် ပေါင်းလိုက်ရင် လူတွေကြားထဲမှာ ဆန့်ကျင်ဘက် စုံတွဲတစ်ခုအဖြစ် ကောင်းကောင်း ထင်ပေါ်မှာပဲ ကဗျာ ရယ်။

ကဗျာရေ... ညဦးလယ်ယံ အချိန်မျိုးတွေမှာ ကျွန်တော့်အိမ် ပြတင်း ပေါက်နားက ဗာဒံပင်ကလေး တစ်ပင်ဟာလေ နှပျို့ လန်းသစ်လို့ အရိုး

အရွက် ကျိုးတိုးကျဲတဲကြားက တိမ်သားကင်းစင်တဲ့ အရှေ့မိုးကောင်းကင်ကို ကြည့်နေရတာ အလွန် ကြည်နူးစရာ ကောင်းပါတယ်။ (ကဗျာ့မျက်နှာမှာ သနပ်ခါး ပါးကွက်ဝိုင်းဝိုင်း အကြီးကြီး လိမ်းထားတာကို ကြည့်သလိုမျိုး)

ကဗျာ့မျက်နှာကို မြင်နေရရင် ကျွန်တော့်ကို တုပ်နှောင်ထားသမျှ သံယောဇဉ်ကြိုးတွေ ပြေလျော့လို့၊ ကျွန်တော့်ကို မောလျစေတဲ့ စီးပွားရေးကိစ္စတွေ မေ့ပျောက်လို့၊ ကြည်လင်နေတဲ့ စိတ်ကြောင့် ကျွန်တော့် ခန္ဓာကိုယ်ဟာ ဂွမ်းစလေးလို ပေါ့ပါးလို့ လေနဲ့အတူ မျောပါသွားတော့မှာလား စိတ်က ထင်မှတ်ရတယ်။ ကဗျာ့ မျက်နှာကို ခဏလေး မြင်လိုက်ရတဲ့ အချိန်မှာ ရတဲ့ ငြိမ်းအေးမှုလေးဟာ ထာဝရ တည်တံ့နေတော့မှာပဲ။ ခါးသီးတဲ့နေ့ပေါင်းများစွာ၊ ခါးသီးတဲ့ အတွေ့အကြုံတွေဟာ တံတားအောက်မှာ ရေတွေ အမြန်ဆုံး စီးမျောသွားသလို မျောသွားတာပဲ ကဗျာရယ်။

(၂)

ငှက်တစ်အုပ် အဝေး မိုးကုပ်စက်ဝိုင်းဆီ ဖြန့်ပြီး ပျံပြေးသွားတယ်။ ကမ္ဘာအဆုံးစွန်ထိရောက်မှာလား လိုက်ပါရစေ။ ညနေ နေရောင် လင်းဝေမှုကြောင့် ဆည်းဆာရောင် စွန်းပေနေသော သစ်ရွက်များ အနီရောင် တောက်ပနေ၏။ အနောက်ရိုးမတောင်ခြေက မုတ်သုံရေငွေ့တွေ ဘယ်ဆီ လွင့်မျောနေပြီလဲ။

ကဗျာတစ်ယောက်ရော ဘယ်ရောက်နေလဲကွယ်။ အိမ်ပြန်ချိန် ရောက်ရင် လူတိုင်း အိမ်ပြန်ရတာပါပဲ။ ဒီလို တရားနဲ့သာ ဖြေလိုက်ချင်၏။ သို့သော် ကျွန်တော်ဟာ တရားရှင်မှ မဟုတ်တာ။ ဘယ်မှာ ဖြေနိုင်ပါ့မလဲ။

သိပ်မကြာခင် အပြာရောင်သမ်းနေတဲ့ အမှောင်ရိပ်ထဲမှာ နွေးထွေးမှုဟာ တိုးဖွေ့ ဝင်ရောက်လာတော့မယ်။ မေးစမ်းပါရစေဦး။ ကဗျာရဲ့ ချယ်ရီရောင် နှုတ်ခမ်းလေးက ဖြေပါ။ နှစ်ယောက်အတူ နေရတဲ့အခါ တို့များ ဘယ်ကို သွားကြမလဲ။ အမှောင်ရိပ်ထဲက စောင့်ဆိုင်းနေမယ် ကဗျာရယ်။

'အနုပညာမှာ မာယာရှိတယ်' အနုပညာရဲ့မာယာကြောင့် ကျွန်တော့်ဘဝဟာ စိတ္တဇ လေမုန်တိုင်းထဲမှာ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေရတာ။ ကဗျာပါရမီဖြည့်နိုင်ပါ့မလား။ သန်းခေါင်ယံ၏ ကြယ်များကဲ့သို့ ဘယ်သူမှ မသိဘဲ အချိန်မရွေး ကြွေကျသွားနိုင်သည့် ဘဝတစ်ခု၏ တိုးတိုးဖော်အဖြစ် ကဗျာထာဝရ လက်တွဲနိုင်ပါ့မည်လား။

လူတွေအပေါ်၌ ကျရောက်နေသော အချိန်ဆိုသည့် ရောဂါဆိုးကြီးကို ကြိုးနှင့် တုပ်ထားလိုက်ချင်၏။ ဒီလို လုပ်ထားရင် ကျွန်တော့် အလိုရှိမှုများအားလုံး ပြည့်စုံသွားမည် ထင်သည်။ ခုတော့ ရေနဲ့ နာမည်ရေးနေရသလိုပါပဲ။ နေ့စဉ်နေ့တိုင်း အချိန်တွေဟာ အလဟဿ ဖြစ်နေသည်။

ညမှောင်နက်မည်းထဲမှာ ကောင်းကင်ရဲ့ ကြည်လင်တဲ့ အပြာရောင်ဟာ ရိုင်းတဲ့အပြာ ဖြစ်နေပြီ။ ည၌လယ်ယံမှာ ဝေးသထက်ဝေးလို့ ဆွေးရတဲ့ အဖြစ်က ကျွန်တော့်ဘဝ ကြေးမုံပြင်ကို မှိုင်းမှုန် ပြာရီစေတော့၏။ နေကြတ်ခြင်း၊ သက်တံ ရဲရဲနီသော စိန်ပန်းပွင့်လေးများ၊ ရိုးပြတ်လှည်းပေါ်က ကောက်ရိုးရဲ့ ရနံ့၊ တစ်စစီ တစ်စစီ အတွေးတွေကို ပုလဲသွယ်လို ဆက်စပ် တွဲသီမိတဲ့အခါ ရင်ခုန်သံတို့ကား များခဲ့ချေပြီ။ သေဆုံးပြီးရင် လူ ထပ်မဖြစ်ချင်ပါဘူး ကဗျာရယ်၊ ရင်ခုန်ရတာ ပင်ပန်းလွန်းလို့ပါ။

ကဗျာရေ ငှက်ကလေးတွေ လွတ်လွတ်လပ်လပ် ပျံသန်းနေတဲ့

ချစ်သူ စုံတွဲလေးတွေ ပျားရည်ပွဲတော် ကျင်းပနေတဲ့ ဒီကောင်းကင်ကြီး အောက်မှာ ချစ်သူတို့ရဲ့ ရင်ခုန်သံတွေနဲ့ ပူနွေးလို့ နေပါပြီ။ ပြန်ခဲ့ပါ တော့ ကဗျာရယ်။

"တို့နှစ်ယောက်ဟာ ဘဝကို ချစ်ရင်း၊ လောကကို ချစ်ရင်း၊ လူသားကို ချစ်ရင်း၊ ဂီတကို ချစ်ရင်း သီချင်းတွေ ဆိုကြမယ်။ ဘဝကို ချစ်သူ၊ လောကကို ချစ်သူ၊ လူသားကို ချစ်သူ၊ ဂီတကို ချစ်သူတွေနဲ့ ရင်ခုန်ပူနွေးရင်းတို့ သီချင်းမှာ အားလုံးပဲ ချမ်းမြေ့သာယာစေရမယ်"

တစ်နေ့တော့ တစ်ခုခုကို တွေ့ရပေမည်။ လမ်း မဆုံးသေးဘူး လေ။ လူ့ဘဝဆိုတာ ရွှေ့ခြင်း၊ ရပ်ခြင်း ရောထွေးနေတဲ့ ဖြစ်စဉ်ပဲ။ အသံတိတ် တေးတစ်ပုဒ်မှ မဟုတ်တာ ကဗျာရယ်။

ဒါကြောင့် အနာဂတ်ကို ရှုမျှော် ရင်ခုန်ရပေမည်။ ကမ္ဘာထဲမှာ ကျွန်တော်နဲ့ ကဗျာ အတူတူနေထိုင်ခြင်း ငွေရတုသက်တမ်း ရောက်တဲ့ အခါ သူငယ်ချင်းများ၊ မိတ်ဆွေများ အားလုံးအတွက် ရီဝေဝေ ဝိုင်ပါတီ တစ်ခုကို ရင်ခုန်သံဖူးပွင့်ခြင်းတွေနဲ့ ကျင်းပပေးရဦးမယ်။ အဲဒါ ခြောက် သွေ့သော ဆောင်းရာသီတစ်ခုမှာ ဖြစ်ချင်ဖြစ်မယ်။

ကျွန်တော်တို့ နှစ်ယောက် လူအဖြစ်နဲ့ အသက်ရှင် နေထိုင်ဆဲမှာ ဖွင့်မရတဲ့ တံခါးတွေနဲ့တော့ မတွေ့ပါရစေနဲ့။ ကျွန်တော်၏ ရောင်စုံ ရပ်ရှင်ကားချပ်လေး တစ်ခုဖြစ်သော ကဗျာ စိတ်ညစ်သွားမှာ စိုးပါ သည်။ သူမ လောကကြီးအကြောင်း ဘာမှ မသိသေးပါဘူး။

ကျွန်တော့်ဘဝ အိမ်ငယ်ငယ်လေးထဲမှာ အချစ်ဆိုတဲ့ အမြိုက် ရေစင်ကို အနှောင့်အယှက်ကင်းစွာ သောက်သုံးနိုင်မည့် မိန်းမသား တစ်ယောက်အဖြစ် ထားနိုင်သည့်ကိုယ် ဖြစ်ရပါလို၏။ အနုပညာ ဖန် ဆင်း ဆန်းသစ်မှု လုပ်ငန်းများမှလွဲ၍ အခြား စီးပွားရေးကိစ္စများကို ကျွန်တော် လုံးဝစိတ်မဝင်စားမိပါ။ လူဖြစ်ရတဲ့ ဘဝမှာ နှောင်ကြိုးမဲ့စွာ

နေပါရစေလား။

ပြည်မြို့ရဲ့ တစ်ခုသော အသိုက်ကလေးထဲမှာ တိတ်ဆိတ်သော ကာလများ ကျွန်တော်တို့ ရအောင် ကြိုးစားရဦးမယ်။ ရွှေရောင်ရက်များ နဲ့ တောက်ပသော အနာဂတ်ဟာ စပျစ်သီးရောင် ညိုမှိုင်းလှပနေတဲ့ တနင်္ဂနွေ မနက်ခင်းတစ်ခုမှာ စောင့်နေကောင်း စောင့်နေပေလိမ့်မည်။ အဲဒီနေ့ကျရင် ကျွန်တော်နဲ့ ကဗျာ သစ်ပင်ပေါ်မှာ နေ့လယ်စာ စားမယ်။

"အိမ်ဟာ ထောင်လိုပဲ၊ လူကို မွန်းကျပ်အောင် လုပ်တယ်ကွာ၊ ဟိုမှာကြည့်စမ်း၊ ပိတ်ထားတဲ့ တံခါးကို ဖွင့်ထွက်မသွားရင် အပြင်ဘက်မှာ သစ်ပင်တွေ မြင်ရဲ့လား၊ သစ်ပင်အောက်မှာ ကျောက်ခေတ်ကလို အချုပ်အချယ်မဲ့ လွတ်လပ်တဲ့ လူအဖြစ်နဲ့ နေ့သစ်တွေကို တို့တစ်တွေ ရင်ဆိုင်ကြရအောင်"

ကျွန်တော်နှင့် ကဗျာ ပြောခဲ့သော စကားသံများကား ဝေးလံသော အရပ်ဒေသသို့ ရောက်ရှိသွားခဲ့လောက်ပေပြီ။ တစ်ထောင့် တစ်နေရာ ဘယ်ဆီကမှန်း မသိ၊ ခပ်ကြွမ်းကြွမ်း ဂီတာလက်ခတ်သံနဲ့အတူ သီချင်း တစ်ပုဒ် လွင့်ပျံလာတယ်။

'နွေရာသီဦးရဲ့ တစ်ညမှာ
သူ အခါခါ ပြောခဲ့ဖူးတယ်
ဒီတစ်ကြိမ်သာ ချစ်မိဖူးတာတဲ့'

ကဗျာပြောခဲ့တဲ့စကားနဲ့ ရာပြည့်ရဲ့ သီချင်းစာသားကလည်း တိုက်ဆိုင်လိုက်တာ။

"ကိုကို့ကို ပထမဆုံး ချစ်ဖူးတာ ကဗျာ့ဘဝမှာ ပထမဆုံး ချစ်မိဖူးတာ ယုံပါကွာ" ဆိုတာလေ။ ခု မင်း ဘယ်မှာလဲ ကဗျာရယ်။ သူငယ်

ချင်း တစ်ယောက်က ပြောတော့ မင်း အမေ့အိမ် ပြန်သွားတယ်တဲ့။

ပန်းပွင့်ထဲမှာတော့ ရဲပတဲ့ နေရောင်ဟာ လှောင်ချိုင့်လေးနဲ့ ပုန်းနေတယ် ထင်ပါရဲ့။ မင်းရော ဘယ်မှာ ပုန်းနေတာလဲ ကဗျာ။ ပုန်းသူကို ရှာရခြင်းမှာ ဆောင်းခရီးကြမ်းကို ဖြတ်သန်းရသကဲ့သို့၊ မဆုံးသော တေးကို ညည်းရသကဲ့သို့ ခံစား ပန်းလျှရပေသည်။

အဝေးမျှော်စင်တစ်ခုပေါ်မှ အနီရောင် မီးလုံးများ လင်းတစ်ခါ၊ မှိတ်တစ်လှည့်နှင့် စည်းချက်ညီစွာ အချက်ပြနေ၏။ ပတ္တမြားပွင့်တွေ လွင့်စဉ် ကြွေကျနေတာလားကွယ်။ စိတ်ထဲမှာ အဲဒီလို ထင်မိသည်။ အရာရာဟာ ငြိမ်သက်နေတော့တာပဲ။

ပျင်းစရာကြီးနော်။ သီချင်းတစ်ပုဒ်လောက် ဆိုရအောင် ကဗျာရယ်။ သီချင်းဆိုရင်း ရွှေအိပ်မက်တွေ မက်ကြမယ်။ မာကျူရီရောင် လင်းပြက်တဲ့ နိုင်လွန်ကတ္တရာလမ်းကနေ ကျေးတောသားတစ်ယောက်ရဲ့ ပလွေသံမှာ ပူးဝင်ကပ်ငြိပြီး ကျွန်တော်တို့ အချစ်သီချင်းနဲ့ ကမ္ဘာကို ကိုင်လှုပ် လိုက်ကြတာပေါ့။

ကျွန်တော်တို့ သီချင်းသံမှာ စကြဝဠာထဲ၌ ပဲ့တင်ထပ် တုန်ခါနေလိမ့်မည်ဟု ယုံကြည်ရင်း ဒီမြေပြင် ဒီကောင်းကင်အောက်ကနေပြီးတော့ ကမ္ဘာကြီးကို ဂီတနှင့် ပူဇော်လိုက်ချင်၏။ အားလုံးကို လေးစား ကျေးဇူးတင်ပါတယ်။

ဂီတချစ်သူ လူငယ်တွေရယ်၊ သီချင်းရနံ့ သင်းထုံတဲ့ နေ့တွေရယ်၊ ပျော်စရာ မူးယစ်ရီဝေစရာ ရသတွေရယ်၊ ကျွန်တော်တို့နှင့်တကွ လူသားအားလုံး၏ ဘဝစာမျက်နှာများပေါ်မှာ မှတ်တမ်းတင်ထားရပေမည်။

ဘူတာရုံဘက်မှ မီးရထား ရှန်တိန်လုပ်နေသည့်အသံ၊ ဥသြဆွဲသံကို ကြားလိုက်ရပြန်၏။ ၁၉၂၃ ခုနှစ်က ဆရာကြီးတစ်ယောက် ရေးဖွဲ့

ခဲ့တဲ့ ကဗျာကို သတိရမိသည်။

ဥဩဆွဲသံ အကြား
ငါ့နှလုံးသားလည်း ကွဲပေါ့။

ပန်းလျှံနွမ်းယဲ့ပြီး ဖြူဖျော့နေတဲ့ ကျွန်တော့် ခန္ဓာကိုယ်ဟာ ပလက်ဖောင်းပေါ်မှာ ရပ်နေကြောင်း သတိထားလိုက်မိ၏။ ဘာကြောင့်များလဲ ကဗျာရယ်။ တချို့က ပြောတယ်။ စိတ်ထိခိုက်ခြင်းဟာ ဝိညာဉ်ရဲ့ ပွဲတင်သံတဲ့၊ ဟုတ်ရဲ့လား။

ကျွန်တော်လည်း အဲဒီလိုဖြစ်နေပြီ။ ဘာသာမတူ၊ အယူကွဲပြားမှု တစ်ခုတည်းနဲ့ ချစ်သူကောင်မလေးကို အစိမ်းလိုက်ခွဲရတာ၊ အနိဋ္ဌာရုံပဲ။ ချစ်သူနှင့် ကွေကွင်းရခြင်း ဒုက္ခဟာ ကျွန်တော့် ဝိညာဉ်ပေါ်သို့ လေးလံစွာ ပိကျနေတော့၏။

ညမှာ ကြယ်မှုန်များဖြင့် လင်းပနေဆဲ၊ လမမြင်ရ၊ သစ်ရိပ်အောက်မှာ နွေဟာ အေးနေတယ်။ နေ့ခင်းက ဖတ်ခဲ့တဲ့ စာအုပ်ထဲမှာ အင်ဒိုနီးရှားစကားပုံလေးဟာ ကျွန်တော့် စိတ်ဘက်ထရီမှာ မရှိတော့တဲ့ စွမ်းအားတွေကို ပြန်သွင်းပေးနေလေရဲ့။

"မျက်စိနဲ့ ဝေးပေမဲ့ နှလုံးသားနဲ့ နီးတယ်"
"မျက်စိနဲ့ ဝေးပေမဲ့ နှလုံးသားနဲ့ နီးတယ်"

(၃)

ငွေရောင်မြစ်ထဲက ရေစင်အေးတစ်ခွက် သောက်ရတဲ့ အရသာမျိုး၊ ကဗျာရဲ့ အသံက ချိုအေးသာယာ ရှိလှတယ်။ သံလိုက်ဓာတ်ပါတဲ့ သူ

ကလေးရဲ့ အသံ၊ စကြဝဠာထဲမှာ ကြိမ်နှုန်း ဘယ်လောက်များများ တုန်ခါနေဦးမှာလဲ။ ဟိုး... စတော့ပ်၊ သူ့အသံလေး မောနေပါ့မယ်။

လမ်းမဘက်ကို ကျောပေး အနေအထားနဲ့ အိမ်ထဲ ဝင်သွားတော့ ကဗျာရဲ့ ခေါင်းပေါ်မှာ အဝါရောင် ရဲရဲ သစ်ခွပန်းဟာ တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည်၊ ပါးပြင်မို့မို့ပေါ်က ပါးကွက်ကျားကြီးနဲ့ လိုက်လျောညီထွေ၊ အဆင်ပြေပြေ ဖြစ်နေတာ အတော့်ကို ကြည့်လို့ ကောင်းသား။

မြင်ကွင်းက မြန်မာရုပ်ရှင်ကားတစ်ကားရဲ့ နာမည်ကို သတိရစေပြန်တယ်။ ကိုဝဏ္ဏ ရိုက်တဲ့ ပန်းတွေနဲ့ဝေ။ ကဗျာရေ... မင့်ခေါင်းပေါ်မှာလည်း အဲဒီလိုပဲ ပန်းတွေနဲ့ဝေ၊ ထာဝစဉ် ငြိမ်းချမ်းနေပါစေ။

ဖြစ်နိုင်ရင် အားကောင်းစွာ စီးဆင်းပြီး အသက်ဝင် လှုပ်ရှားနေတဲ့ ကဗျာရဲ့ ကိုယ်စား ရုပ်သွင် ဓာတ်ပုံကို တိုင်းမ်စ်မဂ္ဂဇင်း မျက်နှာဖုံးမှာ ဖော်ပြပေးစေချင်တယ်။ ဒီလိုဆိုရင် အဲဒီ အနီးကပ်ရိုက်ချက် တစ်ခုဟာ လင်းကြည်ဝင်းပ စိမ်းမြနေမှာပဲနော်။

ဒီနေ့ ရာသီဥတုကတော့ အမေရိကန် ပန်းချီဆရာ ဂျက်ဆင်ပူးလော့ ရေးခြစ်ခဲ့တဲ့ 'နွေရစ်သမ်' ပန်းချီကားလိုပဲ ချို့မွှေးတဲ့ရနံ့တွေ မြေမဟီပေါ်မှာ ကြွေနေပြီ။

လမ်းရဲ့ အနောက်ခြမ်းမှာ စိနတိုင်းသားတွေ ပိုင်တဲ့ စားသောက်ဆိုင်ထဲက တိပ်ခွေဖွင့်သံဟာ ကျယ်ကျယ်လောင်လောင် သီချင်းညည်းရင်းနဲ့ ထွက်ပေါ်လာ။ ဗင်ဟောလင်အဖွဲ့ရဲ့ အသံပေါ့။ ကဗျာရေ... ဂီတာတွေက အော်နေကြပါလား။

ခင်မင်ရတဲ့ အပျိုကြီးမ တစ်ယောက်က လက်ဖက်ရည်ဆိုင်မှာ မှီ ထိုင်နေတဲ့ ကျွန်တော့်ကို မြင်သွားတော့ "ကိုဗျတ်ဝိ... အားမလျှော့သေးဘူးလား" လို့ မေးရင်း စသွားတယ်။ ပြောစရာတော့ ဖြစ်နေပေါ့။ ကျွန်

တော်က ကိုဗျတ်ဝိဆိုရင် ကဗျာကို မအိုဇာလို့ နာမည်ပေးရမယ်။

"မအိုဇာရယ်
ကွမ်းတစ်ယာ ရေတစ်မှုတ်နဲ့
လွမ်းတာကို အထုပ်ဖြေပြချင်တယ်"

လွမ်းတယ်၊ အရမ်း လွမ်းတယ်။ လဲကျလုလွမ်း၊ သဲမြေနု နွမ်းဖျော့ ဟာ ကြွေတော့မယ့် ငုလိုပဲ ယဲ့ယဲ့လေးရယ်၊ တကယ့် ယဲ့ယဲ့လေး။

ကျွန်တော့်ဘဝရဲ့ ကောင်းကင်ဘုံ၊ ရောင်စုံ ရုပ်ရှင်ကားချပ် ကလေး။ ကဗျာရေ... လူမစေ စာမပါး သတင်းမကြားနဲ့ အပြင်းဖျားနေပြီ လား ကွယ်။

ပန်းပန်ပါ၊ နှုတ်ခမ်းနီဆိုးပါ၊ သနပ်ခါးလိမ်းပါ၊ ဣတ္ထိယတစ်ဦးရဲ့ နူးညံ့မှု ဂုဏ်သရေနဲ့ လူ့လောကီဘုံအနွမ်းကို ပြုစားစမ်းကွယ်။

ပရေရီ မြက်ခင်းပေါ်က ဒါမှမဟုတ် မိဂဒါဝုန် ဘေးမဲ့တောက သမင်ပျိုမလေး တစ်ကောင်လို လွတ်လပ်ခြင်းကို သူကလေး လိုချင်ရှာ မှာပဲ။

လမ်းပေါ် ဖြတ်နင်းသွားတဲ့ ဆေးကြော်ငြာ စက်ဘီးလေးပေါ်က လေပါတီ မြရင် ဆိုခဲ့ဖူးတဲ့ ခေတ်ဟောင်း သီချင်းတစ်ပုဒ်ဟာ လမ်းဘေး မှာ ကျကျန်ရစ်ခဲ့တယ်။ 'အိမ်တွင်းပုန်း ကုလားမကဲ့သို့ ကျွန်မတို့ မနေ နိုင်ပေါင်ရှင်' တဲ့။

ဟော... အိမ်ထဲက ကဗျာ ထွက်လာတယ်။ တန်းလျားပေါ်မှာ ဘေးတိုက် အနေအထားနဲ့ထိုင်၊ စမုန်စပါး ဗန်းကလေးကိုင်လို့ ကျွန်တော် ငေးကြည့်နေမိတယ်။ ကဗျာရဲ့ မျက်နှာက ဆွေးဆွေးလေး။ တွဲလောင်း ကျနေတဲ့ ခြေထောက်နှစ်ချောင်းမှာ သလုံးသားလေးတွေ ဝင်းဝင်းဝါ၊

ရင်ခုန်ရတယ်။ ရင်ခုန်မိတာ အပြစ်လား။

ဒီမှာကြည့်စမ်းပါ။ လောက ကမ်းပါးထိပ်က တိတ်တိတ်ကလေး ငါးမျှားနေသူဟာ ကျွန်တော်ပေါ့။ ကျွန်တော်ဟာ ငါးမျှားသူပေါ့။ ကျွန်တော်က ကဗျာရဲ့ အချစ်ကို မျှားတယ်။ လောကကြီးထဲက ဖြစ်ရိုးဖြစ်စဉ်တွေကို မျှားတယ်။ သဘာဝတရားကြီးက ပေးတဲ့ အနုပညာကို မျှားတယ်။

နွေမှာ ဆောင်းရာသီ မိုးခိုးရောင်ကို အောက်မေ့ပြီး လိုက်ရှာရသလို ဘဝရဲ့ အရုပ်၊ အရောင်၊ အရိပ်တွေကို ကျွန်တော်က မျှားတယ်။

ကျွန်တော့်ဘေးမှာ သူငယ်ချင်း သုံးယောက် ရောက်လာတယ်။ ဒီလိုပဲ ကျွန်တော်တို့အုပ်စု လက်ဖက်ရည်ဆိုင် ထိုင်နေကျ ကမ္ဘာထဲမှာ သူငယ်ချင်းပေါင်း များစွာဟာ နေရာအနှံ့အပြားက လက်ဖက်ရည်ဆိုင်တွေမှာ အုပ်စုလေးတွေ ဖွဲ့ပြီး ထိုင်နေကြတာ။ ဒီခေတ်ရဲ့ အစဉ်အလာလို ဖြစ်နေပြီ မဟုတ်လား။

တချို့ ခတ္တာမန်ဒူမြို့က ဘုရားကျောင်းထဲမှာ ထိုင်နေကြတယ်။ တချို့ ကလေ ကယ်လီဖိုးနီးယားရဲ့ မြက်ရှည်တောထဲမှာ ထိုင်ချင် ထိုင်နေမယ်။ အေသင်မြို့ရဲ့ ကိုယ်ပိုင် ရေကူးကန်လေးဘေးမှာ အပျိုစင် ပန်းပွင့်လေးတွေ ထိုင်ချင် ထိုင်နေမယ်၊ လန်ဒန် လေဆိပ်မှာ လူငယ်ပျိုနုတစ်စု တစ်စုံတစ်ခုကို စောင့်ရင်း ထိုင်နေကြမယ်။ ကျွန်တော်တို့တွေဟာ နှစ်ဆယ့်တစ်ရာစုရဲ့ လောင်းရိပ်မိသူတွေပဲ။

ကျွန်တော်တို့ ဗာဒံရိပ် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတော့ ဗာဒံပွင့်လေးတွေ ကြွေလာ၊ ထပ်ပြီး ကြွေလာ။ လေညှင်းချတိုင်း ကြွေကြွေလာတဲ့ ဗာဒံပွင့်လေးတွေကို ပန်းစာလုံးသဏ္ဍာန် ပန်းနာမည် ရေးကြည့်မိတော့ သူကလေးနာမည် ပေါ်လာတယ်၊ ကဗျာ...တဲ့။

ကျွန်တော်နဲ့ ကဗျာလည်း ဝေးချင်သလောက် ဝေးပါစေ။ ဘာသာ

ရေး အဆီးအတားကြောင့် မီးလျှံတောင်များ၊ သမုဒ္ဒရာများ ခြားနားနေပါစေ။ ဝေးနေစိတ်ချင်း ဆက်သွယ်မယ်။ တယ်လီပယ်သီ နည်းနဲ့ပေါ့။

တကယ့် ပုံတူမျဉ်းကြောင်းများ၊ လူရုပ်သွင်များနှင့် ရုပ်တုကလေးများထဲမှာလည်း ဖူးချစ်က ဟောဒီလို ရေးခဲ့ဖူးတယ်။

"ဂုစတီနာလား၊ ကြည့်စမ်းပါဦး။ ဟောဒါပဲ ဂုစတီနာ၊ ကြည့်စမ်း။ ဒါပဲ ဂုစတီနာ။ အချစ်စိတ်နဲ့ တည်ငြိမ်တဲ့စိတ်၊ ကိုယ်တို့ကို သူတို့သတ်ချင် သတ်နိုင်ကြတယ်။ ဟုတ်တယ် မဟုတ်လား ဂုစတီနာ။ ဒါပေမဲ့ ကိုယ်တို့ရဲ့ ဣန္ဒြေနဲ့ ကိုယ်တို့ရဲ့ အချစ်ကိုတော့ ဘယ်တော့မှ ချေမှုန်းလို့ရမှာ မဟုတ်ဘူး" တဲ့။

ဟုတ်တယ်နော်။ အနာဂတ်မှာ တိတ်ဆိတ်စွာ စောင့်ပါ။ ရွှေရောင်စိမ်းကိန်းများ၊ အလင်းရဲ့ သွားနှုန်းထက် အမြန်ဆုံး ရောက်လာလိမ့်မယ်။

အမြင့်ဆုံး ပျံသန်းခဲ့တဲ့ အဝါရောင် ဗာဒံရွက်တစ်ရွက်ဟာ နွမ်းလျအပူရုပ်နဲ့ ဟန်မလုပ်နိုင်ရှာဘဲ လမ်းဘေးကို ဝဲကျလာတယ်။ ဗာဒံရွက်တွေ ကြွေလွင့်နေပေါ့။ လေရူးဖေ့လိုက်ရင် လမ်းမပေါ်မှာ လျှောတိုက်မျောပါသွားပြန်ရော။ လမ်းထဲမှာ ဗာဒံပင်တွေ အတော်များတယ်။ လှပသော ဗာဒံပင်တွေ ရာသီနွေကို ကြိုနေပြီကွယ်။

နေရောင်က လှပနေတဲ့ သစ်ပင်တွေ၊ ဖုန်အလိမ်းလိမ်းနဲ့ အိမ်ခေါင်မိုးတွေကို နှုတ်ဆက်စကား ဆိုနေလေရဲ့။ ကျွန်တော်တို့ ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်နားက ဗာဒံပင် ဟိုဘက်မှာ ခရမ်းရောင် လမ်းဘေးပန်းလေးတွေပေါ် လိပ်ပြာလေးတစ်ကောင် နားနေလေရဲ့။

နေ့တိုင်း နေ့တိုင်း လှတဲ့ ဗာဒံပင်တွေကို ကြည့်ပြီး ကဗျာရဲ့ ရွှေအဆင်းရှိသော မျက်နှာကို ငေးကြည့်ရင်းနဲ့ အချိန်တွေ ကုန်ဆုံး လွန်မြောက်နေတော့တာပဲ။ သစ်ရွက်ကြွေသံကို ဖမ်းထားချင်တယ်။

ကဗျာရဲ့ ရင်ခုန်သံကိုလည်း စီ ဖိဝ တစ်ခွေစာဖမ်းပြီး အိပ်မပျော်

တဲ့ ညတွေမှာ နားထောင်ချင်တယ်။ ကဗျာရဲ့ တစ်နေ့တာ လှုပ်ရှားမှုကို ဗီဒီယိုရိုက်ပြီး မှတ်တမ်းတင်ထားမယ်။

ကြည့်ရင်း ကြည့်ရင်းနဲ့ကွယ်၊ ကဗျာ အိမ်ပေါ် ထပ်ရောက်နေတယ်။ ဝရန်တာမှာ ရပ်နေတယ်။ ကျောဝဲဆံပင်တွေ လေနှင်ရာ တလွင့်လွင့်နဲ့ စိုးမြတ်သူဇာ ဒီဇိုင်းပေါ့။

ဗာဒံကိုင်းတစ်ကိုင်းရဲ့ အခက်တွေကြားက မျက်နှာ ပဝင်းလေးဟာ လမင်းတစ်မင်း နေ့ခင်းမှာ သာနေသလိုပါ။ ကမ္ဘာဦးသူတို့ မျှော်လင့်စောင့်စားလို့၊ လမင်း ပေါ်ထွက်လာသလို၊ ကျွန်တော့်အတွက် ကဗျာဟာလည်း (ဗာဒံပင်ပေါ်ကလ) ကလေးပေါ့။ ကဗျာနဲ့ ကျွန်တော့်ကြားမှာ မျက်လုံးဟာ ဆက်သွယ်ရေး ကိရိယာ ဖြစ်တယ်။

ပြန်လည် ကြားယောင်လာ၊ ကဗျာနဲ့ ပြောတဲ့ စကားများ။

"ပျားရည် သေနတ်နဲ့ ပစ်လိုက်တာလား၊ ကိုကို့ နှုတ်ခမ်းတစ်စုံဟာ ကဗျာ့အသည်းကို ပစ်မယ့် သေနတ်တစ်လက်ဆိုရင် ကိုကို့အနမ်းချိုချိုတွေဟာလည်း ပျားရည် ကျည်ဆန်လေးတွေပေါ့"

မျက်ခုံးမွေး စိမ်းစိမ်းထူထူနဲ့ ကဗျာရေ…၊ မင်းကို ကဗျာဆိုတဲ့ နာမည် ဘာလို့ခေါ်သလဲ၊ သိလား။ မင်း လမ်းလျှောက်လာပုံကို ကြည့်ရတာ ကဗျာကောင်းတစ်ပုဒ် ဖတ်ရသလို ခံစားရလို့ပေါ့။ သိပ်လှ၊ သိပ်ကဗျာဆန်တာပဲ။ အရမ်းပဲ၊ မိုက်ကရိဝေ့ဖ် မျှော်စင်လို။ ကဗျာ့ရှေ့က ရပ်ပြီး အန္တရာယ်ဟူသမျှ ရင်ဆိုင်ပါ့မယ်ကွယ်။

အမှတ်မထင် ဘေးနားက သူငယ်ချင်းကို ကြည့်လိုက်တော့ သူက သောက်လက်စ စီးကရက် မီးနဲ့ ပန်းစာလုံးဖော်ထားတဲ့ ဗာဒံပွင့်လေးတွေကို လိုက်တို့ပြီး မီးရှို့ကြည့်နေတယ်။

ကျွန်တော့်ကြောင့် ကဗျာဆိုတဲ့ ပန်းလေးတစ်ပွင့်ကို အသည်းနှလုံးလောင်ကျွမ်း ပြာကျအောင်၊ ရင်ကွဲနာရအောင် အချစ်မီးနဲ့ရှို့ပြီး ကစား

လိုက်သလို ဖြစ်နေပြီလား။ ဒီလိုတော့လည်း မရည်ရွယ်ခဲ့ပါဘူး ကဗျာရယ်။

**စာတိုသိမ်း**

အထက်ဖော်ပြပါ တိပ်ခွေသုံးခွေကို ကျွန်တော် နေ့စဉ် ထိုင်နေကျ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ ချောင်ကျသော စားပွဲတစ်ခုပေါ်မှ ရခဲ့ပါသည်။

စာရေးဆရာတစ်ယောက် မေ့ကျန်ခဲ့သော ဝတ္ထုရေးရန် အသံသွင်းထားသည့် ကုန်ကြမ်း တိပ်ခွေ များလား။ ဒါမှမဟုတ် ဣတ္ထိယလေးတစ်ယောက်ကို ပေးဖို့ ချစ်သူ့လက်ဆောင် တိပ်ခွေတွေ များလား။

ပိုင်ရှင်သည် တိပ်ခွေများကို ပြန်လည် ရယူလိုပါက ဖုန်း ၂၁၇၇၂ သို့ဖြစ်စေ၊ ပြည်မြို့ လမ်းမတော် သုခစာပေတိုက်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မေးမြန်းစုံစမ်း၍ တောင်းယူနိုင်ပါသည်။

ဟန်သစ်မဂ္ဂဇင်း၊ မတ်၊ ၁၉၉၂

❑

## ငှက်ဖျားမိသူများ

**- မင်းခိုက်စိုးစန် -**

(တစ်)

အပြာရောင် ကတ္တီပါသားမှာ ရေမှုန်ပန်းဖွားတွေ သီးနေသလိုမျိုး ကောင်းကင်ကြီး နုစိုနေလိုက်တာ မိသန္တာရယ်။ ကြည့်စမ်း ... အမွေးပွ ထနေတဲ့ အပြာရောင်ယုန်တစ်ကောင်ရဲ့ ကျောကုန်းကို လက်ဖဝါးနဲ့ မထိတထိ ပွတ်သပ်ပုံမျိုးနဲ့ အဲဒီကောင်းကင်ကြီးရဲ့ ကျောကုန်းကို ပွတ်သပ်ပါရစေ။ ငါ ကြည်နူးကြည့်ချင်လို့ပါ မိသန္တာ။

ကောင်းကင်ဆိုတာ ဘာလဲ မိသန္တာ၊ ကောင်းကင်ဆိုတာ ခြေဖဝါးလား၊ လက်ဖဝါးလား၊ ခေါင်းလား၊ ရင်ဘတ်လား၊ ကောင်းကင်ဆိုတာ ကိုယ်လုံးကိုယ်ထည်လား၊ အဝတ်အစားလား၊ ရွှေချည်ဆင် အမျှင်အယှက်တွေနဲ့ နံနက်ခင်းပိုက်ကွန်ကို ဆွဲတင်လိုက်ပါတော့ မိသန္တာ။ ကောင်းကင်ဆိုတာ မြင်ရုံ မြင်ရပြီး ဖမ်းလို့မမိတဲ့ ရွှေငါးတစ်ကောင်ပါကလား မိသန္တာ။

ပြီးတော့ ရွှေငါးတစ်ကောင်ရဲ့ ခန္ဓာကိုယ် အကြေးခွံတွေပေါ်မှာ ရေမှုန် ရေဖွားတွေ ကပ်တင်နေတဲ့ပုံမျိုးနဲ့ ကောင်းကင်ကြီးတစ်ခုလုံးမှာ ရေမှုန်ရေဖွားတွေ ပြည့်နေတာ။ အရောင်တွေများတောင် တဖျပ်ဖျပ်ပြေး

လို့။ ဟောဟိုမှာ သက်တံကွေးကွေးကြီးကို တွေ့လားမိသန္တာ။ နင် ငါ့ကို ချစ်တယ်မဟုတ်လား။ ကဲ ... ကြည့် ... နင် မဖြေနိုင်တော့ဘူး။ အဲဒါပဲ၊ **ဘဝဆိုတာ နှမ်းရိုပါးလှပ်နေတဲ့ ဆိုက်ကားတာယာတစ်လုံးလို ခပ်ရွယ်ရွယ် ခဲလုံးလေးတစ်လုံးကိုတောင်မှ မနင်းရဲလောက်အောင် ဖြစ်တတ်တာမျိုးပေါ့။ အဆင်မသင့်ရင် မြက်တစ်ပင်စူးတာနဲ့တင် ဘီးပေါက်သွားနိုင်တယ်လေ။** အဲဒီတော့ မိသန္တာ၊ ထမင်းစားပါ၊ ရေသောက်ပါ၊ အိပ်မက်မက်ပါ၊ ကျန်းမာရေးဂရုစိုက်ပါ၊ ညနေခင်းမှာ လမ်းလျှောက်ပါ။ လမ်းလျှောက်ရင်း ကောင်းကင်ပြာကြီးကို မော့ကြည့်ချင်ကြည့်ဦး။ အင်း ပြောရင်းဆိုရင်းနဲ့ ကောင်းကင်ပြာကြီးက ပါလာပြန်ပြီ။ ဘာဖြစ်လို့ စကားက အဲဒီလို ပြန်ပြန်လည်သွားတယ် မပြောတတ်ဘူး။

ခက်တော့ခက်သားလား မိသန္တာရယ်၊ ဦးနှောက်ဆိုတာ စာအုပ်တစ်အုပ်လို မဖတ်ချင်တဲ့အခါ အဖုံးပိတ်ထားလိုက်လို့ ရတာမှမဟုတ်တာ။ နှလုံးသားက လွှင့်ထုတ်နေတဲ့ ရုပ်မြင်သံကြားအစီအစဉ်ကို ဝင်္ကြေးရှိရှိ ထိုင်ကြည့်နေရတဲ့အဖြစ်ပါ။ ကြော်ငြာတွေလာပြန်ပြီ။ ကြော်ငြာတွေ ကြည့်ရဦးမယ်။ မျက်နှာလွှဲပစ်လို့မရဘူး။ ကျော်လွှားရစ်ပတ်လိုက်လို့ မရဘူး။ ကြည့်ကြည့် ကြည့်နေရမှာပဲ မိသန္တာ။ အဲဒီ ကြော်ငြာတစ်ခုတည်းကပဲ ထပ်တလဲလဲ ပြန်လာနေပြန်တော့လည်း ဘာတတ်နိုင်မှာတဲ့လဲ မိသန္တာရယ်။

ဟောဒီမှာ ငါ့နှလုံးသားက ကောင်းကင်ပြာကြီးတစ်ခုအကြောင်းကို ထုတ်လွှင့်နေပြန်ပြီ။ လွန်ခဲ့တဲ့ ကိုးနှစ်လောက်တုန်းက နင်နဲ့ငါနဲ့ အတူထိုင် ကြည့်နေခဲ့ကြတဲ့ ကောင်းကင်ပြာကြီးပေါ့ မိသန္တာ။

*

ကြည့်လေ ...။

ပိုးအိမ်မျှင် တိမ်အမှိုက်တွေ ငြိမ်ငိုက်နေကြတဲ့ ကောင်းကင်ပြာကြီး တအိအိလွင့်နေပုံ။

အဲဒီကောင်းကင်ကြီးထဲ ငှက်တွေ တိုးဝင်ပျံသန်းလာ ... ။

အဲဒါပါပဲမိသန္တာ။ ငါကြောက်တာ အဲဒါပါပဲ။ ဟင့်အင်း၊ ငါ သိသွားပြီ။ ငါစိတ်စွဲနေတာက ကောင်းကင်ကြီးကိုကြောက်တာ မဟုတ်ပါဘူး။ အဲဒီကောင်းကင်ကြီးထဲ တိုးဝင်ပျံသန်းလာတဲ့ ငှက်တွေကို ကြောက်တာပါ။

ငှက်တွေ ...၊ မိသန္တာ ငှက်တွေ။

(၁–က)

သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့် လွမ်းဖွယ်မြိုင်ခြေ မြူခိုးဝေ။ သူပြန်လာခဲ့သည်။ လွမ်းဖွယ်မြိုင်ခြေ၊ မြူခိုးများ မဝေလှသေး။ သူပြန်လာခဲ့သော ရွာကလေး။ အမေရှိသည်။ သူငယ်စဉ်က ခြေရာများ ရှိသည်။ သူငယ်စဉ်က ဝိညာဉ်များမရှိတော့၊ သူ့ဇာတိရွာကလေးသို့ သူပြန်လာခဲ့သည်။ သူပြန်လာခဲ့သောအခါ သူ့ဇာတိရွာကလေးသည် သူ့ဇာတိရွာ ကလေးမဟုတ်တော့ဘဲ ဖြစ်နေသည်။

လယ်ကွင်း၊ တောစပ်၊ သစ်ပင်အုပ်အုပ်၊ ရေအိုင်စပ်စပ်၊ ငှက်များ၊ ကွင်းပြင်ကျယ်ကျယ်၏ ရနံ့၊ ပန်းများပွင့်ကြသည်။ သို့သော် ဗွီဒီယိုရုံများ ရှိနေပြီ။ သက်တံကွေးကွေးက မြွေတစ်ကောင်နှယ် လယ်ကွင်းထဲ တိုးဇော့ လျှောတိုက် ပြေးဝင်သွားရန် ကြိုးပမ်းနေ၏။ သို့သော် ဘောင်းဘီတိုတို ဝတ်ထားသော ကောင်မလေးတစ်ယောက် ရွာလယ်လမ်းမတစ်လျှောက် တရုတ်စက်ဘီးတစ်စီးကို စီးလာသည်။ သာနယုန်ဝယ်၊ ပင်စုံညိုနွဲ့၊ စိမ်းစိုနွဲ့နှင့်၊ တောင်သွဲ့မြောက်ဖီ၊ လေသိမ်းချိက၊ ကရီကရာ၊ ကမြူးလာ

သို့။ စိမ်းနုလန်းစိုသော သစ်ပင်ဝါးပင်များ လေအဝှေ့တွင် ယိမ်းကြသည်။ လေပြည်သည်ပင် သစ်နေ၏။ တော၏ရနံ့၊ တောင်၏ရနံ့သည် သူ့ရင်ထဲ တိုးဝင်သည်။ သူကော ဘယ်လောက်ထိ သစ်လွင်နိုင်ဦးမှာပါလဲ။ ရွာကလေးရေ... မင်းကော ဘယ်လောက်ထိ သစ်လွင်ခဲ့ပြီးပြီလဲဟု သူ့စိတ်ထဲကမေးဖြစ်၏။ သူ ပြန်မရောက်သော ကိုးနှစ်လောက်အတွင်း ရွာကလေးမှာ အရက်ဆိုင်ခြောက်ဆိုင် ထွန်းကားခဲ့ပြီးပြီ။

*

သူပြန်လာခဲ့ပြီ။ ကျွန်းပင်အရွက်ဖားဖားတွေပေါ်မှာ၊ နံနက်ခင်းပေါ်မှာ အင်ဂျင်စက်သံတွေပေါ်မှာ၊ သူရေးဆွဲခဲ့သော ပန်းချီကားတွေပေါ်မှာ၊ ငတ် တစ်လှည့်ပြတ်တစ်လှည့် ထမင်းလုတ်တွေပေါ်မှာ လျှပ်စစ်မီးသီးအကျွမ်းတွေပေါ်မှာ ဂျက်ဆက်ပေါ်လော့ခ်ရဲ့ အပေါ်မှာ၊ အညံ့စားဖျော်ရည်တွေရဲ့အပေါ်မှာ၊ ယုံကြည်ချက်တွေရဲ့အပေါ်မှာ၊ မြို့ပြရဲ့ ထဘီရေသီနားအပေါ်မှာ၊ ဗင်ဂိုးရဲ့ နေကြာပန်းတွေအပေါ်မှာ ရှုးသွပ်မှု အနုပညာအပိုင်းအစ အကွဲအကြေတွေပေါ်မှာ။ နောက် ... လမ်းပေါ်မှာ။

သံကြိုးခတ်ခံထားရသော ရေအိုးစင်မှ ရေခွက်များကို သူမုန်းသည်။ ထို့ကြောင့် သူပြန်လာခဲ့သည်။ လည်ပင်းအကျီစဟိုက်လွန်းသော ကြော်ငြာမင်းသမီး၏ နံရံကပ်ပိုစတာများကို သူမုန်းသည်။ ထို့ကြောင့် သူပြန်လာခဲ့သည်။

ပူအိုက်လွန်းသော ရာသီဥတုများကို သူမုန်းသည်။ မီးသတ်ဥသြသံများကို သူမုန်းသည်။ ကိုယ့်မီးကိုယ်ပြန်သတ်နေရုံနှင့်ပင် ကျေနပ်နေကြသော လူများကို သူမုန်းသည်။

ကလေးသူငယ်နာ ကုထုံးကြမ်းကိုလည်းကောင်း၊ ရဲယိုသီးကိုလည်းကောင်း၊ ဆက်ဆံရေးညံ့သော လက်ဖက်ရည်ဆိုင် စားပွဲထိုးကို

လည်းကောင်း၊ ကွန်ပျူတာ ဒီဇိုင်းဆန်းကိုလည်းကောင်း၊ သားရေကြိုးကို လည်းကောင်း၊ ကတ္တရာလမ်းမကိုလည်းကောင်း၊ ရောင်းတမ်းဝင်စာအုပ် အဖုံးလှလှများကိုလည်းကောင်း သူမုန်းတီးသည်။ သည်းမခံနိုင်စရာများ ကို သည်းခံကြည့်သောအခါ သူ့ကိုယ်သူ သည်းခံ၍မရလောက်အောင် မုန်းတီးလာသည်။ ထို့ကြောင့် သူပြန်လာခဲ့သည်။

သူပြန်လာခဲ့သည်။

အမေ့အိမ် အလွမ်းတွေပေါ်မှာ ... ။

ပြီးတော့ သူမရဲ့ အိပ်မက်ဟောင်းတွေပေါ်မှာ ... ။

(နှစ်)

မောလိုက်တာ မိသန္တာရယ်၊ ရွာကို ပြန်မလာခင်တုန်းကလည်း မောတယ်၊ ရွာကို မြင်ရတော့လည်း မောတယ်၊ ရေတစ်ခွက်ပေးစမ်းပါ... မိသန္တာ။

ဩော် ... ရေဆိုလို့ ပြောရဦးမယ်။ ငါရန်ကုန်မြို့ ရေလယ်ကောင် မှာ ကြွက်တက်နေရတဲ့ ကာလတစ်လျှောက်လုံး နင့်ကိုသိပ်သတိရတာပဲ မိသန္တာ။ ဘာ ... မဆိုင်ဘူးဟုတ်လား။ အင်း ... ဟုတ်တော့ဟုတ်ပါ တယ်လေ။ ငါကတော့ ဆိုင်မယ်ထင်လို့ ပြောလိုက်မိတာ။ အစတည်းက နည်းနည်းတော့ ကြောင်ပါတယ်လို့ထင်သား။ ငါ အဲလိုဖြစ်ဖြစ်နေတာ ကြာပြီ။

အင်းပေါ့၊ ရန်ကုန်မှာနေကတည်းကပေါ့။ ငါပြောသားပဲ ရွာကို ပြန်မလာခင်တုန်းကလည်း မောတယ်ဆိုတာ အဲဒါပေါ့။

ရန်ကုန်ဆိုတာ အလုံးလား၊ အပြားလား၊ အဝိုင်းလား၊ လေးထောင့် လား၊ ဟင့်အင်း၊ ကိုးနှစ်လုံးလုံးနေခဲ့တဲ့ ရှန်းကန်နေခဲ့တဲ့ ငါကိုယ်တိုင် မသိခဲ့ပါဘူး မိသန္တာ။ ကိုးနှစ်လုံးလုံး မီးလောင်နေခဲ့တာပါ။

ခက်ရချည်ရဲ့ မိသန္တာရယ်၊ ရန်ကုန် အနုပညာလောကလေ။ ငါ့လို အူကြောင်ကြောင် ပန်းချီဆရာတစ်ယောက်အတွက် ဘယ့်နှယ်လုပ် အဆင်ပြေနိုင်ပါ့မလဲ၊ ထားတော့ ငါမပြောနဲ့။ ပီကာဆိုနဲ့ ဗင်ဂိုးနှစ်ယောက်ပေါင်းပြီး ရန်ကုန်အနုပညာအသိုင်းအဝိုင်းထဲ ခြေချဖို့ ကြိုးစားကြည့်။ တစ်နှစ် အချိန်ပေးမယ်။ တစ်နှစ်ဆိုတဲ့အချိန်က တိုလွန်းလို့ ကျန်တဲ့မြန်မာစကားတွေသာ မတတ်သွားရင်နေရမယ်။

"သိပ်အဆင်မပြေဘူးဗျ" ဆိုတဲ့ စကားတစ်ခွန်းတော့ သူတို့ ကောင်းကောင်းတတ်သွားမှာ သေချာတယ်။

ငါ့ကိုယ်ငါ ပန်းပဲဖိုထဲက သံတုံးတစ်တုံးလို ထုနှက်ပြီး ဓားသွန်းခဲ့တယ်။ ငါ့ရဲ့ခြေထောက်တွေကို ဇော်ဂျီဖိုလ်ဝင်သား ကျွေးခဲ့တယ်။ ငါ့ရဲ့ လက်တွေနဲ့ မိုးကြိုးကိုဖော်စပ်ခဲ့တယ်။ ငါ့ရဲ့မျက်နှာကိုကြည့်ဖို့ မှန်ကို ငါကိုယ်တိုင် ဆေးကြောခဲ့တယ်။

ငါ့ရဲ့ကတုတ်ကျင်းကို ငါ့ရင်ဘတ်ထဲမှာ ငါကိုယ်တိုင်တူးခဲ့တယ်။ ငါ့ရဲ့ခံတပ်ကို ငါစားမယ့်ထမင်းလုတ်တွေနဲ့ ပုံပြီးတည်ဆောက်ခဲ့တယ်။ ငါ့ခံတပ်ပတ်လည်က ကျုံးကို ငါ့နှလုံးသွေးတွေနဲ့ ဖြည့်စီးစေခဲ့တယ်။ ငါလွှင့်တင်ဖို့အလံကို ငါ့ဆံပင်တွေနဲ့ ရက်လုပ်ခဲ့တယ်။ အားလုံးပြီးတော့မှ ငါ့စခန်းကို ငါကိုယ်တိုင် ရန်သူ့လက်အပ်ပြီး ငါပြန်လည်ဆုတ်ခွာခဲ့တာပါ မိသန္တာ။ အဲဒါ ငါညံ့သလား။ ကိုယ့်ကိုယ်ကိုယ်မို့လားတော့ မသိဘူး။ ငါကတော့ အခုထိ ငါ့မှာ သတ္တိတွေရှိနေသေးတယ်လို့ ထင်နေတုန်းပဲ။ အင်း ... ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ။ တကယ်တော့ အဲဒီ 'တကယ်တော့' ကိုယ်တိုင်ကိုက တကယ်တော့လို့ ထည့်ထည့်ပြောရမယ့် မရေရာမှုတစ်ခုပါ။ **'တကယ်တော့' မှာ ဟန်ချက်မရှိဘူး။ အို ... နောက်ပြီးတော့ အဲဒီတကယ်တော့ဟာ ငါ့ဘဝရဲ့ဟန်ချက်တွေအားလုံးကို ဖျက်ဆီးပစ်ခဲ့တာပါ။ တကယ်တော့ ငါဟာ**

**ခပ်ညှို့ညှို့ကောင်တစ်ကောင်အဖြစ်နဲ့ပဲ ကျန်ရစ်တော့တာပဲလေ။ တကယ်တော့ မိသန္တာ တကယ်တော့ ...။**

ဟင့်အင်း၊ နင့်မှာ လုံးဝအပြစ်မရှိဘူး မိသန္တာ။ အဲဒီစကားတွေ ပြောခဲ့တုန်းက နင်လုံးဝမှန်ခဲ့တယ်။ မှားယွင်းနေတာက 'တကယ်တော့' ပါ။ ငါ မှတ်မိသေးတယ်။ နင်နဲ့ငါ နောက်ဆုံး စကားပြောခဲ့ကြတာလေ။ အဲဒီတုန်းက ညနေခင်းဟာ သိပ်ပျူငှာတာပဲ။ နင်ဟာ ညနေခင်းကို စကားလုံးတွေနဲ့ ထွန်းညှိခဲ့တာပေါ့။ ရွှေရောင်တွေတောက်ပလို့ လေပြည်ထဲမှာ စည်းဝါးကျနေတဲ့အချစ်တွေ ပါလာတယ်။ ကကြိုးဆင်ထားတဲ့ အသံဂီတနဲ့ တိမ်တွေ၊ လေလာလျှင် သမ်းမှိန်မှိတ်ပါလို့ ရွှေဝါဆင် ပန်းတိမ်လိပ်တွေက လွန်းလက်ချိတ်ဆွဲကာနှောင်၊ လဲဝါရောင်ကွယ့် တစ်ခြမ်း၊ တိမ်နှင်းဆီ ထိန်လင်းစွာ တကြည်ကြည်နဲ့ တစီစီ တိမ်ပိတုန်းတွေက ရုံးစုပျံ့သန်းနေကြတာ။ ပျံသန်းနေကြတာ နှင်းဆီရောင်တိမ်တွေချည်းပဲ မဟုတ်ဘူးလေ မိသန္တာ။ မြင်လား မြင်လား မိသန္တာ၊ ငှက်တွေ ဟိုမှာ ငှက်တွေ။

အဲဒီတုန်းက ဟော ဟိုရေအိုင်အစပ်နားက သစ်ပင်အောက်မှာ နင်နဲ့ငါ ထိုင်ခဲ့ကြတယ်။ ကောင်းကင်ပြာကြီးကို အတူကြည့်ကြဖို့ နင်က ငါ့ရင်ခွင်ထဲမှာ ရာသီကလည်း အခုလို မိုးစပ်စပ်ရာသီလေး။

ရှိုးခနဲ လေချွန်သံတစ်ချက် ကြားလိုက်ရတယ်။ လှမ်းကြည့်လိုက်တော့ ရေစစ်စလီငှက်တစ်ကောင်။

ငါငေးကြည့်နေမိတယ် ငှက်ကို။

နင်ငေးကြည့်နေတယ် ငှက်ကို။

ငှက်တွေအကြောင်း နင် ပိုနားလည်မှာပေါ့။ နင်က သတ္တဗေဒနဲ့ ဘွဲ့ရထားတာပဲ။ ငါလို ပန်းချီကျောင်းဆင်းတစ်ယောက်ထက်စာရင် နင်က စကားတွေအများကြီး ပြောအားပိုရှိတဲ့သူပါ။ ဒါပေမဲ့ နင်

အဲဒီနေ့က စကားသိပ်မပြောဘူး၊ တိတ်နေတယ်။

တောင်ပံကို လေးလေးတွဲ့တွဲ့ အားစိုက်ခတ်တတ်တဲ့ ရေစစ်စလီငှက်တွေကို ငေးကြည့်နေ၊ မရန်းရောင်တိမ်တွေ တဖြည်းဖြည်းပါးလျားလိုက်လာ။ ညနေအလင်းဟာ တဖြည်းဖြည်း ရွှံ့ဆန်ဆန်လာ၊ တကယ်တော့ ညနေခင်းအလင်းတင် ရွှံ့ဆန်လာတာ မဟုတ်ပါဘူး။ ညနေခင်းကြီးတစ်ခုလုံးဟာ ရွှံ့တုံး၊ ရွှံ့ရုပ်တစ်ရုပ်လို ညနေခင်းဟာ ရွှံ့စောင်းယိုစီးကျ၊ ဟင့်အင်း၊ ဟင့်အင်း ညနေခင်းတင် မကပါဘူး။ ငါ့ဘဝကြီးတစ်ခုလုံးရဲ့ ဟန်ချက်ကိုပါ ပြောင်းပစ်လိုက်ဖို့ 'ဟန်ချက်' ဆိုတဲ့ စကားလုံးကို နင်စပြီး သုံးခဲ့တာ မဟုတ်လား မိသန္တာ။

"ငှက်တစ်ကောင်ရဲ့ ကိုယ်ခန္ဓာကို ဖွဲ့စည်းထားတဲ့ပုံဟာ သိပ်စိတ်ဝင် စားစရာကောင်းတယ်ကို၊ **ငှက်တစ်ကောင် လေထဲမှာပျံနိုင်ဖို့ အဓိကလိုတာက သူ့ခန္ဓာကိုယ်ရဲ့ ဟန်ချက်ကို ထိန်းထားဖို့ပဲ..."**

နင့်စကားထဲမှာ လေငွေ့နွေးနွေးတွေ ပါလာတယ်လို့ ငါထင်နေတယ်။ မဟုတ်ရင်လည်း ကိစ္စမရှိဘူးလေ။ ဒါ ငါ့ဘာသာငါ ထင်တဲ့ ကိစ္စပဲ။ ဆက်စမ်းပါဦး မိသန္တာ။

**"ငှက်တစ်ကောင်ရဲ့ဟန်ချက်ဟာ သူ့ခန္ဓာကိုယ်ရဲ့အလယ်ဗဟိုမှာရှိတယ်၊ ကို... သိလား၊ အဲဒီဟန်ချက် ပျက်မသွားအောင် ခေါင်းပိုင်းနဲ့ အမြီးပိုင်း ဘယ်ဘက်နဲ့ညာဘက်တွေမှာ အလေးချိန် မျှမျှတတရှိနေတာပေါ့"**

သစ်ရွက်တွေကြားကနေ နင့်ပါးပြင်ပေါ်ကျလာတဲ့ အလင်းကွက်ထဲမှာ ဘာတွေပါလာသလဲ မိသန္တာ။ ဝတ်မှုန်တွေလား။ ကတ္တီပါစိတ်ကူးတွေလား။ အချစ်တွေလား။ မြစ်တစ်စင်းလား။ အနာဂတ်တွေလား။ ဩော်... နင့်စကား မဆုံးသေးဘူးကိုး၊ ပြောတော့မိသန္တာ၊ ပြော...။

**"အဓိကလှုပ်ရှားရမယ့် အစိတ်အပိုင်းတွေ၊ ကြီးကြီး**

**မားမားရှိရမယ့် အစိတ်အပိုင်းတွေ၊** ဥပမာ ပေါင်တံ၊ အတောင်ပံ အရင်းပိုင်းတွေ **ဆိုလည်း ဟန်ချက်နားမှာပဲ ရှိရတယ်၊ တွေ့လား ကို"**

ငါ ခေါင်းညိတ်ပြလိုက်မိတယ်ထင်တယ်။

"လူ့ဘဝမှာလည်း ဒီလိုပဲထင်ပါရဲ့ကိုရယ်၊ ဟန်ချက်ပေါ့၊ ဟန်ချက်ဟာ သိပ်အရေးကြီးတယ်"

ပန်းအိုးတစ်လုံးထဲ ပန်းတွေမထိုးစိုက်ဘဲ မျှော်လင့်ချက်တွေ ပစ်ထည့်လိုက်တော့ တို့ဘဝတွေကို ထမင်းအိုး၊ ဟင်းအိုးတွေနဲ့ တည်ဆောက်ကြ၊ ငါဘာလုပ်ရမလဲ မိသန္တာ။

"ကိုယ့်ဘဝရဲ့ဟန်ချက်ဟာ ပန်းချီပဲ၊ အဲဒီပန်းချီနဲ့ ဘဝတစ်ခုလုံးကို ထိန်းနိုင်ဖို့ဆိုတာကလည်း စောစောကပြောခဲ့သလို အရေးကြီးတဲ့ အင်္ဂါတွေ၊ လှုပ်ရှားနိုင်မယ့် အစိတ်အပိုင်းတွေက ဟန်ချက်ရဲ့အနီးအနားမှာ ရှိမှ ဖြစ်မှာ၊ ကိုယ့်ကို ပံ့ပိုးမယ့်ဆရာသမား၊ မိတ်ဆွေ၊ အနုပညာအသိုင်းအဝန်း၊ အဲဒါတွေရှိဖို့"

သစ်ပင်တောအုပ်တွေ အမှောင်ထဲ နစ်ခါနီးဆဲဆဲပေါ့ မိသန္တာ။ အဲဒီနောက်ဆုံးအခိုက်အတန့်ကလေးကို အခုထိ ငါ ကောင်းကောင်း မှတ်မိနေခဲ့တယ်။

"အဲဒါတွေရှိဖို့ဆိုတာကလည်း ကို ရန်ကုန်ကို သွားမှဖြစ်မယ်"

အဲဒါ နင်ပြောတဲ့ နောက်ဆုံးစကားပါပဲ။ အဲဒီအချိန်မှာပဲ အိပ်တန်းပျံငှက်တွေ အုပ်စုဖွဲ့ပျံသန်းလာနေကြရဲ့။

အဲဒီစကားတစ်ခွန်းအတွက်နဲ့ ငါ့ဘဝဟာ ကိုးနှစ်လုံးလုံး ငှက်တစ်ကောင်လို ပျံသန်းနေခဲ့ရ၊ ဩော် ငါကတော့ အခုမှ အိပ်တန်းပြန်ခွင့်ရတာပါကွယ်။

အလဲလဲ အကွဲကွဲနဲ့ အိပ်တန်းပြန်ခဲ့ရတာပါ။ ငှက်တစ်ကောင်ဖြစ်

တဲ့ ငါဟာ၊ ငှက်တွေကို ကိုးနှစ်စာ ကြောက်လန့်ခဲ့ရ၊ ဩော် ... ဒါနဲ့ နင်ငါ့ကို ချစ်တယ်မဟုတ်လား မိသန္တာ။

(၂-ခ)

သူ့ကို အမေကြိုနေသည်။ ရွာမှာ ငှက်တွေရှိနေတုန်းပဲလား။ အမေ... ။ အမေဘာမှမပြော။ အမွေးအတောင်များသည် ပေါ့ပါးကြ ကြောင်း သူသိသည်။ ပေါ့ပါးစရာ ဘာတစ်ခုမှမရှိဘဲ ကိုယ့်ကိုယ်ကိုယ် အမွေးအတောင်စုံပြီဟု ထင်ခဲ့သော သားတစ်ယောက်ကို အမေ ဘယ်လို ခံစားချက်နဲ့ ကြိုဆိုခဲ့ပါသလဲ။

ရင်အုပ်နီနီငှက်များ၊ ပန်းဝတ်ဆံနှင့် ရာမာယဏဇာတ်တော်ကို သူကြည့်ခိုက် လက်တွန်းလှည်းတစ်စီး အိမ်ရှေ့မှ ဖြတ်သွားသည်။ တိတ်ခွေတစ်ခွေ ကို ဖွင့်လိုက်ပါ။ နံနက်ခင်းရဲ့အသံကို ကြားရလိမ့်မည်။ အမေ့ကို မြင်ရရုံဖြင့်ပင် သူ့တစ်ကိုယ်လုံး နံနက်ခင်းဖြစ်သွားခဲ့၏။

သန္တာ့အကြောင်းရော၊ အမေသိမှာပေါ့။ တစ်ရွာတည်းနေမှာပဲ၊ ဟင့်အင်းမပြောပါနဲ့၊ ကျွန်တော်သိပြီးနေပါပြီ။ သိတယ်၊ သိတယ်ဆိုတာ ဘာလဲ၊ မော်တော်ကားတစ်စင်းကို သိသည်။ စားသောက်ဆိုင်တစ်ဆိုင် ကို သိသည်။ ဈေးကွက်စီးပွားရေးကို သိသည်။ ယောကျ်ားတစ်ယောက် ကို သိသည်။ သိသည်ဆိုသည်မှာ ဘာမှမဟုတ်ဘဲ သိလိုက်ခြင်းသာ ဖြစ်သည်။ တန်ဖိုးကိုသိ၍မရပါ။ အနုပညာတစ်ခုကို သိ၍မရပါ။ သိသည်ဆိုသည်မှာ–

သို့သော် သူသိပါသည်။ မိန်းမတစ်ယောက်၏ ခင်ပွန်းအဖြစ်မှာ ဘာတွေလိုအပ်သလဲဆိုသည်ကို သူသိသည်။ ဆင်းရဲခြင်းဆိုတာ ဘာလဲ သူသိသည်။ နောက်ဆုံး သူတကယ်သိသည်ကတော့ သူမကို သိသည်။ သေချာပါတယ် အမေရယ်၊ ကျွန်တော်လေ မိသန္တာကိုသိတယ်။ ဟုတ်

တယ်၊ သူယောကျ်ားယူသွားတာ ကျွန်တော်သိတယ်။ ရန်ကုန်မှာက တည်းက သိတာပါ။ အင်း သူ့ယောကျ်ားက ရွာမှာ စားသောက်ဆိုင် ဖွင့်ထားတယ်။ အရမ်းပြေလည်တယ်ဆိုတာလည်း သိတယ်။ ဩော် အရက်ကို အဓိကထား ရောင်းတာကိုး။ အင်းပေါ့လေ၊ ဒါထုံးစံပါပဲ။ ကျွန်တော်သိတယ်။ ဟုတ်တာပေါ့။ အရေးကြီးတယ်။ ပိုက်ဆံရှိဖို့ အရေး ကြီးတာ၊ အင်း ... အင်း၊ စကားရောသွားလို့၊ သူတို့ ဆိုင်ကအမြည်းက ကောင်းတာလား၊ သိတယ်၊ သိတယ်၊ ဟုတ်တယ်လေ။ ဒါလည်း အရေး ကြီးတာပါပဲ အမေရယ်။ အရေးကြီးတာတွေ အားလုံးကို သူသိသည်။

သူသိတာတွေ များလွန်းနေပြီ။ အရေးကြီးတာတွေအားလုံးကို လေပွေတစ်ချက် မွေ့တိုက်သွားသည်။ မုန်တိုင်းရှိခြင်းကို မည်သူမျှ ကြေညာချက် မထုတ်ပြန်။ ပျံသွားသော ငှက်များအကြောင်းကို သိရုံ သိနေလိုက်၏။ လိုက်ဖက်တယ်၊ မလိုက်ဖက်ဘူးဆိုတာ ဘယ်သူက အဆုံးအဖြတ်ပေးမှာလဲ၊ အဆုံးအဖြတ်ဆိုသည်မှာ နောက်ဆုံးအချိန်တွင် ဖြတ်လိုက်ခြင်းကို ခေါ်ပါသလား။ မသန္တာ သူ့ကို နောက်ဆုံးအချိန်တွင် ဖြတ်သွားသည်။

*

သိတာတွေအားလုံးကို မြေမြှုပ်ပစ်လိုက်ပါတော့။ ဆော့ခရတ္တိက မသိဟုပြောခြင်းကို သူ သိသလိုလိုရှိသည်။ ပန်းပုရုပ်တစ်ခု၏ ရင်ဘတ် များ ဟင်းလင်းပွင့်နေကြ၏။ သိခြင်းကို မသိဖို့ဆိုသည်မှာ အတော်ပင် ခက်ခဲကြောင်း သူသိသည်။ သူသည် သိခြင်းကို သိ၍ သိရန်လိုအပ် ကြောင်း သိနေရာမှ သိလိုက်၏။

*

လမ်းမကြီးတစ်ခုက ငှက်တွေအပေါ် နင်း၍လျှောက်သွားသည်။ အထက်ဆိုသည်မှာ မရှိပါ။ အောက်ဆိုသည်မှာ မရှိပါ။ ကောင်းကင်ဆိုသည်မှာ ကိုယ့်ခေါင်းအထက်တွင် ရှိနေသည်ဟု ဟုတ်ယောင်ထင်စေရန် လှည့်စားထားသော ဗလာဟင်းလင်းတစ်ခုမျှသာဖြစ်ကြောင်း သူ ခံစားရသည်။ သူ ဗလာဖြစ်နေသည်။

သူအိမ်ပြန်ရောက်နေကြောင်း သိရ၍ ရပ်ဆွေရပ်မျိုးများ လာရောက် လည်ပတ်ကြသည်။ သူဗလာဖြစ်နေ၏။ ဟဲ့ နင် အဆင်ပြေရဲ့လား။ နင်ကလည်း နေစိမ့်လိုက်တာ၊ တစ်ခေါက်မှတောင် ပြန်လာဖော်မရဘူး၊ အေးလေကွာ၊ မင်းရန်ကုန် ပြန်ဦးမှာလား၊ ဒီမှာပဲနေပါကွာ၊ တို့နဲ့အတူ လုပ်စား၊ မငတ်ဘူးဟ၊ ကိုဌေးတောင် သူ့လယ်တစ်ခြမ်း ရောင်းပြီး စီးပွားရေးထလုပ်တာ ဘယ်မှာ အဆင်ပြေလို့လဲ၊ ဒီလိုပဲပေါ့။ ငါတို့အိမ် ထမင်းလာစားဦးနော်။ ဟော့ကောင် ရိုးဟိုဘက်ကအရက်ဆိုင် သွားရအောင်သိလား။ မင်းရည်းစားရဲ့ယောကျ်ား ဖွင့်ထားတာ၊ အမြည်းကောင်းတယ်မောင်၊ နက်ဖြန် ငါလာခေါ်မယ်။ ပြီးခဲ့တဲ့သီတင်းကျွတ်က သိပ်မစည်ဘူးကွ၊ အေးလေ၊ ရွာသီတင်းကျွတ်မှာ ပွဲမဝင်နိုင်တာ ကြာပါပကော။ ဦးဇင်းဦးပဏ္ဍိတက မင်း ရောက်နေတယ်ကြားလို့ မေးနေတယ်။ အင်း... အင်း၊ ဟုတ်ကဲ့၊ အင်း... အင်း၊ ဝတ်ကျေတမ်းကျေအပြုံးနှင့်အတူ သူဗလာဖြစ်နေ၏။

သူဗလာဖြစ်၏။ အမေ့တဲစုတ် စုတ်နုပ်နုပ်ကလေးထဲတွင် ပလတ်စတစ်ရေသန့်ဘူးခွံ လေးငါးဘူး တွေ့ရသောကြောင့် သူ အံ့ဩမိသည်။ ရယ်ချင်သလိုလည်း ဖြစ်မိ၏။ သူ မရယ်နိုင်၊ ပါးစပ်တစ်ခုလုံး ထုံကျင်ကိုက်ခဲ တောင့်တင်းနေသည်။ ရွာလယ်လမ်းမပေါ်တွင် မိုင်းလ်ဒ်ဆဲဗင်း စီးကရက်ဘူးခွံများ ရှိသည်။ ယခင်က ကျူပျော့ပေါ် စာရေးထားသည့် အငြိမ့်ကြော်ငြာကို တွေ့ရသည်။ ယခုတော့ ... ဆေးနက်သုတ်

ထားသည့် သစ်သားသင်ပုန်းပေါ်တွင် ရောင်စုံမြေဖြူများဖြင့် "ယနေ့ည သောက်ကျိုးနည်းအောင် ချစ်ကြမယ်" ဗွီဒီယိုဇာတ်ကား၊ မင်းသား ဘယ်သူ ... မင်းသမီး ဘယ်သူ ... ဟူသည့် ဆိုင်းဘုတ်များကို တွေ့ရသည်။ သူ့မေးရိုးတွေ သံချေးတက်ပတ္တာဖုံးတစ်ခုလို ကျပ်တောင့်နေ၏။ သူ့တူ ငါးနှစ်သားကလေးတစ်ယောက်၏ ပါးစပ်မှ 'ရှစ်(တ်)' ဟု ဆဲလိုက်သံကို သူကြားရသည်။ သူရယ်၍မရတော့။ ရွာကလေးလည်း ရယ်၍မရတော့။ ရွာကလေးမှာ မေးခိုင်ရောဂါပိုး ဝင်နေပြီ။

တစ်စုံတစ်ရာသည် ရွာကလေးကို ပြုစားခဲ့ပြီဖြစ်သည်။

*

သူမကို သူသိပ်တွေ့ချင်သည်။ နင့်ကိုကော ဘယ်သူပြုစားလိုက်ပြီလဲ မိသန္တာ။ သူရောက်နေတာ နှစ်ရက်ရှိသွားပြီ။ သူမကို သူသိပ်တွေ့ချင်သည်။ အမေက –

"ဟဲ့၊ သန္တာတို့ဆိုင်ဘက် တစ်ချက်လျှောက်လိုက်ပါဦး၊ သူလည်း နင့်ကိုတွေ့ချင်မှာပေါ့။ ခဏတစ်ဖြုတ်ဖြစ်ဖြစ် သွားလိုက်ဖို့ကောင်းတယ်"

အမေ သိပ်အလိုက်သိတာပဲ၊ နက်ရှိုင်းလွန်းသော တွင်းတစ်ခုထဲသို့ သူ ပြုတ်ကျသွားသည်။ အေးခနဲ၊ တွင်း၏အောက်ခြေနှင့် အရှိန်ပြင်းစွာ ရိုက်တော့မည်ကို သူသိနေသည်။ ရိုက်ပြီ။

ငြိမ့်ခနဲဖြစ်သွား၏။ နူးညံ့ထူအိ ငြိမ့်စက်သော မွေ့ရာတစ်ခုပေါ် ကျသွားသည်။ နက်ရှိုင်းသလောက် နူးညံ့သောအောက်ခြေရှိသည့် တွင်းတစ်တွင်းသည် အမေတစ်ယောက်၏ သားတစ်ယောက်အပေါ် နားလည်ခြင်း ဖြစ်သည်။

ဟုတ်ကဲ့၊ ကျွန်တော် သွားလိုက်ပါ့မယ်အမေ။

**ဟန်ချက်ပျက်နေတဲ့ ငှက်တစ်ကောင်အဖြစ်**နှင့် သူမထံ သူ

ပျံသန်းသွားတော့မည်။ မိုးငွေ့ပါသော လေအေးအေး၏ အရောင်အဆင်းကို သူ ရှူရှိုက်ရသည်။ မုတ်သုံသည် သစ်ရွက်အကိုင်းအဖျားများအပေါ် တိုးတိတ်စွာ ခိုနားနေ၏။ နေခြည်တွေ ပျပျမှိုင်းခဲ့ပြီ။ ခဲသေးသေးလုံးလုံးကလေးများဖြင့် ပြည့်နေသော လမ်းကလေး၏ ဝဲယာတစ်ဖက်တစ်ချက်ဆီမှ မြက်ပင်များ လှုပ်ယမ်းသွားကြသည်။ ရေအိုင်စပ်စပ်အနီးတွင် ဝဲပျံ ဆင်းသက်တတ်သော ငှက်များကို မြင်ရ၏။ အိမ်တံစက်မြိတ်အစွန်းတွင် တွဲလောင်းခိုနေသော ရေတစ်စက် မြေပေါ် ပေါက်ခနဲ ပြုတ်ကျသွားသည်။ ဟန်ချက်ပျက်၍ ထိုးကျလာသော ငှက်တစ်ကောင်ဟုပင် သူ အောက်မေ့ချင်ချင်ရှိလေသည်။

(သုံး)

စိတ်ကူးရဲ့ပခုံးများမှာ နှလုံးသားတွေကို ထမ်းပိုးတင် အားရှိပါးရှိ မောင်းနှင်ပစ်လိုက်ချင်ပါရဲ့ မိသန္တာ။ အတိတ်တွေကို စွန့်ပစ်ဖို့ ကိုလိုနီနယ်သစ် ရှာမရသေးပါကလားကွယ်။

နှင့်အရက်ဆိုင်ထဲ ငါဝင်လိုက်တဲ့အချိန် ...

ကောင်တာမှာထိုင်နေတဲ့နင်က ငါ့ကိုလှမ်းအကြည့်–

ဟော ... ကြည့်ကြည့်၊ နှင့်အမူအရာလေး ပြောင်းသွားပြီ။ အဲဒီအမူအရာမျိုးကလေးကို ငါချစ်တာ မိသန္တာ။ ဒါသာပြဇာတ်တစ်ပုဒ်ဆိုရင် အခုဆို မင်းသမီးနဲ့မင်းသား ပြန်ဆုံတဲ့အခန်းမှာ ဆလိုက်မီးရောင်တွေ စင်ပေါ်မှာ ဝုန်းဒိုင်းကြဲအောင် ထိုးပစ်လိုက်လိမ့်မယ်၊ တီးဝိုင်းကလည်း ဗြုန်းဗြုန်းဗြင်းဗြင်း ကြမ်းနိုင်သလောက်ကြမ်းအောင် ပစ်ခတ်တီးပြလိုက်လိမ့်မယ်။ ပြီး ... ပြန်တိတ်ဆိတ်သွားလိမ့်မယ်။

ငါတို့နှစ်ယောက်ကတော့ အစကတည်းက တိတ်တိတ်ဆိတ်ဆိတ်ပါပဲနော် မိသန္တာ။ ငါ့မှာ ပြဇာတ်ကဖို့ စကားလုံးတွေပါမလာဘူး။

ရင်ဘတ်ဟောင်းလောင်းနဲ့ ငှက်တစ်ကောင်ဟာ ငါပါကွယ်၊ ငါနင့်ကို နည်းနည်း ပြုံးပြလိုက်မိသလားပဲ၊ ဟုတ်ချင်ဟုတ်မယ်၊ ငါ့မှာ ရွာအပြန် လက်ဆောင်ဆိုလို့ အကျီမှာ စက်ဆီအကွက်စွန်းသလို သောကတွေ စွန်းထင်းပေကျံနေတဲ့ မပြုံးတတ်ပြုံးတတ် နှုတ်ခမ်းတွေရယ်၊ အက္ခရာမရှိတဲ့ စကားလုံးနည်းနည်းပါးပါးရယ်၊ ဒါပဲပါပါတယ်။

ဟုတ်တယ် မိသန္တာ၊ ငါ့အပြုံးတွေဟာ အပျော်မဆန်တော့ဘူး။ ဒီလောက်ညစ်ပတ်နေတဲ့ ငါ့နှုတ်ခမ်းတွေကို ရွာဘေးက စမုံချောင်းမှာ လျှော်ဖွပ်ပစ်ရဦးမယ်။ ငါ့နှလုံးသားကို မြေဆီဩဇာကောင်းတဲ့ ဟောဟိုလယ်ကွက်တွေထဲမှာ ချစိုက်ရဦးမယ်။

ကဲ … ဘာငိုင်နေတာလဲ မိသန္တာ။

ဟန်ချက်ညီတဲ့ငှက်တွေ ပျံသန်းသွားကြပြီ။ ဩော် … ဒါနဲ့ အသားဖြူဖြူ မျက်ပေါက်ကျဉ်းကျဉ်းနဲ့ နင့်ခင်ပွန်းသည်ကော မမြင်ပါလား မိသန္တာ။

(၃–က)

သူဝင်လာခဲ့ချိန်တွင် ဆိုင်ထဲ၌ လူသူမရှုပ်ထွေးလှသေး။

စားပွဲသုံးလေးဝိုင်းတွင် သောက်စားနေသူများရှိ၏။ ကောင်တာကိုသူ တစ်ချက်ကြည့်လိုက်သည်။ နောက် … မျက်နှာလွှဲလိုက်ပြီး ထောင့်အကျဆုံးစားပွဲရှိရာသို့ လျှောက်သွားကာ ထိုင်ချလိုက်၏။ သူနှင့် မျက်နှာချင်းဆိုင် စားပွဲတွင်ထိုင်ကာ အရက်သောက်နေကြသူများကို မြင်လိုက်ရသောအခါ သူ့ရင်ထဲ ကျဉ်တက်သွားသည်။ အလွန်ဆုံးရှိလှ အသက် ၁၅ နှစ်အရွယ် လူငယ်သုံးယောက်။ ဩော် … ဟိုတုန်းကဆို ဒီအရွယ်ဟာ ရွာမှာ ပြေးလွှားဆော့ကစားနေတဲ့အရွယ်၊ အခုတော့ … ။

ရွာကလေးရေ၊ အရဏ်မတက်ခင်မှာ နေညိုနေပြီလား၊ ကာလ

သတ်မှတ် စနစ်ပြောင်းလဲခဲ့ပြီ။ ကောင်တာမှ လျှောက်လာကာ သူ့အနီး သို့ လာရပ်သော သူမကို မော့အကြည့်တွင် သူမလည်း ပြောင်းလဲနေပြီ ဖြစ်ကြောင်း တွေ့ရ၏။ ခါးအတန်ငယ် တုတ်လာသည်။ အသားပိုဖြူ လာသည်။ ကျောက်ပတ်တီးစီးထားသလို လက်မှာ ရွှေလက်ကောက်တွေ ပြည့်နေသည်။ သူ့ရင်ထဲမှာ ပေါ့တော့တော့ဖြစ်နေ၏။

"နင် အရက်သောက်မလို့လားဟင် ..."

ဘာလဲ... အဲဒါ ဘာစကားလဲ... ၊ ချစ်သူကို ပထမဦးဆုံး နှုတ် ဆက်တဲ့စကားဟာ ဒါလား။ ဟုတ်တယ် မိသန္တာ၊ ငါအရက်သောက်မလို့ ပါ။ နင် ရောင်းတဲ့အရက်ကို သောက်ကြည့်ချင်လို့ပါ။

သူ ခေါင်းညိတ်ပြလိုက်၏။

**အရက်တစ်ပိုင်းယူခဲ့၊ အမြည်းတစ်ပွဲပါ** ယူခဲ့ဟု စားပွဲထိုး ကလေးကို လှမ်းမှာနေသည့် သူမအသံကို သူကြားရသည်။ သူမကို ထပ်မကြည့်ဖြစ်စေရန် သူ့မျက်လုံးများကို နံရံထဲ ရိုက်သွင်းထားလိုက် ၏။ သူမ ကြောင်တက်တက်ဖြင့် စားပွဲဘေးတွင် အနည်းငယ်ကြာအောင် ရပ်နေသေးသည်။ ပြီးမှ တုံ့ဆိုင်းစွာဖြင့် ကောင်တာဘက်ဆီ လှည့်ထွက် သွား၏။

စားပွဲထိုးလေးက အရက်ပုလင်းနှင့်ဖန်ခွက်၊ သောက်ရေဘူးများ လာချသောအခါတွင်မှ သူ့ကိုယ်ကို တည့်တည့်ပြန်လှည့်ဖြစ်သည်။ ခဏ အကြာတွင် ပူပူနွေးနွေး အမြည်းတစ်ပန်းကန် ရောက်လာ၏။ အမြည်း ပန်းကန်ကို သူရှိရာ စားပွဲစွန်းတွင်ချသည်။

သူ့တစ်ကိုယ်လုံး တုန်တက်သွား၏။

လှည့်ထွက်ရန်ပြင်နေသည့် စားပွဲထိုးကလေး၏လက်ကို သူဖမ်း ဆွဲထားပြီး မေးလိုက်သည်။

"ညီလေး ဒါဘာလဲ"

စားပွဲထိုးလေးက သူ့ကို ခပ်ငေးငေးကြည့်ရင်း ဖြေသည်။

"ငှက်ကြော်လေအစ်ကို၊ ငှက်တစ်ကောင်လုံးကို ပုံမပျက်ကြော်ထားတာ"

သူ့နားထဲက လေတွေ တဝူးဝူးထွက်လာနေသလို ခံစားရ၏။

"ကျွန်တော်တို့ဆိုင်က ဒီအမြည်းနဲ့ နာမည်ကြီးနေတာအစ်ကိုရ၊ စားကြည့်ပါ။ ငှက်အရှင်တွေလှောင်ထားပြီး လတ်လတ်ဆတ်ဆတ်ကြော်တာ၊ သိပ်ကောင်းတာ အစ်ကို"

ကောင်တာဆီ သူလှမ်းကြည့်သောအခါ သူမ မျက်နှာလွှဲနေ၏။

*

သစ်ပင်ကြီးအောက်တွင်ထိုင်နေ၊ ငှက်များပျံသန်းသွား၊ ရေစပ်စပ်တွင် သူ့ရင်ခွင်ထဲ သူမငေးကြည့်၊ ကောင်းကင်ပြာထဲ၊ ငှက်များ၏ ဟန်ချက်သည်၊ ဘဝနှင့်လှုပ်ရှားနိုင်သော အစိတ်အပိုင်းများ၊ ဟန်ချက်အနီးတွင် သစ်ပင်တောအုပ်နှင့် ငှက်များ၊ အမှောင်ထဲနစ်ခါနီး သူ့ရင်ခွင်ထဲ...။

*

ဝတ်ဆံတွေ လေအတိုက်မှာ ကြွေလိုက်ကြတာ မိသန္တာရယ်။ ကမ္ဘာမြေတစ်ပြင်လုံး နူးညံ့ဖွေးလှုပ်သွားမတတ်ပါပဲ။

**ဒါပါပဲမိသန္တာ၊ လူတချို့က အတွေးအခေါ်ကို စားကြတယ်။ လူတချို့က အသားကို စားကြတယ်။**

**ငါက ငှက်တစ်ကောင်ရဲ့ အတွေးအခေါ်ကိုစားတယ်။ နင်နဲ့ လူအများစုက ငှက်တစ်ကောင်ရဲ့အသားကို စားတယ်။**

အသားစားတော့ ပရိုတိန်းဓာတ်ရသတဲ့။ အတွေးအခေါ်တွေဆိုတာကတော့ အရက်နဲ့မြည်းတဲ့အခါ အသားလောက် မချိုဘူးပေါ့လေ။

ဘာခေတ်တွေ ရသလဲတော့ ငါလည်းမသိဘူး။

*

အခုနေ လယ်ကွင်းအစပ် သစ်ပင်ရိပ်မှာ လေတဖြူးဖြူးနဲ့ ရှိနေမှာပေါ့။ လေထဲမှာ ဝဲပျံလွင့်မျောလာတဲ့ ဂီတသံ၊ ငှက်ကျေးသံ၊ သစ်ရွက်ခတ်သံ၊ ပတ္တလားသံ၊ မိသန္တာ ငါ့လက်ကို ရဲရဲတွဲပါ။ ညနေချိန် နေညိုနေတဲ့ ရွာအစွန်ရှုခင်းဟာ သိပ်လှတာ။ ရေစပ်စပ်နဲ့ တောအုပ်လည်း လှတာပဲ။ အရိပ်ကျနေတဲ့ လယ်ကန်သင်းရိုးလည်း လှတာပဲ။ အဲဒီလိုပါပဲ မိသန္တာ။ အဲဒီလိုပါပဲ။

ဟောဒီညနေဟာလည်း အရင်ညနေတွေလိုပါပဲ။ ဒါပေမဲ့ အရင်ညနေမှမဟုတ်တော့ဘဲ မိသန္တာ။ ငါလည်း ပြောင်းလဲသွားခဲ့ပြီ။ ရွာကလေးလည်း ပြောင်းလဲသွားခဲ့ပြီမိသန္တာ။ ငါက အတွေးအခေါ်တွေကို စားရင်းစားရင်း တခြားဒေသတစ်ခုကိုရောက်ပြီး ပြောင်းလဲသွားခဲ့တာ၊ ရွာကလေးကတော့ မြေကြီးထဲ ခြေသည်းတွေစိုက်ဝင်တွယ်ကုပ်ရင်း ဘယ်မှရွေ့လျား ခွင့်မရလိုက်ဘဲ ပြောင်းလဲသွားရတာ။ သြော် ရွာကလေးက အသားစားတတ်သကွဲ့။ သွားကြပါစို့ရဲ့ မိသန္တာ။ သွားကြပါစို့၊ သွားကြပါစို့ ... ။

ညိုမှုန်မှုန် ညနေအညိုးမှာ မိုးချုပ်ခဲ့ပြီ မိသန္တာ ...။

၁၉၉၇

ကောင်းကင်နဲ့မလွတ်တဲ့ အတောင်ပံတစ်စုံ ဝတ္ထုတိုများ၊
စက်တင်ဘာ၊ ဒုတိယအကြိမ်၊ ၂၀၁၇

❑

## လရောင်အဝေး...

- ရဲဘုန်းခေါင် -

(၁)

ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။ ငါးတွေအတွက် ရေလိုအပ်သလို ကျွန်တော့်ဘဝအတွက် လရောင် လိုအပ်ပါတယ်။ ခရီးလမ်းဟာ တိုတောင်းပြတ်ရှသလား၊ ဒါမှမဟုတ် ရှည်လျားဝေးလံသလား၊ ကျွန်တော် မသိပါဘူး။ ည ဘယ်အချိန်မှာပဲ အိပ်ရာဝင်ခဲ့သည်ဖြစ်စေ နေ့စဉ်ပုံမှန် လုပ်စရာရှိတဲ့ အလုပ်တွေကို ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်းနဲ့ လုပ်ကိုင်ဆောင်ရွက်လိုက်တာပါပဲ။ မကျေမလည် ဖုဖုထစ်ထစ် ငြိုငြိုငြင်ငြင်ရယ်လို့ ဘာတစ်ခုမှ မရှိခဲ့ပါဘူး။ အေးဆေးပါ။ လရောင်ပဲ လိုပါတယ်။ ကျွန်တော့်ရဲ့ စိတ်နှလုံးသားထဲ ဘယ်လိုနည်း နဲ့မှ ချစ်ခင်နှစ်သက်လို့ မရနိုင်ခဲ့တဲ့ လူတစ်စု တစ်ဖွဲ့က တော့ ကေန်အမှန်ရှိနေခဲ့ဖူး၊ ရှိနေခဲ့ဆဲပါပဲ။ ပလိပ်ဝတ္ထုထဲက ဒေါက်တာ ရေးကို ကျွန်တော် အင်မတန်နှစ်လိုလှပါတယ်။ ဒေါက်တာရီဗားဂိုးကို လည်း ကျွန်တော် သဘောကျတယ်။ လူအတော်များများဟာ သူတို့နှလုံးသားထဲက အသံတွေကို မသပ်မရပ် ဖုံးဖိထားရင်း မပျော်မရွှင်နေထိုင်ရှင်သန် သေဆုံးသွားခဲ့ကြတာပဲ မဟုတ်လား။ ခုအချိန်မှာ

ကျွန်တော် အလွမ်းဆုံးလူဟာ ကျွန်တော့် အမေဖြစ်ပြီး ကျွန်တော် အလွမ်းဆုံးအရာကတော့ (လရောင်ဖြာ၊ သာလင်းနေခဲ့ဖူးသော) ကုန်လွန်သွားခဲ့တဲ့အချိန် တချို့တစ်ဝက်ကိုပဲ ဖြစ်ပါတယ်။ ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိတယ်။

(၂)

ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။ လူ့ဘဝတစ်သက်တာမှာ နောင်တတရား မရခဲ့ဖူးသူ၊ နောင်တတရား မတွေ့မရှိ မကြုံကြိုက်ခဲ့ဖူးတဲ့ သူရယ်လို့ ရှိနိုင်ပါ့မလား။ လူ့ဘဝတစ်သက်တာမှာ စိတ်သောက၊ စိတ်ဒုက္ခ မခံစားခဲ့ဖူးသူ၊ စိတ်သောက စိတ်ဒုက္ခ မရမရှိ၊ မရောက်ခဲ့ဖူးတဲ့ သူရယ်လို့ ရှိနိုင်ပါ့မလား။ ရှောင်လွှဲဖို့မရနိုင် မဖြစ်နိုင်တော့ပါဘူးဆိုမှတော့ သိပ်ဆိုးဆိုးဝါးဝါးကြီး ရုပ်ပျက်ဆင်းပျက် မဖြစ်သွားစေရဘဲနဲ့ တည်တည်ငြိမ်ငြိမ်၊ တိတ်တိတ်ဆိတ်ဆိတ် လက်ခံရယူထားလိုက်ပြီး အတိုဆုံးအချိန် အတောအတွင်းမှာပဲ မြန်မြန်ဆန်ဆန်ပြန်လည်စွန့်ပစ် လွှတ်ချထားခဲ့လိုက်တာက ပိုကောင်း ပိုလှလိမ့်မယ် မဟုတ်ပါလား။ အေးဆေးပြီး ပျာယာမခတ်တဲ့သူမျိုးပဲ ကျွန်တော် ဖြစ်လိုပါတယ်။ လူတိုင်း လူတိုင်းဟာ ဆန်နဲ့ ဆန်ကွဲကိုတော့ အလွယ်တကူခွဲခြားသိမြင်နိုင်ကြမှာပဲလို့ တွေးထင်လာခဲ့မိသမျှ ဟိုတစ်လော ကလေးကမှ အဲ့ဒီအတွေးအထင်ဟာ တကယ်ပဲ မမှန်နိုင်သေးပါပဲလားလို့ သိလိုက်ရလေရဲ့။ (တချို့က ဆန်ထက် ဆန်ကွဲကို ပိုကြိုက်တတ်ကြတာပဲကိုး)။ ဒီလိုနဲ့ ခြောက်သွေ့တဲ့ သဲတရုပ်ရုပ် မှုန်မှုန်ရီရီ နှစ်ကာလတွေထဲမှာ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ လရောင်ကိုပဲ လိုက်ရှာနေခဲ့မိတော့တယ်။

(၃)

ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။ အသေးစားနာဖျားမကျန်း ဖြစ်ရမှုများကို ရှောင်လွှဲလို့ မရနိုင်တဲ့နည်းတူ ဦးခေါင်းထက်က ဆံပင်ဖြူတွေကိုလည်း ရှောင်လွှဲလို့ မရနိုင်တော့ပါ။ အား... ကျွန်တော့်အတွက် ည။ ညက ရောက်လာခဲ့ပြန်တယ်။ ကျွန်တော့်ရဲ့ အိပ်ရာနံဘေး စားပွဲခုံပုကလေးပေါ်မှာ လိမ္မော်သီးလေးတွေ ၁၀ လုံး၊ ၁၁ လုံး၊ ၁၂ လုံး။ ကျွန်တော့် အိပ်ရာခြေရင်းက အန်းတိတ် ကုလားထိုင်အိုကြီးပေါ်မှာတော့ သူ့ရဲ့ အဝတ်အစားတွေ၊ ကျွန်တော့် အိပ်ရာထဲမှာတော့ သူ ရှိနေခဲ့တာပေါ့။ ပစ္စုပ္ပန်ကာလ အချိန်ငယ်လေးတစ်ခုရဲ့ ချစ်စရာလက်ဆောင်လေးတွေပါ။ ညရဲ့ အအေးဓာတ်၊ ကျွန်တော့်ဘဝရဲ့ အနွေးဓာတ်။ ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိတယ်။

(၄)

ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။ တစ်နေ့ပြီး တစ်နေ့။ တစ်နေ့ပြီး တစ်နေ့ပါပဲ။ သေခြင်းတရားကလည်း သွားယားနေတဲ့ ခွေးပေါက်စလေးတစ်ကောင်လို သူ့ရဲ့ ချွန်ချွန်မြမြ သွားထက်ထက်ကလေးတွေနဲ့ ကျွန်တော့်ရဲ့ ခြေသန်းကလေးကို လာငုံလိုက်၊ ခြေမျက်စိကို ဆွဲခြစ်လိုက်နဲ့ပဲပေါ့။ သူ့ကို မေ့လျော့မထားရလေအောင်လို့ လာ၊ လာပြီး သတိပေးနေခဲ့တာပဲ ဖြစ်လိမ့်မယ် ထင်ရပါရဲ့။ တစ်နေ့ပြီး တစ်နေ့၊ တစ်နေ့ပြီး တစ်နေ့ပါပဲ။ အစိမ်းရောင် ပုပ်သိုးမှုများ လေထုထဲ အုံကျင်းဖွဲ့ မှိုင်းအုံ့ကာ တွဲလောင်းခို ကန့်လန့်ဖြတ် တည်တံ့ ရပ်နား အကြောသေနေခဲ့သည့်အဖြစ်ကလည်း ကြာ၊ ကြာရှည်လွန်းနေခဲ့ပါပြီ။ ဒီလိုနဲ့ တစ်နေ့ပြီး တစ်နေ့။ တစ်နေ့ပြီး တစ်နေ့။ သစ်ရွက်အကြွေများ။ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင် သစ်ရွက်အသေများ။ ထူထူထဲထဲ ပြန့်ကျဲ

လို့။ ပေါ့သွမ်းမိုက်ရိုင်းပြီး အဆင့်မရှိ အောက်တန်းကျကျ ပညာလည်း မတတ်တဲ့ လေပွေသရမ်းက တစ်ချက်တစ်ချက် လူ့တိရစ္ဆာန်ဆန်စွာ တိုးဝှေ့မွှေနှောက် အနိုင်ကျင့် ရမ်းကားသွားတတ်တဲ့အချိန်များမှာ ဖရိုဖရဲနဲ့ အပြိုပြိုအလဲလဲ လွင့်စဉ်ကြွေကျ ကျန်နေရစ်ခဲ့ကြရတာတွေ။ ဒါဟာ ဘဝတဲ့လား။ ဒါတွေဟာ ငါတို့ရဲ့ ဘဝတွေပဲတဲ့လား။ မဟုတ်ဘူးလို့ ကျွန်တော် ငြင်းမယ်။ အဲဒီလိုနဲ့ တစ်နေ့ပြီး တစ်နေ့။ နောက်တစ်နေ့ပြီး နောက်ထပ် နောက်တစ်နေ့။ အဲသည်လိုနဲ့ ၂၆ နှစ်။ ၂၆ နှစ်ပြီး နောက်ထပ် ၂၆ နှစ်။ ဒါတွေဟာ ဘဝ မဟုတ်လောက်ဘူး။ ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။

(၅)

ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။ ထွေးပြီးသား တံတွေး ပြန်မျိုချလို့ မရနိုင်သလိုမျိုး ကြွေလွင့်သွားခဲ့ပြီဖြစ်တဲ့ မျက်ရည်စများနဲ့ ငိုသံတွေကိုလည်း ပြန်လည်ရယူချင်လို့ မဖြစ်နိုင်တော့ဘူးပဲ မဟုတ်လား။ ရှိပါစေ။ ထားလိုက်ပါတော့။ မျက်နှာပြောင်မှု၊ အရှက်နည်းမှု၊ သူရဲဘောကြောင်မှု၊ အနိုင်အထက်ပြုကျင့်မှု၊ ကိုယ်ကျိုးရှာမှုသက်သက်များ၊ မြေနိမ့်ရာ လှံစိုက်မှုများ၊ ကိုယ့်တာဝန်ကိုယ် မယူမှုများ၊ မျက်နှာလွှဲ ခဲပစ် အပြုအမူများ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော အမူများ၊ ပြောင်လိမ်ပြောင်စား မုသားများ။ အိုး... နောက်ထပ် နောက်တစ်ခါ နောက်တစ်ကျော့။ မျက်နှာပြောင်တိုက်မှုများ၊ အရှက်နည်းမှုများ၊ သူရဲဘောကြောင်မှုများ၊ လုံခြုံသည့်နေရာ နေထိုင်ရင်း သတ္တိရှိပြနေမှုများ။ ရှေ့ကဖုံးရင် နောက်က ပေါ်နေမှုများ။ အနိုင်ကျင့်မှုများ။ ထပ်၍ထပ်ခါ နောက်တစ်ကျော့။ ဒါတွေအားလုံး ကျွန်တော်တို့ရဲ့ ရေထု၊ လေထု၊ မြေထုတွေထဲမှာ မသန့်စင်တဲ့ အဆိပ်ဓာတ်ငွေ့ ဒြပ်ပေါင်းတွေ

လို တစိမ့်စိမ့် ပျစ်ခဲလို့ ညစ်ထေး ကျပ်ညပ် ပိတ်ဆို့နေခဲ့တာ ကြာ... ကြာရှည်လွန်းနေခဲ့ပါပြီ ဆိုသော်လည်း ကျွန်တော်ကတော့ဖြင့် ယခုချိန်ထိတိုင်အောင် ကျင့်သားလည်း မရနိုင်သေးပါ။ ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။

(၆)

ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိပါတယ်။ မျက်လုံးအကြည့်ချင်း ဖျတ်ခနဲဆုံမိမယ်၊ ဒါမှမဟုတ် ဒိန်းခနဲ ဆောင့်မိသွားတာမျိုးလည်း ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ ပြောချင်တာက ဒီလို အကြည့်တစ်ချက်လောက်နဲ့ ဘာလုပ်လို့ ရမှာလဲ။ ဒါမှမဟုတ် ဘာမှလုပ်လို့မရဘူးလို့ ပြောချင်တာ။ ရက်စက်မှုကို ငွေရောင်ပုလဲ ရင်ထိုးတစ်ခုလို ရင်ဘတ်မှာ ချိတ်တွယ်ပြီး ထွက်ပြေးသွားခဲ့တာ။ မိုးဝေမဂ္ဂဇင်းထဲက ဗျာဆရာ အောင်ချိမ့် တစ်ခါတုန်းက ရေးခဲ့ဖူးသလို "အဲသည်လိုနဲ့ ခင်ညွှန့်ညွှန့် သိန်းကလေးဟာ ခဏကလေးပါ ကိုကိုရယ်" ဆိုပြီး ထွက်ပြေးသွားခဲ့တာ။ ကောက်ကျစ်မှုကို ထီးလိုဖွင့်ဆောင်းပြီး ထွက်ပြေးသွားခဲ့တာ။ လှည့်ဖြားမှုကို ဖိနပ်လို ချနင်းပြီး ထွက်ပြေးသွားခဲ့တာ။ လူ့တိရစ္ဆာန်အဖြစ်ကို အပြာရောင် အနွေးအင်္ကျီလေး တစ်ထည်လို ဝတ်ဆင်ပြီး ထွက်ပြေးသွားခဲ့တာ။ ဘယ်တော့မှ ငါ့ကိုမမေ့ပါနဲ့ဆိုတဲ့ စကားလုံးတွေသာ ဗွက်ထပြီး ကျန်နေရစ်ခဲ့တော့တာပဲ။ မရန်းစေ့ရောင် ထဘီလေး တစ်ထည်သာ သူ့သခင်မ ပြန်အလာကို ဖွဲ့နွဲ့နေခဲ့ရတော့တာပါပဲ။ ခုတော့လည်း အဝေးခရီးကနေ ပြန်ရောက်လာခဲ့ပြီ။ သူတော်စင် ဗယ်လင်တိုင်းနဲ့ မတွေ့ခဲ့ရဘဲ မာရ်နတ်နဲ့သာ တွေ့ခဲ့ကြရပုံပါပဲ။ နှုတ်ခမ်းသားတွေကို တင်းတင်းစေ့လို့။ ပြောလိုတာက မတတ်သာလွန်းလို့သာ အခုလို ပြန်လာခဲ့ရတာပါပေါ့လေ။ မာနမရှိလို့တော့လည်းပဲ မဟုတ်ရ

ပါဘူးဆိုတာမျိုးပေါ့။ ကမ်းခြေတစ်ခုလုံးလည်း တိတ်ဆိတ်လို့ပါပဲ။ ရုတ်တရက် ငှက်ကလေးတစ်ချက် လွင့်တက်လာ။ အင့်ခနဲ နင့်နင့်...။ ဒါပေမဲ့လည်း ချက်ချင်းပဲ လေထဲမှာ ပြန်လည် ပျောက်ကွယ်သွားခဲ့ပေါ့။ တိတ်ဆိတ်လို့ပါပဲ။ တစ်ချိန်မှာ ကျွန်တော်က မျက်မှောင်ကြုတ်လိုက်တော့ ညနေဆည်းဆာဟာ ဖြုန်းဆို မည်းမှောင်သွားလေရဲ့။ ဒါနဲ့ ခေါင်းကို တစ်ချက်လောက် ဆတ်ခနဲ ယမ်းခါလိုက်မိပြန်တော့ ပင်လယ်ထဲ မိုးခြိမ်းသံတစ်ခု ထွက်ပေါ်လာခဲ့ပြန်ပါရော။ အဲသည်မှာ သူ စပြီး ငိုတော့တာပဲ။ မျက်ရည်တွေဟာ ထစ်ထစ်ငေါ့ငေါ့ သိပ်မရှိလှဘဲနဲ့ ခပ်လွယ်လွယ် စီးဆင်းကျလာခဲ့လေတယ်။ မျက်ရည်နဲ့ ရှုံ့ရှုံးနဲ့ဆိုရင် ရှုံ့ရှုံးကမှ ညစ်ရခက်နေဦးမယ်လို့ ထင်ရတယ်။ ကမ်းခြေက ခွာပြီး ကမ်းခြေရဲ့ အဝေးဘက်ကို ကျွန်တော် လျှောက်သွားလိုက်တယ်။ ကမ်းစပ်က သစ်ပင်တွေ လေထဲ ယိမ်းနွဲ့လို့။ ပင်လယ်လေ တိုးဝှေ့နေတဲ့ အသံကြားနေရတာကိုက ကြေကွဲစရာ။ ရွှံ့ထဲမှာ နစ်နေတဲ့ အရုပ်တစ်ရုပ်လို ကျွန်တော် ခံစားနေခဲ့ရတယ်။ ငှက်တွေမှာ အတောင်ပံရှိဖို့ လိုအပ်သလို ကျွန်တော့်ဘဝမှာလည်း လရောင်ရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်က လရောင်ကို လိုက်ရှာနေခဲ့မိတယ်။

မဟောသီမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၇

❑

## သူ ကျွန်မသိသော

**- မြမြ -**

ကျွန်မ နှစ်သက်လွန်းလို့ ခဏခဏပြန်ဖတ်မိတဲ့ ဘာသာပြန်ဝတ္ထုတိုလေးတစ်ပုဒ်ရှိရဲ့။ ပထမတော့ ဖတ်တဲ့အခေါက်ရေကို ကျွန်မ မှတ်မထားမိလိုက်ပါဘူး။ ဒါပေမဲ့ နောက်နှစ်ခေါက်၊ သုံးခေါက် ပြန်ဖတ်မိလိုက်တဲ့အခါ အခေါက်ရေကို ကျွန်မ စမှတ်ထားလိုက်တော့တယ်။ ဝတ္ထုတိုလေးပေါ်မှာ ကျွန်မ စွဲလမ်းမှု အတိမ်အနက်ကို သိချင်လို့ပါပဲ။ အခေါက် ၂၀ ဖတ်ပြီးတဲ့ နောက်မှာ ကျွန်မ ဝတ္ထုတိုလေးကို ဖတ်ပြီးတာ ဘယ်နှခေါက်ရှိပြီလဲဆိုတာကို မမှတ်မိတော့ပြန်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မက အားရင် ဒီဝတ္ထုတိုလေးကို ကောက်ကောက်ဖတ်မိနေလို့ပါပဲ။ တခြားစာအုပ်တွေ၊ မဂ္ဂဇင်းတွေဖတ်ပြီးလည်း နောက်ဆုံးပိတ်အနေနဲ့ ဒီဝတ္ထုလေးကို ဖတ်တတ်တယ်။ နောက်ဆုံး ဒီဝတ္ထုတိုလေးကို ကျွန်မ ဖတ်ပြီးသွားတာ အကြိမ်တစ်ရာ ကျော်လား၊ အကြိမ်တစ်ထောင်ကျော်လားတောင် သဲသဲကွဲကွဲ စဉ်းစားလို့ မရတော့ပြန်ဘူး။ ဆိုလိုတာက ကျွန်မ ဒီဝတ္ထုလေးပေါ် ဘယ်လောက်စွဲလမ်းတယ် ဆိုတာကို ပြောချင်တာပါ။

တကယ်တော့ ဒီဝတ္ထုလေးဟာ သာမန်ဝတ္ထုတိုလေးပါပဲ။ ဘဝသရုပ်ဖော်လည်း မဟုတ်ဘူး။ ဘဝဒဿနဆိုင်ရာ ဝတ္ထုမျိုးတွေထဲမှာ

လည်း မပါဘူး။ နောက်ပြီး နိုင်ငံရေးနဲ့နွယ်တဲ့ ဝတ္ထုမျိုးလည်း မဟုတ်ပြန်ဘူး။ ရိုးရှင်းတဲ့ အချစ်ဝတ္ထုလေးတစ်ပုဒ်။ သိပ်ကို ရိုးရှင်းတဲ့ အချစ်ဝတ္ထုလေးတစ်ပုဒ်ပါပဲလေ။

ဒါပေမဲ့ စာရေးဆရာ ရေးထားတာကို ဖတ်လိုက်ရတဲ့အခါမှာ အဲဒီအချစ်ဟာ ကျွန်မအဖို့ သိပ်ကို ကြည်နူးသွားတယ်။ သိပ်ကို လွမ်းမောသွားတယ်။ သိပ်ကို ရင်ခုန်သွားတယ်။ ဝတ္ထုပြီးသွားတော့ ပင့်သက်ရှည်ရှည်ကြီးကို အကြာကြီး ချမိသွားတယ်။ အတွေးတွေလည်း ရှည်နေမိတယ်။

အင်း...အင်း...ထားပါတော့။ အခု ကျွန်မ ပြောမယ့် အကြောင်းအရာလေးက ဒီလိုအချစ်ဝတ္ထုမျိုးတော့မဟုတ်ပါဘူး။ ဒါပေမဲ့ အကြောင်းအရာပေါ်မှာ ခံစားပုံချင်းတူလိမ့်မယ်ထင်တယ်။ ကာယကံရှင်အတွက် သိပ်ကို အရေးပါ၊ သိပ်ကို ကြီးကျယ်နေတဲ့ ခံစားမှုမျိုးက ဆင်လိမ့်မယ်ထင်ပါရဲ့။ ကျွန်မ ပြောပြမယ့် ဝတ္ထုလေးကို ဖတ်ပြီးမှပဲ ရှင်းလင်းသွားလိမ့်မယ် ထင်ပါရဲ့။

ဟိုးတမြန်နေ့ကပေါ့။ တစ်နှစ်တစ်ခါ ပုံမှန်စစ်ဆေးနေကျ ဆေးစစ်ချက်အဖြေကို ဓာတ်ခွဲခန်းမှာ သွားယူတယ်။ ဆရာဝန်ကို ပြလိုက်တော့ မျက်မှောင်ကြုတ်သွားတယ်။ မကြာမီမှာပဲ ကျွန်မ ခန္ဓာကိုယ်ထဲမှာ အကျိတ်အဖုတစ်ခု ရှိနေတယ်ဆိုတာကို ဘွားဘွားကြီး သိလိုက်ရတော့တာပါပဲ။

ဆေးခန်းကပြန်လာတဲ့ ကျွန်မခြေထောက်တွေဟာ ထုထည်ကြီးမားတဲ့ သံတုံးကြီးဆွဲထားသလို လေးလံနေတယ်။ ကျွန်မခန္ဓာကိုယ်ဟာ အလိုလို မောပန်းလာနေပြီး ရုတ်ခြည်း အားကုန်ခန်းနေတယ်။ ဆေးခန်းနှင့် ခပ်လှမ်းလှမ်းရောက်လာလို့သာ ကျွန်မ ခြေလှမ်းလှမ်းနေတယ်ဆိုတာသိပေမဲ့ ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ နောက်က တိုက်လိုက်တဲ့

လေတိုက်နှုန်းအရှိန်ကြောင့် ရှေ့ကို လွင့်ထွက်လာတယ်လို့ပဲ ထင်နေတယ်။

အလာတုန်းက ကျွန်မ သွားရာလမ်းတစ်လျှောက် သိပ်ကို လှပနေတယ်လို့ ခံစားကြည်နူးခဲ့တာ၊ မိုးရေစက်တွေတင်နေတဲ့ သစ်ပင်၊ သစ်ရွက်တွေဟာ အစိမ်းရောင် ပိုတောက်တဲ့ မိုးသားကင်းစင်သွားတဲ့ ကောင်းကင်ကျယ်က ပြာလွင်လို့၊ အညစ်အကြေးတွေကို ဆေးကြောချထားလို့ အိမ်တွေကလည်း သန့်ရှင်းစင်ကြယ်လို့။

အခုတော့ သစ်ပင်တွေက စိမ်းပုပ်ပုပ်ကြီးတွေ၊ ပင်စည်နှင့်ကိုင်းဖျားကိုင်းနားတွေကလည်း မီးလောင်ထားတဲ့ သစ်ကိုင်းခြောက်ကြီးတွေ ကျနေတာပဲ။ သစ်ရွက်တွေပေါ်တင်နေတဲ့ မိုးရေစက်တွေဟာ စိန်ပွင့်တွေကနေ တစ်မုဟုတ်ချင်းကိုပဲ အဆိပ်ရည်တွေ ဖြစ်သွားတယ်။

ရေညှိစိမ်းတက်နေတဲ့ အုတ်ခင်းလမ်းရှည် မျောမျောပေါ်မှာ လျှောက်လာတဲ့ ကျွန်မဟာ စပါးအုံးမြွေကြီးတစ်ကောင်ရဲ့ အာခံတွင်းဝထဲကို လျှောက်နေတယ်လို့ ထင်နေမိတယ်။ ကျွန်မ မြင်နေကျအရာတွေဟာ အရင် ကျွန်မ မြင်တွေ့နေရတဲ့ ပုံစံတွေနဲ့မတူဘဲ လုံးဝ ခြားနားကုန်တယ်။ ဆေးသုတ်သမားတစ်ယောက်ဟာ ချက်ချင်းပဲ ကျွန်မရှေ့မှာ အမည်းရောင်သုတ်ဆေးကြီးကို သုတ်ချလိုက်သလို အားလုံးဟာ မှောင်ပိန်းပိန်းကြီး ဖြစ်သွားတယ်။

နောက်တစ်ရက်မှာ ကျွန်မဟာ အထူးကုဆရာဝန်ကြီးတစ်ယောက်ရဲ့ ဆေးခန်းဝမှာ နာရီ တော်တော်ကြာ ရပ်စောင့်နေတယ်။ ကျွန်မရောဂါနဲ့ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးဖို့ အဲဒီဆရာဝန်ကြီးထံက အကြံဉာဏ်ရယူဖို့၊ နောက်ပြီး ကျွန်မ ဘာဆက်လုပ်သင့်၊ မသင့် ဆုံးဖြတ်နိုင်ဖို့၊ အဲဒီအထူးကုကြီးရဲ့ ဆေးခန်းရှေ့မှာ ကျွန်မ ရောက်နေတယ်။

ကျွန်မရှေ့ကနေ တစ်ယောက်ပြီးတစ်ယောက် ဝင်သွားတယ်။

တစ်ယောက်ပြီးတစ်ယောက် ထွက်လာတယ်။ သူတို့မျက်နှာတွေကို သေချာစွာ လိုက်ကြည့်တယ်။ ခက်တာက အားလုံးဟာ ဝင်သွားတုန်းက လိုပဲ ပြန်ထွက်လာတော့လည်း သူတို့မျက်နှာတွေဟာ ပြောင်းလဲမသွားကြဘူး။ ကျွန်မဆိုလိုချင်တာက အနည်းငယ် တုန်လှုပ်နေတာပဲဖြစ်ဖြစ်၊ ပြုံးယောင်သမ်းလိုက်တာမျိုးဖြစ်ဖြစ် သူတို့မျက်နှာပေါ်မှာ ပေါ်လာမလားလို့ ကျွန်မ လိုက်ကြည့်နေမိတာ။ ဟင့်အင်း... ဘာမှ မပြောင်းလဲဘူး။

အဲဒီအချိန်မှာ အပြာဝတ်လေးက ကျွန်မနာမည်ကို ခေါ်လိုက်တယ်။ ကျွန်မစိတ်တွေ လှုပ်ရှားစွာနှင့် ဆင်နားရွက်တံခါးတစ်ဖက်ကို အသာတွန်းပြီး ဝင်သွားတယ်။ ဝင်လိုက်တာနဲ့ အထူးကုကြီးရဲ့ စားပွဲရှေ့ကို ရောက်တော့တာပါပဲ။ အခန်းက ကျဉ်းကျဉ်းလေးရယ်။ ဆရာဝန်ကြီးရှေ့မှာ လူနာထိုင်ဖို့ ခုံတစ်လုံး ချထားတယ်။ လူနာရဲ့အဖော်က ဘေးက မတ်တတ်ရပ်။ ကျွန်မ ခုံမှာတောင် ဝင်မထိုင်ရသေးဘူး။ ကဲ... ပြော၊ ဘာလုပ်ချင်တာလဲဆိုပြီး တန်းမေးတော့တာပါပဲ။ ကျွန်မလည်း အံ့သြလွန်းလို့ နေရာမှာတင် ကြက်သေ သေနေမိတယ်။

အခု ကျွန်မမှာ ဖြစ်နေတဲ့ရောဂါကိုတောင် စကားဟဟ မပြောရသေးဘူး။ ဘာလုပ်ချင်လဲ တန်းမေးလိုက်တော့ ကျွန်မ လန့်သွားတာပေါ့။ ကျွန်မက ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး အထူးကုဆရာဝန်ကြီးကို ကျန်းမာရေးစစ်ချက်တွေ လက်နှစ်ဖက်နှင့် တရိုတသေ လှမ်းပေးလိုက်တယ်။ သူက ကျွန်မလက်ထဲက စာရွက်တွေကို တစ်ချက်ကြည့်ရုံပဲ ကြည့်တယ်။ လှမ်းတောင် မယူပါဘူး။ ကျွန်မလည်း စာရွက်တွေကိုင်ပြီး ကြောင်နေတုန်း၊ အပြာဝတ်ကလေးက ကျွန်မလက်ထဲက စာရွက်ကို ယူလိုက်ပြီး ဆရာကြီးလက်ထဲကို ထည့်ပေးမှပဲ ဆရာကြီးကယူပြီး ဖတ်ကြည့်တော့တယ်။ ကျွန်မ လက်ထဲကနေယူရင် ရွှေဖြစ်သွားမှာ စိုးရိမ်လို့နေမှာပဲလို့ ခပ်ကြောင်ကြောင် ကျွန်မ တွေးမိလိုက်သေးတယ်။

ဆရာကြီးက လူနာလုပ်ချင်တာကို သူက လုပ်ပေးမှာဖြစ်ကြောင်း၊ လူနာက ဘာလုပ်ချင်မှန်းမသိဘဲ သူ့ဆီရောက်လာတာကို သူ့အနေဖြင့် ဘာမှ မလုပ်တတ်ကြောင်း ကျွန်မကို ပြောပါရော။ အကျိတ်အဖုဆိုတာ ဆေးသောက်လို့ ပျောက်ကင်းမှဖြင့် သူ့အနေနှင့် အချိန်ကုန်ခံပြီး ဒီစားပွဲမှာ လာထိုင်မှာမဟုတ်ကြောင်း၊ သူ့မှာလည်း သူသူငါငါလို ကိစ္စဝိစ္စတွေရှိကြောင်း လက်ဟန်ခြေဟန်နှင့် အော်ကျယ်အော်ကျယ် ပြောချပါလေရော။

ကျွန်မဆိုတာ ချက်ချင်းပဲ လိပ်ပြာလေးတစ်ကောင် ဖြစ်သွားပြီး ဒီနေရာကနေ ပျံသန်းချင်စိတ် ပေါ်လာတယ်။ နောက်ပြီး သူ့ဆီလာတဲ့ လူနာတွေအကြောင်းကိုလည်း ကျွန်မကို ပြောနေသေးလေရဲ့။ လူနာတွေဟာ ခွဲဖို့လိုရင် ခွဲပါဆရာလို့ ပြောသေးတယ်တဲ့။ နောက်ပြီး သူတို့ခွဲစိတ်ခံရမှာကို မကြောက်ကြကြောင်းလည်း ပြောသေးပြန်တယ်။ ကျွန်မကိုလည်း ခွဲစိတ်ခံရမှာ ကြောက်၊ မကြောက် မှန်မှန်ပြောလို့လည်း နှစ်ခေါက်လောက် မေးပြန်သေးတယ်။ နောက်ပြီး ကျွန်မ ကြည့်ရတာ သိပ်ကြောက်နေပုံပေါက်တယ်လို့လည်း ပြောသေးတယ်။ နောက်ပြီး သူ့လေသံကလည်း ဒေါကြီး မောကြီးနှင့်။ ကျွန်မ ကြောက်လာပြီရယ်။

မှန်ပါတယ်။ သူ့အပြောနှင့်တင် ကျွန်မ အတော်ကြောက်လန့်နေမိပါပြီ။ တော်တော်လည်း စိတ်ကုန်နေမိပါပြီ။ ကျွန်မရဲ့ သေသေချာချာ မသိရသေးတဲ့ ရောဂါကြောင့်လည်း ကျွန်မ အတော်စိတ်ဓာတ်ကျနေပါပြီ။ နောက်ဆုံးမှာတော့ ဆရာဝန်ကြီးရှေ့ကနေ ခပ်ယို့ယို့လေးထပြီး ဆေးခန်းထဲကနေ ပြန်လာခဲ့တယ်။ ကျွန်မရဲ့ကျန်းမာရေးကိစ္စကို တစ်လုံးတစ်ပါဒမျှ မပြောလိုက်တဲ့ အထူးကုကြီးရဲ့ရှေ့ကနေ ကျွန်မ ခေါင်းငုံ့ပြီး လှည့်ပြန်ခဲ့တယ်။

အဲဒီတုန်းကများဆို ကျွန်မလျှောက်နေတဲ့ ပေတရာလမ်းမကြီးဟာ

ကျွန်မခေါင်းပေါ်မှာ ရောက်နေတယ်လို့ ထင်နေရတယ်။ လူတွေကို လည်း ပြောင်းပြန်မြင်နေရတယ်။ သူတို့ဟာ ကျွန်မခေါင်းပေါ်ကနေ ဇောက်ထိုးမိုးမျှော်လျှောက်ပြီး ရယ်ရယ်မောမောနှင့် ဖြတ်သွားကြတယ်။ ကားတန်းကြီးကလည်း ကျောင်းလွှတ်ချိန်နှင့် တိုက်နေတာမို့ တအိအိနှင့် ပက်ကျိသွားသလို ကျွန်မခေါင်းပေါ်က ဖြတ်မောင်းသွားကြတယ်။ ကျွန်မဆို ဦးနှောက်တွေ ပွင့်ထွက်ကုန်ပြီး စိစိညက်ညက် ကြေသွားပြီ လားလို့ ထင်မှတ်ပြီး ကိုယ့်ခေါင်းကိုယ်ကို ရစ်ပတ်ပြီး ဝင်မွှေသွားသလို ကျွန်မခန္ဓာကိုယ်ဟာ ချာလပတ်ယမ်းနေခဲ့တယ်။

အဲဒီနေ့က တက္ကစီကားငှားစီးပြီး အိမ်ကို ပြန်လာခဲ့လား။ ဒါမှ မဟုတ် လူတွေတိုးကျပ်ညပ်သိပ်နေတဲ့ ဘတ်စ်ကားကြီးထဲမှာပဲ မျောပါ လာခဲ့လားဆိုတာ ခု ကျွန်မ ပြန်စဉ်းစားကြည့်ရင် ဝေဝေဝါးဝါးချည်းပဲ။ စိတ်နှင့်ကိုယ် လမိုင်းမကပ်ခဲ့တာကို ကျွန်မ ပြောတာပါ။

အိမ်လည်းရောက်ရော အိပ်ရာပေါ်မှာ ကျွန်မ ခွေနေတော့တာပါပဲ။ ကျွန်မစိတ်ထဲမှာ နောက်သုံးလ၊ ဒါမှမဟုတ် နောက်ခြောက်လ၊ ဒါမှ မဟုတ် နောက်တစ်နှစ်နေရင် ကျွန်မ သေရတော့မှာပါလားဆိုတဲ့ တကယ်လည်း ဖြစ်နိုင်တဲ့၊ တကယ်လည်း မဖြစ်သေးတဲ့ ကြောင်တောင် တောင် အတွေးတွေက ပေါ့သံစဉ်လို ဆူညံနေတယ်။ ဟစ်ဟော့သံစဉ်လို ပေါက်ကွဲနေတယ်။ နောက်ပြီး ဝေဒနာကို မခံချိမခံသာ ခံစားနေရတဲ့ ကျွန်မရဲ့ပုံကို မြင်ကြည့်ပြီး ကျွန်မကို တဆွေလာလာ ခြောက်ပြနေလေ ရဲ့။

ဒါပေမဲ့ ကျွန်မရဲ့မျက်ဝန်းထဲမှာ မြင်နေရတဲ့ ရုပ်ပုံကို ကျွန်မပုံလို့ သာ ပြောနေရတယ်။ ကျွန်မရဲ့ပုံလည်း မဟုတ်ဘူး။ ကျွန်မနှင့်သိတဲ့ လူတွေရဲ့ပုံလား။ ဒါလည်း မဟုတ်ပြန်ဘူး။ ကျွန်မနှင့် မသိတဲ့လူတွေ ရဲ့ပုံလား။ မဟုတ်ပြန်ဘူး။ ကျွန်မမျက်စိထဲမှာ ကျွန်မရဲ့ ပုံသဏ္ဌာန်ကို

ပြက်ပြက်ထင်ထင် မြင်ရအောင် မြင်ကြည့်တယ်။ သေသေချာချာ မြင်ကြည့်လေလေ ကျွန်မရဲ့ ပုံပန်းသဏ္ဌာန်က ဝေဝါးလာလေလေ။ ဒါပေမဲ့ အဲဒီရုပ်လုံးမပေါ်တဲ့ ကျွန်မရဲ့ပုံက နာရီ၊ မိနစ်၊ စက္ကန့်မလပ် ကျွန်မကို လာခြောက်ပြနေလေရဲ့။

အဲဒီတော့မှ ကျွန်မ မသေချင်သေးပါလား။ လောကကြီးမှာ နေချင်သေးပါလားဆိုတာ ထင်ထင်ရှားရှား သိလာရတော့တယ်။

တဟားဟား အော်ရယ်လိုက်တဲ့အသံကို ကြားလိုက်မိရင်၊ ဗလစ်ဗလစ်နှင့် ပြောနေတဲ့ စကားသံကို ကြားလိုက်မိရင် အချိန်နှင့်တွက်ပြီး တက်သုတ်ရိုက် ပိုက်ဆံရှာနေတဲ့သူတွေကို တွေ့လိုက်ရင်၊ သူတို့တွေရဲ့ အသံ၊ သူတို့တွေရဲ့ ခန္ဓာကိုယ်နောက်ကို လိုက်ပါသွားပြီး တော်တော်ကံကောင်းကြပါလားလို့ တွေးမိတယ်။ သူတို့ ကျန်းမာလို့သာ ဒီလို ရယ်နိုင်၊ ပြောနိုင်၊ ရှာဖွေနိုင်တာပါလားလို့ တွေးမိပြီး သူတို့ကို အားကျနေမိတယ်။

ဒီတော့မှ ကျန်းမာရေး ချွတ်ခြုံကျနေသူရဲ့ အားကျခြင်းဟာ ကျန်းမာခြင်းပဲဆိုတာ ကျွန်မ သဘောပေါက်မိတော့တယ်။

*

နောက်တစ်နေ့လည်းကျရော ကျွန်မဟာ အထူးကု နောက်တစ်ယောက်ရဲ့ အခန်းရှေ့က ခုံတစ်ခုံပေါ်မှာ ရောက်နေတယ်။ အထူးကုဆရာဝန်ရဲ့နာမည်ကို မြင်လိုက်တာနှင့် ကျွန်မစိတ်တွေ လှုပ်ရှားနေတယ်။ တမြန်နေ့ အထူးကု အခန်းဝရှေ့မှာရပ်ပြီး စိတ်လှုပ်ရှားနေပုံချင်းနဲ့ မတူပြန်ဘူးဆိုတာ ကျွန်မ သိနေတယ်။

သစ်သားပြားပေါ်က နာမည်သုံးလုံးကို ကျွန်မ အဖန်ဖန် အလဲလဲရွတ်နေမိတယ်။ သူ့ရဲ့ စိတ်သဘောထားကတော့ ဟိုးလွန်ခဲ့တဲ့ နှစ်

၃၀ ကျော်ကအတိုင်းပဲလားလို့ အကြိမ်ပေါင်းများစွာ တွေးမိနေတယ်။

ကျွန်မရဲ့ ကျန်းမာရေးအပေါ်မှာဖြစ်နေတဲ့ အိမ်မိုးရှင်း၊ နောက် နာရီဝက်အတွင်းမှာ သူ့ကို မြင်ရတော့မယ့် ကျွန်မရဲ့ အိမ်မိုးရှင်း။ အဲဒီ အိမ်မိုးရှင်းတွေဟာ ကျွန်မသွေးထဲမှာ ဒီရေတက်လာသလို တဝေါဝေါနှင့် ဖြစ်နေတယ်။ အိမ်မိုးရှင်းလှိုင်းတွေဟာ ဝေါဝေါဝုန်းဝုန်းနှင့်။ ကျွန်မ ခန္ဓာ ကိုယ်ထဲမှာ ဖြောင်းဆန်အောင် ရိုက်ခတ်နေတဲ့ လှိုင်းသံကြီးကို ကျွန်မ အတိုင်းသား ကြားနေရတယ်။

နောက်နာရီဝက်အကြာမှာ ကျွန်မခုံရှေ့က ဖြတ်လျှောက်သွားတဲ့ သူ့ကို မြင်လိုက်ရတော့တာပါပဲ။ အခုရှိမယ့် သူ့ပုံပန်းကို လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော်က ပုံပန်းနှင့်မှန်းပြီး ပြီးခဲ့တဲ့ နာရီဝက်က ကျွန်မ စိတ်ကူး ထဲမှာ ရေးဆွဲထားပြီးသား။ အဲဒီအတိုင်းပဲ။ ဘာမှမပြောင်းလဲဘူး။ မျက်နှာကြက်မှာ မြှုပ်ထားတဲ့ မီးချောင်းအောက်က သူ ဖြတ်သွားတော့၊ သူ့ပါးပြင်ပေါ်က အမည်းစက်လေးတွေကို ကျွန်မ သတိထားလိုက်မိ တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ တုန်းကလည်း သူ့ပါးပြင်ပေါ်မှ အမည်း စက်ကလေးတွေ ရှိတာပဲ။ ဒါပေမဲ့ အခု ပိုများလာသလားလို့ ကျွန်မ တွေးမိလိုက်တယ်။ သမားတော်ဆိုတဲ့ ဂုဏ်ဒြပ်အဆင့်အတန်းပေါ်မှာ သူ့စိတ်သဘောထားတွေ ပြောင်းကုန်ပြီလား။ ကျွန်မ သိချင်လိုက်တာ လေ။

တစ်အောင့်ကြာတော့ ကျွန်မဟာ သူ့ညာဘက်မှာချထားတဲ့ ကုလားထိုင်ပေါ် ရောက်နေတယ်။ ပထမတော့ လူနာတစ်ယောက်ကို ကြည့်လိုက်တဲ့အကြည့်နှင့် ကျွန်မကို တစ်ချက်ကြည့်တယ်။ ကြည့်ပြီးတဲ့ နောက် ကျွန်မကို စူးစူးစိုက်စိုက် ပြန်ကြည့်တယ်။ နောက်တော့ သာမန်ပဲ ကြည့်တယ်။

သူ ကျွန်မကို လုံးဝမမှတ်မိဘူးလို့ ထင်လိုက်တယ်။ နောက် သူ

မမှတ်မိချင်ယောင်ဆောင်နေတယ်လို့ ထင်လိုက်ပြန်ရော။ လိပ်ခဲတည်းလည်းတွေ ဖြစ်နေတယ်။ ကျွန်မရဲ့အဖြေတွေကလည်း သူ ကျွန်မကို မှတ်မိတယ်။ ဟင့်အင်း၊ မမှတ်မိချင်ယောင် ဆောင်နေတာ။ မဟုတ်ဘူး။ သူ ကျွန်မကို တကယ် မသိဘူး။ တစ်လှည့်စီနှင့် တွေးရစ်လို့။

အနားကပ်ပြီး မြင်ရတဲ့ သူ့မျက်နှာပေါ်မှာ ကျွန်မကို အထက်တန်းကျောင်းသားဘဝတုန်းက မြင်ရတဲ့ ပုံရိပ်တွေကသာ ဓာတ်ပုံရိုက်နေသလို တဖျပ်ဖျပ်ပေါ်လာတယ်။ လွယ်အိတ်ကြီး တကားကားနှင့် ခြေလှမ်းကျဲကျဲ ငိုက်ငိုက်စိုက်စိုက်သွားတတ်တဲ့ သူ့ပုံရိပ်၊ စာအုပ်ကို လွတ်ထွက်သွားမတတ် ငုံ့ဖတ်နေတဲ့ သူ့ပုံရိပ်၊ ပြုံးလိုက်တဲ့ သူ့ပုံရိပ်၊ လေးနက်တည်ကြည်နေတဲ့ သူ့ပုံရိပ်၊ အို... ပုံရိပ်ပေါင်းများစွာက ဖျတ်ခနဲ ဖျတ်ခနဲ။

သူဟာ ကျောင်းစာတွေကို ဖတ်နေရရင်ဖြစ်ဖြစ်၊ သူနှစ်သက်တဲ့ စာအုပ်စာပေတွေကို ဖတ်နေရင်ဖြစ်ဖြစ်၊ သူ့ heart beat က တအားခုန်နေတယ်ဆိုတာကို ကျွန်မ ပကတိစိတ်က အလိုလို သိနေတတ်တယ်။ သူ့မျက်နှာပေါ်က အာရုံစူးစိုက်မှု၊ စိတ်အားထက်သန်မှုနှင့် စိတ်ကြည်လင်အေးချမ်းမှုတွေကို ကျွန်မ မြင်ရလို့ပါပဲ။ ကျွန်မကတော့ ကျောင်းစာများဖတ်ရရင် heart beat က တအားနှေးနှေးသွားလို့ ကိုယ့်ကိုယ်ကိုယ် သေသွားပြီးလားလို့ ထင်ယောင်ပြီး အသက်ပြင်းပြင်း ခဏခဏ ပြန်ရှူနေရတဲ့အဖြစ်။

သူ့ရဲ့ ကောင်းသတင်းတွေက တစ်ဆင့်စကား တစ်ဆင့်နားနှင့် ကျွန်မဆီ ရောက်လာတတ်တယ်။ ကျွန်မဟာ သူ့ကို စိတ်ထဲမှာ ရင်းရင်းနှီးနှီး အကျွမ်းတဝင်တွေ ဖြစ်နေတယ်။

သူငယ်ချင်းတွေကြားက ရှည်ရှည်ကိုင်းကိုင်း သူ့အရုပ်က ကျွန်မစက်ကွင်းထဲမှာ ထင်းခနဲပဲ။ သူ့ကိုမြင်လိုက်ရင် ကျွန်မရဲ့ ကျောင်းသားစိတ်ဟာ နိုးကြားလာတတ်တယ်။ အနည်းဆုံးတော့ စာကျက်မပျင်းရ

ဘူးတို့၊ ဘာတို့ပေါ့။ ကျွန်မတို့ မြီးကောင်ပေါက်အရွယ်မှာ တွေ့ရတတ်တဲ့ လောင်တတ်၊ ပြောင်တတ်တဲ့ လူငယ်အကျင့်တွေက သူ့မှာ အားနည်းနေတာကို ကျွန်မ သတိထားမိတယ်။

သူက တည်တယ်။ ဒါပေမဲ့ မျက်နှာကြောတင်းတာလည်း မဟုတ်ဘူး။ သူ ပြုံးလိုက်ရင် နှစ်လိုဖွယ်ကောင်းတယ်။ တစ်မျိုးပဲလေ။ ဒါပေမဲ့ သူက ရုပ်အဆင်းလှတဲ့သူတွေထဲမှာ မပါဘူး။ မျက်နှာမှာ ယင်ချေးဉတွေတောင် ရှိလိုက်သေး။ ဟင့်အင်း သူ ရုပ်မဆိုးပါဘူး။ ကျွန်မ သိပ်မပြောတတ်တော့ဘူးရယ်။

အဲဒီတုန်းက 'နှလုံးလှ ဆရာဝန်' ထဲက ဒေါက်တာ နော်မန်ဗက်သွန်းတို့ 'သူ' ဝတ္ထုကြီးထဲက ဆရာဝန် ကိုမြင့်မောင်တို့ကို ကျွန်မက ကျိတ်အားကျနေခဲ့တာလေ။ ၁၅၊ ၁၆ နှစ်အရွယ်ရဲ့ စိတ်ကူးယဉ်အိပ်မက်တွေထဲမှာ အဲဒီဇာတ်ကောင်တွေရဲ့စရိုက်တွေက အတော်လွှမ်းမိုးနေခဲ့တယ်။

တစ်ခါတစ်ခါ လူတွေကြားထဲမှာ ကွင်းခနဲ၊ ကွက်ခနဲ မြင်လိုက်ရတဲ့အခါ ကျွန်မစိတ်အတွင်းက သူ့နာမည်ကို ကျိတ်ရွတ်နေရင်း သူ့လိုတော်အောင်၊ နာမည်ကောင်းရှိနေအောင် ဘယ်လို ကိုယ့်ကို ထိန်းကျောင်းပြုပြင်နေရမလဲဆိုတာကို အတွေးနှင့် စူးစမ်းနေမိတယ်။

ဒါပေမဲ့ ကျွန်မနဲ့ သူက တစ်ရပ်ကွက်တည်းနေပေမဲ့ လုံးဝ မသိခဲ့တဲ့ သူနှစ်ယောက်။ မျက်နှာချင်း ရင်ဆိုင်တိုးခဲ့ရင်တောင် အကြိမ်ကိုမှတ်ထားနိုင်တဲ့ အနေအထားမှာ ရှိတယ်။ ကျွန်မနဲ့ သူက ကျောင်းချင်းလည်း မတူသလို၊ ကျူရှင်ချိန်တွေလည်း တခြားစီ။ အဝေးကနေ သူ့ကိုရိပ်ခနဲ မြင်လိုက်ရတာမျိုး။ သူများ ဦးခေါင်းထက် ထိုးထွင်းနေတဲ့ သူ့ဦးခေါင်းထိပ်ပိုင်းကို တစ်စိတ်တစ်ပိုင်း မြင်လိုက်ရတာမျိုး။ ဒါလောက်ပဲရှိမယ် ထင်တယ်။

တစ်ခါမှာတော့ လမ်းလျှောက်ရင်း စာရှင်းပြသွားတဲ့ သူ့အသံကို ကျွန်မ ကံကောင်းထောက်မစွာ ကြားလိုက်ရတယ်။ သူ့အသံက တိုးတိုး ညင်းညင်းလေးရယ်။ ဒါပေမဲ့ ကျွန်မနားကပါးတော့ သူပြောပြနေတာ တွေကို ဖမ်းမိတယ်။ ဖားပြုပ်ရဲ့ အစာလမ်းကြောင်းကို လမ်းသွားရင်း သူ ရှင်းပြသွားတာရယ်။ သူ့အသံက နူးညံ့တယ်။ ဒါပေမဲ့ ခွန်အားရှိ တယ်။ ပျော့ပျောင်းတယ်။ ဒါပေမဲ့ လေးနက်တယ်။ သိမ်မွေ့တယ်။ ဒါပေမဲ့ တည်ကြည်တယ်။

"ဘာလုပ်လဲ"

ရုတ်တရက်ကြားလိုက်တဲ့အသံကြောင့် ကျွန်မ ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားတယ်။ သူ မေးလိုက်တဲ့အသံက တိုးတိုးဖွဖွရယ်။ ညင်ညင် သာသာလေးရယ်။ သူ့အသံ တောင့်မနေဘူး။ ဆောင့်မနေဘူး။ ကျွန်မ ကိုယ်တိုင် လှမ်းပေးလိုက်တဲ့ ဓာတ်ခွဲခန်းစစ်ချက် တွေကို ဖတ်ကြည့်ပြီး ကျွန်မရဲ့ ဆေးမှတ်တမ်းစာအုပ်ကို စဖွင့်လိုက်ချိန်မှာ သူ့ထံက စကားသံ ပေါ်ထွက်လာတယ်။ သူ ကျွန်မကို မှတ်မိနေသလား။ သူ ခေါင်းကို ငုံ့ထားတဲ့အတွက် သူ့မျက်ဝန်းကို ကျွန်မ ဂဃနဏ ဖတ်လို့မရပြန်ဘူး။ သူမေးလိုက်တဲ့မေးခွန်းပေါ်မှာပဲ သူ ကျွန်မကို မှတ်မိတယ်ဆိုတာ သေချာ စေပြန်တယ်။ ဒါပေမဲ့ ရောဂါဇာစ်မြစ်ကို ရှာဖို့လိုအပ်လို့ သူမေးတာ လည်း ဖြစ်နိုင်တယ်ဆိုတဲ့ အတွေးလည်း ဝင်လာရော သူ ကျွန်မကို လုံးဝမမှတ်မိပါလားလို့ ထင်လိုက်ပြန်ရော။

သူက ကျွန်မကို မေးခွန်း နှစ်ခု၊ သုံးခုလောက်လည်း မေးပြီးရော သူ့ထံက လုံးဝမျှော်လင့်မထားတဲ့ စကားတစ်ခွန်း ထွက်လာတယ်။ ကျွန်မ လုံးဝမျှော်လင့်မထားခဲ့တဲ့ စကားပါ။

"စာရေးဆရာတွေက ဆရာဝန်တွေ မကောင်းချည်းပဲ ရေးနေကြ တယ်။ ကောင်းတာလေးတွေလည်း ရေးပေးပါဦး"

စာရွက်ပေါ် ငေးစိုက်ကြည့်ရင်း သူ့နှုတ်ခမ်းက ထွက်လာတဲ့အသံ ဟာ နူးညံ့ပျော့ပျောင်းနေတယ်။ မေတ္တာရပ်ခံသံရယ်၊ အုံ့ဩမှင်တက်ရင်း သူ့အသံအောက်မှာ ကျွန်မ နှုတ်ဆိတ်ငြိုးနေမိတယ်။ တစ်ဆက်တည်း တမြန်နေ့က ကျွန်မ တွေ့လိုက်ရတဲ့ အထူးကုကြီးကိုလည်း ကျွန်မ မြင်ယောင်မိနေလေရဲ့။ နောက်ပြီး ကလောင်တစ်ချောင်းကိုင်ထားပြီး ကိုယ်နှင့် စိတ်မတွေ့တိုင်း ရေးနေကြမယ်ဆိုရင်တော့ ဒါဟာ အတော် စိတ်မကောင်းစရာပဲလို့လည်း ကျွန်မ ဆက်တွေးနေမိသေးတယ်။

နောက်ပြီး ကျွန်မဖတ်ဖူးတဲ့ 'အဖြူရောင် သစ္စာပန်းတစ်ပွင့်' ဘာသာပြန်ဝတ္ထုကြီးထဲက ဒေါက်တာခရစ်ရဲ့ စကားတွေကိုလည်း ပြန်ကြားယောင်နေမိလေရဲ့။ ဆရာဝန်တွေဟာ ခြောက်လှန့်တတ်သူတွေ မဟုတ်ဘူး။ ခြောက်လှန့်တတ်သူတွေဟာလည်း ဆရာဝန် မဖြစ်နိုင်ဘူး ဆိုတဲ့စကားက ကျွန်မနားထဲ ပဲ့တင်ရိုက်နေတယ်။

နောက်ပြီး ဆေးပညာကို နားမလည်တဲ့လူတွေက ဘယ်လောက်ပဲ အသိဉာဏ်ရှိတယ်ပြောပြော၊ ဘယ်လောက်ပဲ ရှင်းပြရှင်းပြ နောက်ဆုံး ကျတော့ တလွဲတချော်ကို အဓိပ္ပာယ်ကောက်ယူတတ်တယ်ဆိုတဲ့ ဒေါက်တာခရစ်ရဲ့ သဘောထားကိုလည်း ကျွန်မ တွေးနေမိလေရဲ့။ ဆရာဝန်နဲ့ လူနာကြားက အဖုအထစ် ကလေးတွေကို ကျွန်မနည်းနှင့် ကျွန်မ ရှာကြည့်တယ်။ ဆန်းစစ်ကြည့်တယ်။ မြင်ကြည့်တယ်။

ထားပါတော့လေ။ ကျွန်မပြောမယ့် ဇာတ်လမ်းကို ဆက်လိုက်ပါ ဦးမယ်။

"စိတ်တိုတတ်လား"

တိုးတိုးဖွဖွ သူ့မေးခွန်းအောက်မှာ ကျွန်မ ဒေါက်တာနော်မန်ကို သတိရသွားတယ်။ ဆရာဝန် ကိုမြင့်မောင်ကို တမ်းတမိတယ်။ တစ်ချိန် တုန်းက ကျွန်မရဲ့ ideal တွေကို ကျွန်မ သတိရလိုက်တယ်။ တစ်ချိန်

က သူ့ရဲ့ အနေအထိုင်တွေ၊ သူ့ရဲ့ ပြောပုံဆိုပုံတွေ၊ သူ့ရဲ့ ပြုမူပုံတွေက ကျွန်မရဲ့မျက်လုံးတွေကို သူ့ဆီ တွန်းပို့စေခဲ့တယ်။ မြင်လိုက်တာနှင့် သူ့ကို စောင့်ကြည့်စေခဲ့တယ်။

"သာမန်ထက် ပိုစိတ်တိုတတ်လား"

ကျွန်မထံမှ ဘာတစ်ခွန်းမှ ထွက်မလာတော့ သူက လေသံအနည်းငယ်မြှင့်ပြီး မေးလိုက်တယ်။ အဲဒီတော့မှ ကျွန်မဟာ သမားတော်တစ်ယောက်ရဲ့ရှေ့မှာ ထိုင်နေမှန်း သတိပြန်ဝင်လာတော့တယ်။

ကျွန်မရဲ့ ပင်ကိုရေးဝတ္ထုရှည် A4 နှင့် ၁၇ မျက်နှာရေးထားတဲ့ ဝတ္ထုတစ်ပုဒ်ကို မဂ္ဂဇင်းတစ်စောင်က ဝတ္ထုတိုအနေဖြင့် ထည့်ပြီး စာမူခငွေ အရွက်ကြီး အစိမ်းသုံးရွက်ပေးခဲ့တုန်းကတောင် ကျွန်မ စိတ်မတိုခဲ့တာ။ စာဖတ်ပရိသတ်တွေက ရှည်ရင် သိပ်မဖတ်ကြဘူးတဲ့။ အတိုခေတ်တဲ့။ ကျွန်မကို ပြောလိုက်တဲ့ စာပေလောကသားတစ်ယောက်ရဲ့ စကားကို ပြန်ကြားယောင်တိုင်း ကျွန်မမှာ ရှည်သွားတဲ့စာရွက်တွေကို ဆုတ်ဆုတ်ဖြဲနေရပေမဲ့ ကျွန်မ စိတ်မတိုပေါင်။

နောက်ပြီး ဧည့်ခံပွဲတစ်ခုမှာ အခုခေတ်ရေးကြတဲ့ ဝတ္ထုတွေက တိုတိုလေးတွေတဲ့။ နှစ်မျက်နှာအထက်ဆို ဝတ္ထုတစ်ပုဒ်ပြီးသွားရောတဲ့။ ဇာတ်လမ်းတွေကလည်း ထပ်နေပါပြီတဲ့လို့ ကျွန်မကိုပြောလိုက်တဲ့ အင်တာဗျူး ဆရာမလေးရဲ့ စကားကိုကြားတုန်းကလည်း ကျွန်မ စိတ်မတိုခဲ့ဘူးလေ။

အဲဒီတော့ ကျွန်မ ခေါင်းခါယမ်းရင်း "ဟင့်အင်း" လို့ သူ့ကို အဖြေပေးလိုက်တယ်။ သူက တစ်ချက်ရယ်လိုက်ရင်း "ဒေါသကြီးသလား" လို့ မေးပြန်တယ်။

တချို့တိုက်တွေကဆို ကျွန်မရဲ့ အရေးအသားတွေဟာ ရိုးလွန်းတယ်ဆိုပြီးပယ်။ ဆန်းပြားထွေလာ မဟုတ်လို့ပယ်။ အကြောင်းအရာ

ပါးတယ်ဆိုပြီးပယ်။ နေ့စဉ်ပြောနေကျ သမားရိုးကျ အသုံးအနှုန်းတွေ ဆိုပြီး ပယ်... ပယ်... ပယ်။ အဲဒီလိုမျိုး ကြုံခဲ့ရတာတောင် ကျွန်မ ဒေါသမထွက်ဘူးလေ။

"ဟင့်အင်း" လို့ ကျွန်မ ဖြေလိုက်တယ်။

"အလိုလိုနေရင်း မောနေတတ်လား"

ကျွန်မဆို မဂ္ဂဇင်းတိုက်တွေကို တစ်တိုက်ဝင်၊ တစ်တိုက်ထွက်နှင့် ကျွန်မစာမူတွေ မပါမချင်း သွားပို့နေကျလေ။ ခြေလှမ်းပေါင်း ထောင်ချီ၊ သောင်းချီလျှောက်၊ လှေကားထစ်ပေါင်း ထောင်ချီ၊ သောင်းချီ အတက် အဆင်း လုပ်နေတာတောင် ကျွန်မ မမောဘူး။ ကျွန်မတို့လို အတောင် အလက် ထွက်ပြူလာခါစ စာရေးသူတွေအဖို့ တစ်နှစ်လုံးမှာ ဝတ္ထုပုဒ်ရေ သုံးလေး ငါးပုဒ် ပါလာရင်ပဲ ဝမ်းသာစရာကောင်းလှတယ်ဆိုတဲ့ စကား ကြားတုန်းကတောင် ကျွန်မ မမောသွားဘူး ဆိုတော့ အလိုလိုနေရင်း မမောတာ သေချာပြီပေါ့။

အဲဒီတော့ ကျွန်မ မချိပြုံးနှင့် "ဟင့်အင်း"လို့ ပြောလိုက်တယ်။ သူက ကျွန်မရဲ့ ဆေးမှတ်တမ်းစာအုပ်ထဲက အင်္ဂလိပ်လို အတိုကောက် ရေးထားတဲ့ စာလုံးတွေရဲ့ ဘေးနားမှာ အနုတ်လက္ခဏာတွေ ရေးခြစ် လိုက်တယ်။

"အင်း... ထူးတော့ ထူးဆန်းနေပြီ"လို့ သူ ပြောတယ်။ သူ့အသံက ရယ်သံစွက်နေတယ်။

အဲဒီအချိန်မှာ ကျွန်မဟာ 'အောင်စာဖတ်ခန်း' လေးကို ချက်ချင်း သတိရလိုက်တယ်။ အဲဒီတုန်းက ကျွန်မတို့ရပ်ကွက်ထဲက ဦးလေး အောင်ဟာ သူ့အိမ်ရဲ့ ကားဂိုဒေါင်ဟောင်းလေးထဲမှာ စာဖတ်ခန်းလေး တစ်ခု လုပ်ပေးထားတယ်။ သူက လူငယ်တွေ စာလာဖတ်ရင် သိပ်ကျေ နပ်တာ။ ပြုံးနေတာပဲ။ စာအုပ်ငှားပြီး ပြန်လာမပေးရင်လည်း ပြုံးပြုံးပဲ။

စာအုပ်ငှားသွားတယ် ဆိုကတည်းက စာဖတ်ချင်လို့ပဲတဲ့။ အဲဒီလို စာဖတ်ချင်တာလေးရှိတာကိုပဲ စာဖတ်ခန်းလေး ဖွင့်ရကျိုးနပ်တယ်တဲ့။ ဦးလေးအောင် အဲဒီလိုပြောတတ်တယ်။ စာဖတ်ခန်းထဲက စာအုပ်တွေကို ဦးလေးအောင်နှင့်အတူ မျက်စိဖွင့်ပေး ကုသိုလ်ပြုနေတာက သူဆိုတာကို ကျွန်မ သိလိုက်ရတော့ အတော်အံ့အားသင့်သွားတယ်။ ၁၅၊ ၁၆ နှစ်ကောင်လေးတစ်ယောက်ရဲ့ ရင်ခုန်သံတွေကို အောင်စာဖတ်ခန်းထဲမှာ ကျွန်မ ကြားခဲ့ရတယ်။

တစ်နေ့မှာပေါ့...

"ရော့... ဦးလေးအောင်၊ စာအုပ်တွေ ကျွန်တော် ထပ်ဝယ်ခဲ့တယ်။ အရင်စာအုပ်တွေက ကိုင်ဖန်များလို့ စာရွက်တွေ ပြုတ်ထွက်နေပြီ"

"ဟား... ဒါပါနဲ့ဆို ဒီဖတ်ခန်းလေးအတွက် ကိုရင် ဝယ်ပေးတာ ငါးအုပ်ရှိနေပြီ။ မုန့်ဖိုးတွေ အတော် ပွန်းကုန်ပြီနဲ့ တူတယ်"

စာအုပ်ရွေးနေတဲ့ ကျွန်မဘေးနားက ပေါ်ထွက်လာတဲ့ တိုးတိုးညင်းညင်းအသံကြောင့် ကျွန်မ ဖျတ်ခနဲလှည့်ကြည့်လိုက်တယ်။ ဦးလေးအောင်ကို စာအုပ် လှမ်းပေးရင်း ကျွန်မကို တစ်ချက်လှမ်းကြည့်လိုက်တဲ့ သူဟာ ကျွန်မလက်ထဲကိုင်ထားတဲ့ စာအုပ်နှစ်အုပ်အနက်မှ တစ်အုပ်အပေါ်မှာ အကြည့်တန့်သွားတယ်။ နောက် အဲဒီစာအုပ်ကို လက်ညှိုးထိုးပြရင်း "ဒီစာအုပ် တော်တော်ကောင်းတယ် ဖတ်" လို့ ကျွန်မကို တိုတိုနဲ့ တိုးတိုးပြောတယ်။ "နှလုံးလှဆရာဝန်ကို ကျွန်မ နောက်တစ်ခေါက် ထပ်ဖတ်မလို့" ပြောလိုက်တော့ သူ ပြုံးပြီး ကျွန်မကို စိုက်ကြည့်နေတယ်။ နှစ်လိုဖွယ်အပြုံးမျိုး။ သူ့အကြည့်က တစ်မျိုးပဲ။ အသိရခက်တဲ့ အကြည့်လို့ ကျွန်မ ထင်တယ်။

အဲဒါ သူနှင့်ကျွန်မ ပထမဦးဆုံး စကားပြောဖူးလိုက်တာပဲ။ ပြီးတော့ နောက်ဆုံးအကြိမ်လည်း ဖြစ်ခဲ့တယ်။ ဦးလေးအောင်ရဲ့ စာဖတ်

ခန်းလေးဟာ လူငယ်တွေများလာတယ်။ မကြာပါဘူး။ အောင်စာဖတ်ခန်းလေး ပိတ်သွားရတယ်။ အခု ပြန်တွေးကြည့် အဲဒီစာဖတ်ခန်းလေးကို ကျွန်မ လွမ်းနေတုန်း၊ အောင်စာဖတ်ခန်းမှာ မျက်နှာချင်းဆိုင် တစ်ကြိမ်တည်း သူနှင့် စကားပြောခဲ့ရတာလည်း ကျွန်မအဖို့ ထူးဆန်းနေတာပေါ့နော်။

"ဟုတ်တယ်၊ ထူးဆန်းနေတယ်"

ကျွန်မနှုတ်က လွှတ်ခနဲထွက်သွားတဲ့စကားကြောင့် စတဲ့ သိုစကုပ်နှင့် ကျွန်မ နလုံးခုန်သံကို နားထောင်တော့မယ့်သူဟာ မျက်မှောင်အနည်းငယ်တွန့်ပြီး ခါးမတ်သွားတယ်။ နောက်တော့ တဖြည်းဖြည်းပြုံးယောင်သမ်းသွားတယ်။ မဟုတ်ဘူး။ သူ ပြုံးလိုက်တာပဲ။ နှစ်လိုဖွယ်အပြုံးမျိုး။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က အောင်စာဖတ်ခန်းထဲမှာ ပြုံးတဲ့အပြုံးမျိုးနဲ့ ကျွန်မကို ငေးကြည့်နေတယ်။

အဲဒီအတောအတွင်းမှာ ကျွန်မဘာသာ သတိမထားမိလိုက်တဲ့စကားတစ်ခွန်း လွှတ်ခနဲ ထွက်သွားတယ်။

"ဪ... ဒေါက်တာနော်မန်ကို သတိရလိုက်လို့ပါ"လို့ ကျွန်မက လေသံကိုနှိမ့်ပြီး ပြောလိုက်တော့ သူ့မျက်ခုံး အနည်းငယ်ပင့်သွားတယ်။ နောက်တော့ သူ နှစ်နှစ်ကာကာကြီး ပြုံးနေတယ်။ ကျွန်မ မှန်းဆရခက်တဲ့ အကြည့်နဲ့ ကျွန်မကို မိန့်မိန့်ကြီး ပြုံးပြီး ကြည့်နေလေရဲ့။

တစ်စက္ကန့်မျှကြာတော့ ကျွန်မ လုံးဝမျှော်လင့်မထားတဲ့ စကားတစ်ခွန်း သူ့ထံက ထွက်ပေါ်လာတယ်။ စကားတစ်လုံးချင်း အသံခပ်တိုးတိုးဖြင့် ပြောလိုက်တဲ့အသံက လေးနက်နေတယ်။ နူးညံ့နေတယ်။

"ဒေါက်တာနော်မန်က ကျွန်တော့်ရဲ့ ဆရာဝန်စိတ်ဓာတ်ကို အုတ်မြစ်ချပေးခဲ့တာပဲဗျာ။ အောင်စာဖတ်ခန်းထဲမှာပေါ့"

ကျွန်မလေ ကိုယ့်နားကိုယ်တောင် ကိုယ်မယုံနိုင်ဘူး။ သူ ကျွန်မကို

မှတ်မိတယ်ဆိုတာ ကျိန်းသေသွားပြီလေ။ သူလည်း တိတ်နေတယ်။ အောင်စာဖတ်ခန်းထဲ လွင့်မျောသွားနေလား။ ကျွန်မလည်း တိတ်နေတယ်။ လေအေးစက်က ခပ်တိုးတိုးထွက်ပေါ်နေတဲ့ တဒီဒီအသံက ကျွန်မတို့နှစ်ယောက်ရဲ့ တိတ်ဆိတ်မှုအောက်ကနေ ဟိန်းထွက်နေတယ်။

ကျွန်မ ငယ်စဉ်က ideal က ပဲ့ထွက်မသွားပါလားလို့ ရင်ထဲမှာ ကြည်နူးပီတိဖြစ်မှုတွေ တဖွားဖွား ဖြစ်လာတယ်။

တချို့က ဒါလေးပြရုံဖြင့် ကျွန်မရဲ့ ideal က မပီပြင်ဘူးလို့ အပြစ်ဆိုကောင်း ဆိုလိမ့်မယ်။ ဒါပေမဲ့ သူနဲ့ ပြောရင်းဆိုရင်း သိလာရတဲ့ အချက်ကလေးတွေကို ဟိုတစ်စ၊ သည်တစ်စ ကားချပ်ဆက်သလို ဆက်ကြည့်တော့ သူ့ရုပ်လုံးက တဖြည်းဖြည်း ကြွလာတယ်လေ။

ငွေကြေးအတွက် အထူးကုဆေးခန်းမှာ ထိုင်နေပေမဲ့ တစ်ဖက်ကလည်း ပရဟိတလုပ်ငန်းတွေမှာ ငွေကြေးအားဖြင့်ရော၊ ပညာအား၊ လူအားဖြင့်ပါ ပါဝင်နေတဲ့ သူ့ရဲ့လုပ်ဆောင်ချက် အစအပိုင်းလေးတွေကို ကျွန်မ ဆက်စပ်ကြည့်ပြီး မြင်ခဲ့ရတယ်။

အဲဒီနေ့က အပြန်လမ်းမှာ ကျွန်မခြေထောက်တွေ ပေါ့ပါးသွက်လက်နေတယ်။ ကျွန်မခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ရောဂါတစ်ဝက်ဟာ သူနှင့်တွေ့လိုက်လို့ ယူပစ်လိုက်သလို ပျောက်သွားတယ်လို့တောင် ထင်နေမိလေရဲ့။

ဝင်းလဲ့တောက်ပတဲ့ နေခြည်အောက်မှာ ငှက်ကလေးတွေ တွန်ကျူးနေတာမျိုး၊ ပန်းပွင့်လေးတွေပေါ် ရောင်စုံလိပ်ပြာလေးတွေ မြူးနေတာမျိုး၊ သစ်ရွက်ပေါ်က ရွက်ကြောမျှင်ကလေးတွေပေါ် နေရောင်အထိလူးခနဲ ဖြစ်သွားတာမျိုးလိုပဲ သူနှင့်တွေ့လိုက်ရတဲ့ ကျွန်မ တစ်ကိုယ်လုံးလည်း ကြည်နူးပီတိတွေက ဖျန်းဖျန်းထနေခဲ့တယ်။

မိုးရေစက်တွေ တဖြန်းဖြန်း ရွာချနေတဲ့ ထီးအမိုးအောက်က

လှမ်းနေတဲ့ ကျွန်မရဲ့ ခြေလှမ်းတွေထဲကို စိတ်ညစ်ညူးမှုတွေ၊ လူမသိ သူမသိ ခိုဝင်လို့မရအောင် အဲဒီနေ့က ကျွန်မရဲ့ အိမ်အပြန် ခြေလှမ်းတွေ က ပေါ့ပါးခိုင်မြဲနေခဲ့တယ်။

ကျွန်မရဲ့ကျန်းမာရေးနဲ့အတူ ယှဉ်တွဲဖြစ်ပေါ်လာတဲ့ စိတ်ညစ်ညူး နောက်ကျိမှုတွေဟာ မိုးရေစက်တွေနဲ့အတူ ကျွန်မ ခန္ဓာကိုယ်ထဲကနေ ဆင်းသွားနေလေရဲ့။

မြန်မာသစ်မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၀

❑